
www.burmeseclassic.com
မိတ်ဆွေစာပေ
အောင်မြင်သူတို့၏
ရွှေစကားများ
BURMESE CLASSIC
သတိုးနွယ်
ဒုတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၁၅ ဧပြီ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ချယ်ရီမေ (အင်းစိန်)
အတွင်းဖလင် - ADORN၊ ၀၉-၄၅၀၀၁၇၃၃၂
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၄၀၀၄)
ဇင်ရတနာစာပေ
၂၈၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆- လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

နေ့သစ် ၃၉၈.၂
အောင်မြင်သူတို့၏ဇွဲစကားများ(နေ့သစ်)
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၂၁၀-စာ၊ ၁၂ x ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်သူတို့၏

BURMESE CLASSIC

# ရွှေစကားများ

သတိုးနွယ်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- အမှာစကား
- စကားပြောတတ်ပါစေ ၁၀
- အပြောကောင်းတိုအားကိုးပါ ၁၂
- အထင်မသေးပါနဲ့ ၁၅
- စကားဘယ်လိုပြောရမလဲ ၁၆
- သတိပြုပါ ၁၈
- လူ့ဘဝမှာ အရေးအကြီးဆုံးအရာ ၁၉
- ခက်ခဲမှု ၂၀
- ဖန်၊ မြေ၊ ကြွေ၊ ကော်၊ ကြောက် ဘုန်းမတောက်၊ သံ၊ သွပ်၊ ဆန်၊ ခဲ၊ ကြီး ဘုန်းမကြီး ၂၂
- ဖန်သီးတစ်လုံး ၂၅
- ပြန်တောင်းတဲ့အချိန်မှာ ပေးနိုင်ဖို့အဓိကပါ ၂၆
- Professional ဆိုတာ ၂၇
- အခါကောင်း ၂၉
- အရှုံးနှင့်အနိုင် ၃၀
- စုဆောင်းခြင်းနှင့်စုပေါင်းခြင်း ၃၂
- လေ့ကျင့်ခန်း ၃၆
- ဒေါသအတိုနည်းပါးအောင်လုပ်နည်းများ ၄၀


www.burmeseclassic.com

www.burmeseclassic.com


- အကြံတူ ၄၂
- လူ့အားမာန် ၄၃
- ပူးပေါင်းဆောင်ရွက်ခြင်း ၄၅
- Professional ရဲ့ဆောင်ရွက်ချက် ၄၆
- ကောင်းကင်တစ်ဝက်ပိုင်သူများ ၄၇
- လမ်းသစ်ထွင်သူ ၄၈
- ခွင့်လွှတ်တယ်ဆိုတာ ၅၆
- မှန်မှန်လုပ်ပါ ၅၇
- ကြီးပွားချမ်းသာကြောင်းတရား ၅၉
- အားနာခြင်း ၆၁
- အမှားဝန်ခံတာ ရှက်စရာမဟုတ်ဘူး ၆၃
- သူဌေးဖြစ်စေတဲ့ အညည်အချင်းများ ၆၅
- ဆန့်ကျင်ဘက် သတိပြုစရာများ ၆၇
- စည်းကမ်းဆိုတာ ၆၉
- ပညာ ၇၂
- မိတ်ဆွေများချင်ပါက ၇၄
- ကိုယ့်အလုပ်ကိုယ်လုပ် ၇၅
- အဆုံးအမ ၇၈
- အရှက်နှင့်အကြောက် ၇၉
- ဖန်ဆင်းရှင် ၈၀


www.burmeseclassic.com

www.burmeseclassic.com


- စိတ်ဓာတ်ခွန်အား ၇၂
- တန်ဖိုးစွမ်းအား ၇၅
- ဖော်သူနှင့်ကောင်းသူ ၇၆
- စိတ်ဓာတ် ၇၉
- အောင်မြင်ချင်ပါက ၉၁
- အောင်ရည်ဟူသော စိတ်ဓာတ်ဖြင့်လုပ်ဆောင်ပါ ၉၂
- ကိုယ့်အားကိုယ်ကိုး ၉၆
- ကိုယ်ကျင့်တရား ၉၇
- အချိန်အခါ ၁၀၀
- သည်းခံပါ ၁၀၁
- အတွေးသစ်ဆောင်များ ၁၀၆
- ခွန်အားနဲ့ အနိုင်ဒမရှုံး ၁၀၈
- အောင်မြင်မှု ဥပဒေသုံးခု ၁၁၃
- ကိုယ့်ရှိရှိ သူများကိုပေးပါ ၁၁၄
- ဘာသာရေးနှင့်ကိုယ်ကျင့်တရား ၁၁၆
- အခွင့်အလမ်း ၁၁၇
- အောင်မြင်မှုဆိုတာ ၁၂၀
- လုပ်သင့်တာနှင့်လုပ်ရမှာ ၁၂၁
- စိတ်ထုံးချိုး ၁၂၅
- ပညာဆိုတာ ၁၂၆


www.burmeseclassic.com

www.burmeseclassic.com


➡ လူနှင့်တိရစ္ဆာန် ၁၂၈

➡ ကြီးပွားချမ်းသာရေးနှင့်ဘဝအဆင့်အတန်း
မြင့်မားရေးနည်းလမ်းများ ၁၂၉

➡ ကြီးစားမှုနှင့် အောင်မြင်မှု ၁၃၇

➡ နှလုံးသားမကွဲပါစေနှင့် ၁၃၈

➡ အကြီးအကဲနှင့် မှုသား ၁၄၁

➡ အငြိတာနုက်ပေါ်မှ အောင်မြင်မှုအဆိုအမိန့်များ ၁၄၂

➡ အချိန်နဲ့အောင်မြင်မှု ၁၄၆

➡ လူမိုက်နဲ့အောင်မြင်မှု ၁၄၈

➡ ဘယ်အဆင့်ရောက်နေသလဲ ၁၅၇

➡ ဘာစာကို ဖတ်သင့်ပါသလဲ ၁၅၈

➡ အကောင်းမြင်သဘောထား ၁၆၁

➡ ကြီးပွားခြင်း၊ မကြီးပွားခြင်း ၁၆၄

➡ ခွဲခြားဝေဖန်ပါစေ ၁၆၅

➡ နှုတ်ဆက်ခြင်း ၁၆၇

➡ အလုပ်ဆိုတာနံပိုး ၁၆၉

➡ ခေါင်းဆောင်ကောင်းဆိုတာ ၁၇၂

➡ တားဆေးနည်းကောင်း ၁၇၄

➡ အလုပ်ရှင်နှင့်ခေါင်းဆောင် ၁၇၇

➡ ပန်းတိုင်သွားဥဒေသများ ၁၇၈


www.burmeseclassic.com

www.burmeseclassic.com


- ကိုယ့်ကိုယ်ကို ယုံကြည်ပါ ၁၈၀
- အောင်မြင်မှုကို လိုလားသူအတွက်
  သိထားသင့်တာများ ၁၈၄
- စိတ်ချမ်းသာမှု ၁၈၇
- ရက်ရောဗ ၁၈၉
- စကားကြီးသုံးခွန်း ၁၉၀
- ဘာပဲလုပ်လုပ် အကောင်းဆုံးလုပ် ၁၉၁
- ဘာတွေပဲရှုံးရှုံး နာမည်တစ်လုံး မရှုံးစေနဲ့ ၁၉၂
- ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့
  အချိန်တန် ဟန်ကျတယ် ၁၉၃
- အလုပ်ပိုမလုပ်ပါနဲ့ ၁၉၄
- လူမှုဆက်ဆံရေးနည်းလမ်းများ ၁၉၅
- အဆင်ပြေစေဖို့ ဆိုတာက ၁၉၇
- လူ့အရည်အသွေး မြင့်မားစေချင်ပါက ၁၉၉
- လူငယ်နှင့်စာရိတ္တပညာ ၂၀၀
- တစ်ယောက်တည်း ၂၀၅
- လူငယ်နှင့်အချိန် ၂၀၆
- စာအုပ်ပညာရှိစကား ၂၀၈
- ဘောလုံးပွဲပုံပြင် ၂၀၉


www.burmeseclassic.com

www.burmeseclassic.com

## အမှာစကား

(၁)

၂၀၁၄ ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ကမ္ဘာ့စီးပွားရေးနှင့် ပတ်သက်ပြီးတော့ ထူးခြားသော သုတေသနလေးတစ်ခု ထွက်လာပါတယ်။

အဲဒါကတော့။

ကမ္ဘာပေါ်က အချမ်းသာဆုံးလူတစ်ရာ၏ ချမ်းသာမှုနှင့် အဆင်းရဲဆုံး လူသန်းနှစ်နှထောင်ကျော်၏ ပိုင်ဆိုင်မှုကို နှိုင်းယှဉ်တဲ့အခါမှာ လူတစ်ရာရဲ့ ပိုင်ဆိုင်မှုက ပိုများနေတယ်ဆိုတာပါပဲ။

နောက်ထပ် အကြောင်းအရာတစ်ခု ရှိသေးတယ်။

မြန်မာ့ရုပ်ရှင်အနုပညာတည်းတူသော ကျော်ကြားမှုနှင့် ပတ်သက်သော နယ်ပယ်မှာကျင်လည်တဲ့ လူဦးရေဟာ ငါးထောင်ဝန်းကျင်မျှသာရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့ လူဦးရေက သန်းငါးဆယ်ကျော်။

ဒီငါးထောင်ဝန်းကျင်ဆိုတာ ဇာတ်ပို့၊ ဇာတ်ရုံ၊ စက်သမားစသည်အားလုံးကိုပါ သတ်မှတ်လိုက်တာပါ။ တကယ်တမ်း ပရိသတ်အားပေးတဲ့ ထင်ရှားကျော်ကြားတဲ့ ထိပ်တန်းမင်းသား မင်းသမီးဆိုတာ တစ်နိုင်ငံလုံးအတိုင်းအတာမှာ အယောက်သုံးဆယ်မျှပါဘူး။

www.burmeseclassic.com



မြော်ချင်တာက

အောင်မြင်တဲ့သူဆိုတာ လူနည်းစုပါ။

(၂)

လူအများကြီးထဲမှာမှ အနည်းငယ်သော လူတစ်စုဟာ ဘာကြောင့် အောင်မြင်ကြတာလဲ ?

သူတို့ဟာ လူတကာထက်ပိုပြီး ကံကောင်းပါသလား ?

အခွင့်အရေးကောင်းတွေဟာ သူတို့ဆီပဲ ရောက်သွားပါသလား ?

(၃)

ဘယ်သူ တစ်ဦးတစ်ယောက်မဆို ထင်ရှားကျော်ကြားလာရင် သူ့ကို ကံကောင်းသူဟု အများကမြင်ကြပါတယ်။

တကယ်တမ်းအားဖြင့် သူ ဒီလိုဘဝမျိုးရောက်အောင် ဘယ်လောက်ထိ ကြိုးစားရုန်းကန်ခဲ့ရတယ်ဆိုတာကို (များသောအားဖြင့်) မြင်လေ့မရှိပါဘူး။

ဥပမာအားဖြင့်

ရေကန်ထဲမှာ ကူးခတ်နေတဲ့ ဘဲလေးတစ်ကောင်လိုပါ။ သာမန်အားဖြင့်ကြည့်ရင်တော့ သူဟာ ရေပေါ်မှာ အသာအယာ



www.burmeseclassic.com

www.burmeseclassic.com



တော့တာစားနေသလို ရပ်နေသလိုပါပဲ။ ရေအောက်မှာတော့ ဘူ ခြေထောက်နှစ်ချောင်းဟာ မရပ်မနား ကူးခတ်နေရတာပါ။

ဒီလိုပါပဲ ...

အောင်မြင်တဲ့သူတွေဆိုတာဟာလည်း အဲဒီအနေအထား ရောက်အောင် အများကြီး ကြိုးစားခဲ့ကြရပါတယ်။

ဒီအချက်ကို အောင်မြင်ချင်သူတိုင်း သတိပြုသင့်ပါတယ်။

(၄)

အောင်မြင်ချင်သူတွေကို အထောက်အကူပြုစေဖို့ ဒီ စာအုပ်လေးကို စီစဉ်လိုက်တာပါ။

ဒီစာအုပ်ထဲက စာတွေဟာ မိမိရေးသားထားတဲ့ စာတွေ မဟုတ်ပါဘူး။ မိမိဖတ်ထားခဲ့သမျှ စာတွေထဲက အောင်မြင်ချင်သူ တွေအတွက် အထောက်အကူပြုစေနိုင်သောစာတွေကို ပေးတာပါ။

သင့်ဘဝအတွက် အထောက်အကူပြု မပြုဆိုတာ

ဖတ်ကြည့်ရုံနဲ့ မသိသာပါဘူး ...။

လက်တွေ့ကျင့်သုံးဖြစ်မှ သိသာမှာပါ ...။

[illegible]

([illegible])

၂၀၁၇

www.burmeseclassic.com



# စကားပြောတတ်ပါစေ

လူတိုင်း လူတိုင်းဟာ နေ့စဉ် နေ့တိုင်း စကားတွေကို ပြောနေကြရပါတယ်။ လူသားတွေကို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဆက်ဆံမှုပြုဖို့ အဓိကကြားခံပေးတာက စကားလုံးတွေပါ။

ဒီတော့

စကားပြောတတ်သူဟာ၊ အောင်မြင်ကြီးပွားဖို့ ဖြစ်နိုင်ချေများပြီး၊ စကားမပြောတတ်သူကတော့ အောင်မြင်ကြီးပွားဖို့ ဖြစ်နိုင်ချေနည်းပါတယ်။ ရိုးရိုးလေးပဲ စဉ်းစားကြည့်။ မိမိကို သူတစ်ပါးက မိုက်မိုက်ရိုင်းရိုင်းလာပြောရင် မိမိစိတ်ထဲမှာ ဘယ်လို ခံစားရမလဲ?

www.burmeseclassic.com

www.burmeseclassic.com



မိမိက သူတစ်ပါးကို မိုက်မိုက်ရိုင်းရိုင်း သွားပြောရင် သူ ဘယ်လိုတုံ့ပြန်မလဲ?

စကားပြောကောင်းခြင်းဟာ အောင်မြင်မှုရဲ့အခြေခံ အစိတ်အပိုင်းတစ်ခုပါ။ ဒါကြောင့် ... မြတ်စွာဘုရားရှင်က

'ပြောသင့်တဲ့အချိန်မှာ ပြောသင့်တဲ့ စကားကိုဆိုပါ ...

မမှန်စကားကို မပြောနဲ့ ...

အကျိုးရှိမှ ပြောပါ' တဲ့ ...။

(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကောင်းကို အားကိုးပါ

လူဆိုတာ

မသင်ဘဲ ဘာမှမတတ်ဘူး ...

ဆရာမပြဘဲ ဘာမှ နည်းမှန်လမ်းမှန် မတတ်မြောက်နိုင်ပါဘူး။ အသင်, အမြင်, အကြားမပါဘဲ ဘယ်ပုထုဇဉ်မှ အသိဉာဏ်မတိုးတက်နိုင်ဘူး။ ဘဝတန်ဖိုး နိမ့်ကျနေမယ်။

သင်ဆရာ, မြင်ဆရာ, ကြားဆရာတို့ရဲ့ နည်းညွှန်လမ်းပြမှု ရရှိမှ အသိမှန် ဉာဏ်ပွင့်ဖြိုးလို့ လူ့စွမ်းအားတိုးတက်ပြီး၊ လူ့တန်ဖိုး မြင့်မားနိုင်ပါတယ်။ တန်ဖိုးမဲ့အဆင့်ကနေပြီး၊ တန်ဖိုးမြင့်အဆင့် ရောက်အောင် မြှင့်တင်ပေးတဲ့ဆရာများရဲ့ကျေးဇူးဟာ အထူး ကြီးမား များပြားလှပါတယ်။

ဆရာကောင်းဆိုတာ

စာပေနှံ့စပ်ကျွမ်းကျင်တယ်။

အကြားအမြင် ဗဟုသုတကြွယ်ဝတယ်။ အများနားလည် အောင် သင်ပြပေးလိုတဲ့ ဝါသနာအထုံအားကြီးလို့ အထူးစိတ်ပါ ဝင်စားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးလိုလား၊ မေတ္တာထားလို့ စေတနာထက်သန်တယ်။ ကိုယ်ကျိုးစွန့်သွာ အနစ်နာခံနိုင်တယ်။

ကိုယ်ရဖို့ထက်၊ သူများပေးဖို့သာ အားသန်နေတတ်တယ်။ ပြီးတော့ ဆရာမြတ်က မေတ္တာနဲ့ အရိပ်ပေးပြီး၊ စည်းကမ်းနဲ့ အလှဆင်ပေးတယ်။ နည်းကောင်းလမ်းမှန် ဝင်ရောက်နိုင်အောင် တံခါးဖွင့်ပေးတယ်။ တပည့်ကို မတိမ်းစောင်းအောင် ထိန်းကျောင်းပေးတယ်။ မတုံ့၊ မရပ်၊ မချော်ရအောင် အချိန်မီ အလုပ်ပြီးအောင် ပန်းတိုင်မရောက်မချင်း တွန်းအားပေးတယ်။ လမ်းမမှားရအောင် ညွှန်ကြားပေးတယ်။ ပညာနဲ့ ထည်ဝါအောင် ဂုဏ်ကျက်သရေ အဆင့်ဆင့် တင်ပေးတယ်။

ဆရာကောင်းဟာ တပည့်ကောင်းရဲ့အထိန်း၊ တွန်းအား လမ်းညွှန်ကောင်းဖြစ်တယ်။ တပည့်ကိုယ်တိုင် သတိနဲ့ထိန်းတတ်ဖို့ ဝီရိယနဲ့ ကိုယ့်ဟာကိုယ် တွန်းတတ်ဖို့၊ ပညာနဲ့ ကိုယ့်ဟာကိုယ် သုံးသပ်ဆုံးဖြတ်တတ်ဖို့ ဆရာက အားလုံး လမ်းညွှန် သွန်သင် ပေးပါတယ်။

ဆရာကောင်းဟာ တပည့်များကို မေတ္တာတရားနဲ့ စောင့်ရှောက်တယ်။ မေတ္တာလွှမ်းခြုံပေးတယ်။ မေတ္တာဓါတ် ငွေ့ဆတ် စိမ့်ဝင်စေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကရုဏာတရားနဲ့ သနားကြင်နာစာနာစိတ်ထားပြီး၊ ယုယု ယယ ဖေးမကူညီစောင့်ရှောက်ပေးတယ်။

တကာယ်ကြိုးစားလို့ တကာယ်တော်လာ ကောင်းလာရင် မုဒိတာတရားနဲ့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူချီးမွမ်းထောက်ပေးတယ်။

တကာယ်အရည်အချင်းပြည့်စုံသွားလျှင် [illegible] မဆိုက်တော့ဘဲ ဥပေက္ခာနဲ့ အေးမြစွာ လျစ်လျူရှုလိုက်တယ်။ မတော်၊ မတောင်း တိမ်းစောင်းသွားလို့ အပြစ်ရှိလာရင်လည်း [illegible]ကံနဲ့ သူ့ပဲမို့ ဥပေက္ခာနဲ့ အေးမြစွာ ပြစ်ဒဏ်ပေးတယ်။ လက်လွှတ်လိုက်တယ်။

ဆရာကောင်း ဆရာမြတ်နဲ့ တကာယ်တွေ ဆိုဆုံးမရတဲ့ တပည့် ကောင်းပုဂ္ဂိုလ်ဟာ၊ ပစ္စုပ္ပန်တစ်ဘဝတင်မကဘူး၊ သံသရာတစ်ခွင် နိဗ္ဗာန်ရောက်သည်အထိ အစောင့်အရှောက်ကောင်း၊ ဓါတ်ကောင်း၊ အလေ့အကျင့်ကောင်းများ ဆုံနေအောင် ရရှိတတ်စမြဲပါ။

(ယောဆရာတော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အထင်မသေးပါနှင့်

"အကုသိုလ်သည် အသေးလေးသာဖြစ်သည်။ မကောင်းကျိုးပေးမည် မဟုတ်ဟူ၍ မထီမဲ့မြင် မပြုရာ။ ဥပမာအားဖြင့်- သေးငယ်သော မိုးရေပေါက်သည် တစ်ပေါက်စီကျခြင်းဖြင့် ရေအိုးကြီး ပြည့်သကဲ့သို့ လူမိုက်သည် မကောင်းမှုကို နည်းနည်းစီပြုရင်းဖြင့် အပါယ်လေးပါးကျအောင် အကုသိုလ်ဖြင့်ပြည့်၏"

(ဓမ္မပဒ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# စကားအသယ်ဆိုပြောရမလဲ

ရဟန်းတို့၊ ပုဂ္ဂိုလ်ကိုထောက်ဆပြီးလျှင် ငါးဦးသောပုဂ္ဂိုလ်တို့အား ပြောကြားအပ်သောစကားသည် ကောင်းသော စကားပင်ဖြစ်သော်လည်း မကောင်းသောစကားဖြစ်တတ်၏။

အဘယ်ငါးဦးတို့နည်းဟူမူကား ...

၁။ ရဟန်းတို့ ... သဒ္ဓါတရားခေါင်းပါးသော ပုဂ္ဂိုလ်၏အထံဝယ် သဒ္ဓါတရားနှင့်စပ်သောစကားကို ပြောကြားခြင်းသည်လည်း မကောင်းသဖြင့် မပြောကြားအပ်သောစကားဖြစ်တော့၏။

၂။ သီလမရှိသော ပုဂ္ဂိုလ်၏အထံ၌ သီလနှင့်စပ်သောစကားသည်လည်း မကောင်းသော စကားပင်ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



၃။ ဗဟုသုတနည်းပါးသော ပုဂ္ဂိုလ်၏အထံ၌ ဗဟုသုတနှင့် စပ်သောစကားသည်လည်း မကောင်းသော အကြားရ ခက်သော အကြားရတာပ်သော စကားပင်ဖြစ်တော့၏။

၄။ ဝန်တိုစေးနှဲသော ပုဂ္ဂိုလ်၏အထံ၌ စွန့်ကြဲခြင်းနှင့် ပတ်သက်သောစကားသည်လည်း မကောင်းသော စကားပင်ဖြစ်တော့၏။

၅။ ပညာမဲ့သော ပုဂ္ဂိုလ်၏အထံ၌ ပညာနှင့်စပ်သောစကား သည်လည်း မကောင်းသောစကားပင်ဖြစ်တော့၏။

*(အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ်)*

* * *

www.burmeseclassic.com

www.burmeseclassic.com



# သတိပြုပါ

ကိုယ်က မှန်တယ်။

တစ်ဖက်က မှားတယ်။

ကိုယ်က မှန်တယ်လို့ ကိုယ့်ပတ်ဝန်းကျင်ကလည်း လက်ခံတယ်။

ကိုယ့်နှလုံးသားနဲ့ လိပ်ပြာက နိုင်မာတယ်။

ဒါပေမယ့် တစ်ဖက်က အမှားမှာ အမှန်တကယ် ရှိနေတယ် ဆိုတာ မမေ့ပါနဲ့။

(ပါရမီ)

* * *



www.burmeseclassic.com

www.burmeseclassic.com



# လူ့ဘဝမှာ
# အရေးအကြီးဆုံးအရာ

လူ့ဘဝတွင် အရေးအကြီးဆုံးအရာမှာ ကိုယ်ကျင့်တရားဖြစ်၏။

ကိုယ်ကျင့်တရား မကောင်းသောသူသည် နိုင်ငံတော်၏ ဆူးပြောင့်ခလုတ်ဖြစ်၏။ ပြည်သူတို့၏ ဘေးရန်အန္တရာယ်ဖြစ်၏။

ကမ္ဘာပေါ်တွင် အကောင်းဆုံးကိုယ်ကျင့်တရားမှာ ငါးပါးသီလဖြစ်၏။ ငါးပါးသီလ စောင့်ထိန်းခြင်းသည် မတရားမှုကို ရှောင်ကြဉ်၍ တရားမျှတမှုကို လုပ်ဆောင်ခြင်းဖြစ်၏။ ကိုယ်အပြုအမူနှင့် နှုတ်အပြောအဆိုတို့ကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်းဖြစ်၏။

ယဉ်ကျေးမှုဆိုသည်မှာလည်း ကိုယ်နှုတ်၊ အမူအရာတို့ကို အပြစ်ကင်းပြီး ယဉ်ကျေးသိမ်မွေ့ခြင်းကို ဆိုလို၏။ ကိုယ်နှုတ် ယဉ်ကျေးမှ စိတ်ပါယဉ်ကျေးနိုင်သည်။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး ယဉ်ကျေးသူမှ အယဉ်ကျေးဆုံးပုဂ္ဂိုလ်ပင်ဖြစ်တော့သည်။

တရားမျှတမှုသည် မြင့်မြတ်၏။

မတရားမှုသည် ယုတ်ညံ့၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇ္ဇကို ရှောင်၍ တရားမှုကိုဆောင်ခြင်းသည် မိမိကို မြင့်မြတ်အောင် ပြုခြင်းဖြစ်သည်။

သီလဂုဏ်သည် အမြတ်ဆုံးဂုဏ်ဖြစ်၏။

သီလကုသိုလ်သည် အမြတ်ဆုံးကုသိုလ်ဖြစ်၏။

သီလသည် ကုသိုလ်အားလုံးတွင် အခြေခံအုတ်မြစ်ဖြစ်၏။ သီလပေါ်ရပ်တည်၍ ဒါနပြုလျှင်၊ ဘာဝနာပွားလျှင် ပို၍ အကျိုးကြီးမား၏။

သီလသည် အလှပဆုံးအဆင်တန်ဆာဖြစ်၏။

သီလသည် အမွှေးကြိုင်ဆုံး ပန်းရနံ့ထက် ပို၍သင်းပျံ့၏။

စန္ဒကူးအနံ့၊ ခေါင်ရမ်းပန်းအနံ့၊ ကြာညိုပန်းအနံ့၊ မြတ်လေးပန်းအနံ့ အစရှိသော ပန်းရနံ့အမျိုးမျိုးတို့ထက် သီလရနံ့သည်သာ အတုမရှိ မြတ်လှပေ၏။

ပန်းရနံ့သည် လေညာသို့မသွား။

သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။

သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့ကြိုင်လှိုင်၏။

(ဒေါက်တာမင်းတင်မွန်)

* * *



www.burmeseclassic.com

www.burmeseclassic.com



# ခက်ခဲမှု

မရသေးသော ဂုဏ်ထူး ဝိသေသတို့ကို
ရရှိအောင် လုပ်ဆောင်ရခြင်းမှာ မခဲယဉ်း။
ရရှိပြီးသော
ဂုဏ်ထူးဝိသေသတို့ကို
ထိန်းသိမ်းစောင့်ရှောက်ရခြင်းသည်သာ ခက်ခဲသည်။

(အရှင်မဟာဗုဒ္ဓဃောသ)

* * *

www.burmeseclassic.com

www.burmeseclassic.com



ဖန်၊ မြေ၊ ကြွေ၊ ကော်၊ ကြေးထည် ဘုန်းမတော်တော်၊
ဒံ၊ သွပ်၊ စာနို၊ ဆီ၊ ကြေး ဘုန်းမကြီး

ဖန်ဆိုတာက

ဖန်တီးလုပ်ကြံပြီး ပြောတဲ့စကားမျိုး။

မြေဆိုတာက

မြေခံရလောက်အောင် ကျိန်တွယ်ပြောတဲ့စကားမျိုး။

ကြွေဆိုတာက

အထိမခံ ကြွေပန်းကန်ဆိုသလို ခတ်ခတ်ထိမခံ ရှုတ်ခမ်းတလန် ပန်းတံလန်စကားမျိုး။

ကော်ဆိုတာက

ကော်ကပ်ပြီး ငုံ့စကား သွားရစကားမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ဆိုတာက

ကြောက်ကန် ကန်ပြီး၊ နှုတ်လုံထိုး ပြောခဲ့စကားမျိုး၊ ဒီစကားမျိုးတွေ မပြောမိစေနဲ့၊ ဘယ်တော့မှ ဘုန်းမကြီး ကံ မကောင်းဘူး။

သံဆိုတာ

တစ်ယူသန်၊ တဇောက်ကန်း၊ ကပ်သီးကပ်ဖဲ့ ပြောတဲ့ စကားမျိုး။

သွပ်ဆိုတာ

ပေါ့သွပ်သွပ် ရှုးနှမ်းနှမ်း ပေါက်ပန်းလေးဆယ် ပြောတဲ့ စကားမျိုး။

မာန်ဆိုတာက

စောင်မာန်အံခဲပြီး၊ မထီမဲ့မြင်ပြောတဲ့စကားမျိုး။

ကြီးဆိုတာက

ဘဝင်မြင့် မာန်မာနကြီးပြီးပြောတဲ့စကားမျိုး။

ဒီစကားမျိုးတွေ ရှောင်ရမယ်။

မှတ်သားလိုက်နာ ဆောင်ထားရမှာက

ဆော်သာ၍ ငွေစင်ဟာ အဖိုးမှန် တန်ဖိုးရှိသလို သန့်စင်တဲ့ သီဟိုဠ်ရွှေစင်တာလည်း အဖိုးတန်တယ်။ ဒါကြောင့် ကောင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



မှန်တန်တဲ့ စကားမျိုး၊ သန့်စင် ဟုတ်မှန်အကျိုးဖြစ်စေတဲ့ စကားမျိုးပြော။

စကားပြောတဲ့အခါ ချိုချိုသာသာနဲ့

လေးစားလေးနက်နက်ပြော။

မှန်မှန်တည့်တည့်ပြော ဒီမှ အဆိုတန်မယ်။

(ရှုတင်ဆောင် ဆရာတော်ကြီး)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပန်းသီးတစ်လုံး

"တကယ်လို့ ခင်ဗျားမှာရှိတဲ့ ပန်းသီးတစ်လုံးနဲ့ ကျွန်တော့်မှာရှိတဲ့ ပန်းသီးတစ်လုံးကို လဲလိုက်မယ်ဆိုရင် ခင်ဗျားလည်း ပန်းသီးတစ်လုံးအစားရပြီး ကျွန်တော်လည်း ပန်းသီးတစ်လုံး ဆက်ပိုင်မြဲပါ။

ဒါပေမယ့်

ခင်ဗျားမှာရှိတဲ့ အကြံဉာဏ်ကောင်းတစ်ခုနဲ့ ကျွန်တော့်မှာရှိတဲ့ အကြံဉာဏ်ကောင်းတစ်ခုကို လဲလှယ်လိုက်မယ်ဆိုရင်တော့ ခင်ဗျားနဲ့ ကျွန်တော်‧ နှစ်ယောက်စလုံးမှာ အကြံကောင်းဉာဏ်ကောင်း နှစ်ခုစီ ရှိသွားကြမှာ ဖြစ်တယ်"

နီမင်းဆွေ

ပန်းသီးတစ်လုံးဆောင်းပါးမှ

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပြန်တောင်းတဲ့အချိန်မှာ ပေးနိုင်ဖို့အဓိကပါ

ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ မကောင်းတဲ့အလေ့အထ တစ်ခုရှိတယ်။

အဲဒါက

ကိုယ့်မှာ ညြဇာအာဏာရှိပြီဆိုရင် သိပ်ပြချင်တော့တာပဲ။

စိတ်ကြီးဝင်္ဂါး လူတွေကိုလည်း သိစေချင်တတ်ကြတယ်။

တချို့ဆို အောက်ခြေပါ လွတ်သွားကြတယ်။

ဒါဟာ

တကယ်တော့ သနားစရာ ရောဂါတစ်မျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တည်ကြည်နိုင်ခန့်သူတွေမှာတော့ အဲဒီလို မဖြစ်ကြပါဘူး။ အခြေအနေတွေကို ဉာဏ်နဲ့ဆင်ခြင်ပြီး၊ ထိန်းသိမ်း အကျိုးဆောင် သွားတတ်ကြပါတယ်။

'အင်ဒရူးယောင်းဆိုတဲ့ ပုဂ္ဂိုလ်က ဒါကို ထောက်ပြထား ပါတယ်။ သတိပြုစရာပါ။

"Inqluence is like a saving account.

The Less you use it, the more you've got"

ဩဇာအာဏာဆိုတာ

ငွေစုစာအုပ်နဲ့ တူတယ်ဗျ

နည်းနည်းပဲသုံးလေ များများရလေပဲ။

ဆွေလင်း(အောင်မြေ)

လမ်းပြပေးသော မီးပြတိုက်များမှ

* * *

www.burmeseclassic.com

www.burmeseclassic.com



# Professional ဆိုတာ

၁။ စွမ်းဆောင်ရည်ရှိသူ လုပ်နိုင်ကိုင်နိုင်သူ ဖြစ်ရမည်။
၂။ ယုံကြည်အားကိုးထိုက်သူ ဖြစ်ရမည်။
၃။ ရိုးသားရမည်။
၄။ သိက္ခာ၊ သမာဓိကို ထိန်းသိမ်းနိုင်ရမည်။
၅။ တစ်ဖက်သားကို လေးစားရမည်။
၆။ မိမိရဲ့အရည်အသွေးကို အမြဲတိုးမြှင့်အောင် ကြိုးစားရမည်။
၇။ အကောင်းကို အမြဲကြည့်တတ်ရမည်။
၈။ တစ်ဖက်သားကို ကူညီတတ်ရမည်။
၉။ အလုပ်အပေါ်မှာ အာရုံအပြည့်ရှိရမည်။
၁၀။ တစ်ဖက်သားစကားကို နားထောင်ရမည်။

*ဒါမောကွာ ဒေါက်တာအောင်ထွန်းသက်*

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခါကောင်း

မအောင်မြင်တဲ့လူတချို့ များသောအားဖြင့် ပြောလေ့ရှိတဲ့ အကြောင်းပြချက်တစ်ခု ရှိပါတယ်။ အဲဒါကတော့ 'ကိုယ့်အလှည့် မကျသေးလို့ပါ' ဆိုတာပဲ ဖြစ်ပါတယ်။

သို့သော်

ကိုယ့်အလှည့်ဆိုတာ ဘယ်တော့လဲ?

ဒါက စဉ်းစားစရာပါ။

ဒီထက်ပိုပြီးတော့ အခြေခံကျတဲ့ အချက်အလက် တစ်ခုကတော့ ကိုယ်ဘယ်တော့ အောင်မြင်မယ်ဆိုတာ အခုဘာလုပ်နေ သလဲဆိုတဲ့ အပေါ်မှာသာ အဓိကကျတာပါ။

ပြောရလျှင်

အခွင့်အခါကောင်းဆိုတာ

စောင့်ယူရတာ မဟုတ်ပါဘူး။

လုပ်ပြီး ယူရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သီတဂူဆရာတော်ကြီးက
Do not miss this Pleasant very moment
အခါကောင်းသည်
ယခုအခါ ဖြစ်၏။
ဤအခွင့်ကောင်းကို လက်မလွှတ်သင့်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အရှုံးနှင့်အနိုင်

Learning to be a gracious loser is important as being a gracious winner.

သိက္ခာရှိရှိ

အရှုံးခံတတ်အောင် လေ့ကျင့်ဖို့ကိစ္စဟာ

သိက္ခာရှိရှိ

အနိုင်ယူတတ်အောင် လေ့ကျင့်တာနဲ့ အတူတူလောက်ပဲ အရေးကြီးတယ်။

(အာနိုလ်ပါမား)

ကမ္ဘာကျော် ဂေါက်သီးသမား

* * *

www.burmeseclassic.com

www.burmeseclassic.com



# စုဆောင်းခြင်းနှင့်စုပေါင်းခြင်း

၁၉ ရာစုအစပိုင်းမှ ၁၉၅၀-ပြည့်နှစ် အချိန်ကာလအတွင်း ထိုင်းနိုင်ငံသို့ တရုတ်လူမျိုးတစ်သန်းကျော် ရေလမ်းခရီးမှ ဝင်ရောက်လာခဲ့ကြသည်။ ထိုင်းဘုရင်က သူ၏နိုင်ငံအတွက် အလုပ်သမားများ လိုအပ်သည့်အလျောက် တရုတ်တို့ကို လက်ခံပြီး နေထိုင်ခွင့်ပြုခဲ့ခြင်းဖြစ်၏။

ဝင်ရောက်လာသူတို့မှာ 'ခေါင်းအုံးနှင့် ဖျာဝးစ်ချုပ်သာ'ပါလာသော လူဆင်းရဲများဖြစ်ကြ၏။

လူတို့သည် ကူလီအဖြစ် စတင်အသက်မွေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းကြီးစွာ ရှာဖွေရရှိသော ဝင်ငွေကို တတ်နိုင်သမျှ စုဆောင်းကြ၏။ မကြာမီ ချေးဆိုင်ငယ်များ (သို့မဟုတ်) အရောင်း အဝယ်လုပ်ငန်းများကို စတင်လုပ်ကိုင်လာကြ၏။

၁၉ ရာစု အလယ်ပိုင်းတွင် တရုတ်ကုန်သည်ပေါက်စများက ထိုင်းနိုင်ငံ ချောင်းရိုးအနှံ့ ထိုးဖောက်ကုန်သွယ်နေကြသည်ကို တွေ့မြင်နိုင်၏။ နောက်ထပ် တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက် လာသော တရုတ်လူမျိုးများသည် ထိုင်းနိုင်ငံသို့ ခြေချမိသည်နှင့် ကိုက်တစ်ရာခန့် အတွင်း၌ပင် သူတို့၏ ဆွေမျိုးနွယ်များကို တွေ့မြင် နိုင်ကြ၏။

ထိုင်းလူမျိုးများက လယ်ယာစိုက်ပျိုးရေးကိုသာ စိတ်ဝင် စားပြီး မြို့ပြဒေသများသို့ မပြောင်းရွှေ့လိုကြပေ။ ဘန်ကောက် မြို့သည် ထိုင်းမှုမဟုတ်မျိုးနွယ်များ၊ တရုတ်ကုန်သည်များနှင့် ကူလီများ ကြီးစိုးရာနေရာ ဖြစ်ခဲ့၏။ ထိုင်းတို့က ကျေးရွာမှာနေ၍ တရုတ် များက မြို့ပြကို လွှမ်းမိုးထား၏။

၁၉ ရာစုနှောင်းပိုင်းကာလတွင် ထိုင်းနိုင်ငံ အာဏာပိုင်များ သည် အရေအတွက် တိုးပွားများပြားလာရုံမျှမက ကြွယ်ဝချမ်းသာ လာတုန်ကြသည့် တရုတ်လူမျိုးများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်

www.burmeseclassic.com



ဖြစ်လာပြီး၊ တရုတ်တို့အပေါ် နည်းမျိုးစုံဖြင့် ဖိနှိပ်မှုများ ပြုလုပ်လာ၏။

ထိုအခါမှ

၁၉၁၁-ခုနှစ်တွင် တရုတ်ခေါင်းဆောင်များက အထွေထွေသပိတ်ကို လှုံ့ဆော်ဆင်နွှဲခဲ့ရာ ဘန်ကောက်မြို့ကြီး၏ ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများ ငါးရက်ကြာ ရပ်ဆိုင်းသွားရာ ထိုင်းအစိုးရက သပိတ်ခေါင်းဆောင်များကို မောင်းထုတ်ခဲ့၏။

ထိုစဉ်က ထိုင်းဘုရင်ရာမ(၆)က တရုတ်လူမျိုးများကို 'အရှေ့တိုင်းမှဂျူးများ' (Jews of the orient)ဟု မှတ်တမ်းတစ်စောင်တွင် ရေးသားခဲ့သည်။

'ငွေကြေး လုယက်ယူငင်သူများ၊ သစ္စာတရား ခေါင်းပါးသူများ၊ ကုသိုလ်ကံ အကြောင်းမလှသော သားကောင်များ၏ သွေးကို ခြောက်သွေ့ကုန်ခန်းသည်အထိ တပြည်ပြည်းစုပ်ယူသူများ' ဟူ၍လည်း ရေးသားဖော်ပြခဲ့၏။

၁၉၃၀-ပြည့်နှစ်များတွင် နိုင်ငံရေးသမားများက ဂျူးလူမျိုးနှင့် တရုတ်လူမျိုးအား ဖက်ဆစ်များနှင့် တစ်တန်းတည်းထား၍ ထိုးနှက်မှုများ ရှိခဲ့၏။

ဒုတိယကမ္ဘာစစ်အပြီးတွင် အစိုးရက မော်ပီဘုံး၏ တရုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြည်သို့ ခရီးသွားခွင့် ပိတ်ပင်ခဲ့၏။ ကွန်မြူနစ်ဝါဒ လိုလားသူများကို ထောင်သွင်းအကျဉ်းချခဲ့၏။ တရုတ်များ စိမ့်ဝင်လာမှုကို တားဆီးပိတ်ပင်ခဲ့၏။ ဘန်ကောက်မြို့မှ တရုတ်ခေါင်းဆောင်များကို အနှောင့်အယှက်ပေးခဲ့၏။

သို့သော်

အရေးယူမှုများက အကန့်အသတ်ဖြင့်သာ တည်ရှိခဲ့၏။

ဟိုနေရာ၊ ဒီနေရာတွင် ခေတ္တတောက်လောင်သည့် ကောက်ရိုးမီးပမာ ဖြစ်ခဲ့၏။ အချိန်ကြာမြင့်လာသော် သုံးပွင့်ဆိုင် လူနေမှုပုံစံက ပိုမိုပီပြင်စွာ ဖြစ်ထွန်းလာ၏။

ထိုင်းလယ်သမားများက မြေကို ထွန်ယက်၏။ ထိုင်းဗျူရိုကယက်အုပ်စုက အစိုးရအဖွဲ့ကို ကြိုးကိုင်၏။ တရုတ်ကုန်သည်နှင့် အလုပ်သမားများက မြို့ပြစီးပွားရေးကို လည်ပတ်၏။ ထိုကဲ့သို့ သုံးပင်လိမ်ဘဝက ပို၍ခိုင်မြဲလာ၏။

ထိုင်းအာဏာပိုင်များသည် တရုတ်လူမျိုးများအား စီးပွားရေးအရ တရုတ်ဖြစ်ပြီး၊ နိုင်ငံရေးအရ ထိုင်းလူမျိုးဖြစ်ရန် အားပေးအားမြှောက် ပြုလာကြ၏။

၁၉၁၁-ခုနှစ်၌ နိုင်ငံသားအက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ရာတွင် နိုင်ငံအတွင်းနေထိုင်သော ညီ့သည်မိဘနှစ်ပါးက မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



သည်မြစ်စေ ထိုင်းနိုင်ငံသားဖြစ်ခွင့်ပေး၏။ ပြည်ပမှ ဝင်ရောက်လာသူ တစ်ဦးသည် ဇာတိဘာသာစကားကို သင်ယူကတ်ပြောက်ရမည်။ ဗုဒ္ဓဘာသာဝင် ဖြစ်ရမည်၊ ထိုင်းဘုရင်ကို လေးစားရမည်။

ထို့အပြင်

ထိုင်းလူမျိုးကဲ့သို့ နေကြ ကျင့်ကြံရမည်။

အဆိုပါ အချက်လေးချက် ညီညွတ်ပြည့်စုံလျှင် ထိုင်းလူမျိုး ဖြစ်ပြီဟု သတ်မှတ်လာကြ၏။

၁၉၄၀-ပြည့်နှစ်များတွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် ထိုင်းမျိုးချစ်နိုင်ငံရေးသမားများ၏ ရန်သူများ မဟုတ်ကြတော့ဘဲ အလွန်ဆွဲဆောင်မှုရှိသည့် မိတ်ဖက်များဖြစ်လာကြပေသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ ချမ်းသာကြွယ်ဝမှု ရေစီးကြောင်းကို နိုင်ငံရေးသမားများက သွယ်ယူပြီး၊ မိမိတို့ အာဏာ တည်မြဲရေးအတွက် အသုံးချလာကြသည်။ နိုင်ငံရေးသမားများက စီးပွားရေးလုပ်ငန်းများ စတင်ပြီး၊ တရုတ်စီးပွားရေး လုပ်ငန်းရှင် များအား ဥပဒေချိုးမှုကြီးများသပွယ် အမြတ်အစွန်းပန်းများ ပွင့်လန်း စေရေးအတွက် ပူးပေါင်းပါဝင်ရန်နှင့် ဦးစီးဦးရွက်ပြုရန် ချဉ်းကပ် ကြ၏။

တရုတ်တို့ကလည်း သူတို့ လုပ်ငန်းအဖွဲ့အစည်းများတွင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးသမားများနှင့် စစ်ဗိုလ်ချုပ်များကို တရုတ်အဖွဲ့ဝင်လူကြီးများ အဖြစ် နေရာပေးကြ၏။ ၎င်းတို့က တရုတ်တို့ကို အစိုးရစီမံကိန်း လုပ်ငန်းများအား ကန်ထရိုက်ပေး၏။

စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ခွင့်နှင့် အခြား အထူးအခွင့်အရေးများပေး၏။

တစ်ဖက်တွင် တရုတ်တို့နှင့် ပူးပေါင်းတည်ထောင်ရာမှ ရရှိသော လုပ်ငန်းများမှ အမြတ်အစွန်းများဖြင့် ချမ်းသာကြွယ်ဝမှုကို အတို့အလှည့် ရယူခဲ့ကြပေသည်။

မည်သို့ပင်ဆိုစေ ထိုင်းနိုင်ငံတွင် တရုတ်တို့သည် ခေါင်းအုံး တစ်လုံး ဖျာတစ်ချပ် အရင်းအနှီး(Pillow and mat capitalism)ဖြင့် စတင်ခြေချခဲ့ရာမှ လူနေဆိုင်ခန်း၊ စီးပွားရေးဇွမ်းအားရှင်များ (Shophouse Tycoon)အဖြစ် အသွင်ကူးပြောင်းလာ၏။

ဒုတိယကမ္ဘာစစ်အပြီး ဘဏ်လုပ်ငန်းကို ကြီးစိုးလာကြ၏။ ထို့နောက် စက်မှုကုန်ထုတ်လုပ်ငန်းများ ဘူထောင်ကြ၏။

မျိုးဆက်နှစ်ဆက်အတွင်း ၁၉၆၀-ပြည့်နှစ်ဝန်းကျင်မှစ၍ တရုတ်နွယ်ဖွား မိသားစုများ၏ စီးပွားရေးအုပ်စုကြီး ၃၀ သည် ဘဏ်ကောက်၏ စီးပွားရေးတွင် သခင်ကြီးများ (Commercial Dynat)ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တို့မှာ လူမှုဖူလုံရေးဆိုတာ မရှိဘူး၊
ပင်လယ်ရပ်ခြား တရုတ်အမျိုးသားတွေရဲ့ အဓိကစွမ်းအားက
စုဆောင်းခြင်းနဲ့ စုပေါင်းခြင်းပါပဲ’
တု အောင်မြင်သော တရုတ်လုပ်ငန်းရှင်တစ်ဦးကဆို၏။

မြင့်မိုရ်ဆွေ
(ခေါင်းအုံးနှင့် ဖျာအရင်းပြုကြွယ်ဝမှု
သာရစ္စဆောင်းသူများဆောင်းပါးမှ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# လေ့ကျင့်ခန်း

Problems are to the mind what exercise is to the muscles, they toughen and make strong.

(Norman Vicentpeale)

လေ့ကျင့်ခန်းသည်
ကြွက်သားများကို ကြံ့ခိုင်တောင့်တင်းစေသကဲ့သို့
ပြဿနာသည်
စိတ်ကို ကြံ့ခိုင်တောင့်တင်းစေသည်။

(နော်မင်ဗင်းဆင့်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# သောကကို
# နည်းပါးအောင်လုပ်နည်းများ

၁။ သောကက သင့်ကို မြေမမြှုပ်မီ သင်က သောကကို မြေမြှုပ်ပစ်ပါ။

၂။ ပြဿနာတို့ မိမိတစ်ဦးတည်းဖြစ်စေ၊ သူငယ်ချင်းကောင်း တစ်ယောက်ယောက်၏ အကူအညီနှင့်ဖြစ်စေ ရင်ဆိုင်ဖြေရှင်း နိုင်သည့်သတ္တိကို မွေးပါ။

၃။ သင်တစ်ဦးတည်းမဟုတ်၊ သင့်နောက်တွင် သတ္တိရှိသည်။

၄။ ပြဿနာတစ်စုံတစ်ခုမှ နောက်ထပ်ဆင့်ပွားပြဿနာတစ်ခု ထပ်မံ မပေါ်ပေါက်လာစေနှင့်။

၅။ ပြဿနာတစ်ခု ပေါ်လာပါက ရန်သူများနှင့် အခြားသူများ သင်၏ပြဿနာတွင် ပါဝင်ပတ်သက်ခြင်း မရှိပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



၆။ သင်၏ ပြဿနာအကြောင်းအချက်အခဲတစ်ခုကို စာရွက်တစ်ရွက်တွင် အတိအကျ ချရေးပါ။

၇။ ပြဿနာ၏အကြောင်းရင်းများကို စိစစ်သုံးသပ်၍ အဖြေရှာပါ။

၈။ ယင်းတို့ထဲမှ အကောင်းဆုံးကို ရွေးထုတ်ပါ။

၉။ သင်၏အဖြေကို သင်၏ အကောင်းဆုံး၊ အယုံကြည်ရဆုံး မိတ်ဆွေ (သို့မဟုတ်) ဥပဒေအကျိုးဆောင်နှင့် တိုင်ပင်ပါ။

၁၀။ အကောင်းဆုံးအဖြေကို အချိန်မဆွဲဘဲ အကောင်အထည်ဖော် အသုံးချပါ။

ချစ်စံဝင်း

(မိုးထိအောင် လှေတားတော်မှ)

* * *



www.burmeseclassic.com

www.burmeseclassic.com



# အကြံ့တူ

အကြံ့တူ ရန်သူဟူသောစကားသည် အလွန်မှားလေသည်။
အကြံ့တူခြင်းသည် အပြိုင်လုပ်ခြင်းဖြစ်၏။
အပြိုင်မရှိက လောကမှာ အနိုင်ရှိမည် မဟုတ်ချေ။
အကြံ့တူများလေလေ အပြိုင်များလေ
အပြိုင်များလေလေ အနိုင်များလေလေ
အနိုင်များလေလေ
အောင်မြင်ခြင်း များလေလေဖြစ်၏။

(ဝိမိုးနှင်း)

* * *

www.burmeseclassic.com

www.burmeseclassic.com



# လူအားမာန်

ခြေထောက်မပါ၊ မြွေသတ္တဝါလည်း
လိုရာကိုပြေး၊ ရောက်နိုင်သေး၏။

ဦးခေါင်းမပါ၊ ပုစွန်မှာလည်း
လိုရာကိုပြေး၊ ရောက်နိုင်သေး၏။

ဒို့မှာ လက်ခြေ စုံလင်ပေမယ့်
တစ်တွေဦးခေါင်း ပြည့်စုံရှောင်ခဲ့။

အပေါင်းအဂါ၊ စုံလင်ပါသော်
လိုရာပန်းတိုင်၊ ဝါလှမ်းကိုင်
အနိုင်ရဖို့၊ သေချာလှ။

www.burmeseclassic.com

www.burmeseclassic.com



ကြက်တူရွေးပင် စကားသင်ဖူး
တ, တတ်သေး၏။

မျောက်ကလေးပင်၊ လူတို့သင်ပေး
တ, တတ်သေး၏။

ငါကားလူသား၊ ငါလူသားတည့်
လူသားတို့မာန်၊ လုံ့လသာနှံ၍
ဉာဏ်ရည်တိုးပြူ၊ ဖွဲ့ဖြင့်ထုသော်
လူတို့ပြည်မှာ မစွမ်းရာ၊
ဘယ်တာ မရှိကြ။

(ယောဆရာတော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပူးပေါင်းဆောင်ရွက်ခြင်း

"ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ

တူညီသည့် ဦးတည်ချက်သို့ အတူတကွ အရောက်လှမ်းနိုင်သည့် အရည်အချင်းကို ခေါ်ဆိုသည်။

လူတစ်ဦးချင်းသည် ထူးချွန်အောင်မြင်မှုများကို အဖွဲ့အစည်း၏ ရည်မှန်းချက်များအတွက် ဦးတည်ပေးခြင်းလည်းဖြစ်သည်။ ယင်းသည် သာမာန်လူများကို သာမာန်ထက် ထူးခြားသည့်ရလဒ်များရရန် လောင်စာဖြည့်ပေးခြင်းနှင့် တူသည်။"

(အင်ဒရူတာနရီ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# Professional ရဲ့ဆောင်ရွက်ချက်

Professional တစ်ဦးက တခြားသူကို လေးစားသူ ဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့ပြီး အကျင့်စာရိတ္တကောင်းသူဖြစ်ပါတယ်။

အချိန်ကိုလေးစားပြီး၊ လုပ်ကိုင်လုပ်ရှားတဲ့နေရာမှာ တရားမျှတတဲ့သူဖြစ်ဖို့ လိုအပ်ပါတယ်။

လုပ်စရာရှိတာတွေလုပ်ပြီး သူများလုပ်စရာတွေကို ချန်ထားတဲ့သူ မဟုတ်ပါဘူး။

ဝေဖန်မှုတွေကို ကြည်ဖြူစွာလက်ခံနိုင်ပြီး အများရဲ့အားနည်းချက်တွေကိုလည်း လက်ခံနားလည်နိုင်သူ ဖြစ်ပါတယ်။

မိမိပြုလုပ်ခဲ့တဲ့အမှားတွေကို ပွင့်ပွင့်လင်းလင်း ဝန်ခံနိုင်ပြီး၊ အများရဲ့ လေးစားမှု၊ ယုံကြည်မှုတွေကို လက်ခံရရှိသူဖြစ်ပါတယ်။

*(ဒေါက်တာအောင်ထွန်းသက်)*

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကင်တစ်ဝက်ပိုင်သူများ

'အမျိုးသမီးများသည် ကောင်းကင်တစ်ဝက် ပိုင်ကြသူများ ဖြစ်သည်'ဟု ကွယ်လွန်သူ တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်းက ပြောခဲ့ဖူးပါသည်။ တကယ်လက်တွေ့တွင်မူ ကွန်ဖြူးရှပ်ယဉ်ကျေးမှု ထွန်းကားရာ' အာရှနိုင်ငံတော်တော်များများရှိ အမျိုးသမီးထု၏ ကောင်းကင်တစ်ဝက်မှာ အပြည့်အဝ လင်းလက်ခွင့် ရခဲ့သည်တော့ မဟုတ်ပါ။ တရားဥပဒေအရ ခွဲခြားဆက်ဆက်ခံနေရသောကြောင့် တော့မဟုတ်။

အရိုးစွဲနေသော ဓလေ့ထုံးတမ်းများကိုယ်တိုင်က အမျိုးသမီးများ ဖြစ်သည့်အပေါ် 'အားနည်းသော ဒုတိယလိင်'အဖြစ် သဘောထား နေရသောကြောင့်ဖြစ်သည်။ သုံးနှစ်တိုင် အာရှစီးပွားရေး အကြပ် အတည်း (၁၉၉၇-၁၉၉၉)နောက်ပိုင်းသို့ ရောက်သောအခါမှ ဆိုခဲ့ပါအနေထားတို့ မှုန်ဝါး ပျက်ပြယ်စ ပြုလာခဲ့သည်ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# ဆေးမင်းသစ်တွင်သူ

ရှက်(ဘ)နမ်မဲ(လ)ဝါနီမှာ ဂေါ်ပူနိုင်ငံမှ အစိုးရအရာရှိကြီး တစ်ဦး၏ သမီးအငယ်ဆုံးကလေး ဖြစ်သည်။ သူတို့မျိုးရိုးမှာ ကိုလိုနီခေတ်ကတည်းက အရာရှိအရာခံတွေဖြစ်ရာ ဗြိတိသျှ အစဉ်အလာကို အထင်ကြီးသည်။ တစ်ပြိုင်နက်တည်းမှာပင် ကွန်မြူးရှပ်ယဉ်ကျေးမှုနှင့် အသားကျနေသူများလည်း ဖြစ်ပါသည်။

အဖေက မဲ(လ)ဝါနီတို့ ညီအစ်မတစ်သိုက်ကို ငယ်စဉ်ကတည်းက ကွန်ဗင့်ကျောင်းတွင် ထားပေးသည်။ သူတို့ကျောင်းက အင်္ဂလိပ်မယ်သီလရှင်ကြီးများ အုပ်ချုပ်သည်ဖြစ်ရာ စည်းကမ်းအလွန်ကြီးသည်။ သတ်မှတ်ထားသော ကျောင်းဝတ်စုံသာ ဝတ်ရသည်။ သတ်မှတ်ထားသော ကျောင်းမှကျွေးသည့် သွားရည်စာကိုသာ စားရသည်။ ကျောင်းပရိဝုဏ်အတွင်း အင်္ဂလိပ်စကားသာ စကားမှလွဲ၍ အခြားမည်သည့် ဘာသာစကားကိုမှ မသုံးရ။



www.burmeseclassic.com

www.burmeseclassic.com



အခ်မ်ကြီးနှစ်ယောက်သည် ဘာပြဿနာမှ မရှိ။ အစစ အဆင်ပြေသည်။ မဲ(လ)ဝါနီလက်ထက်ရောက်မှ ပြဿနာ လှလှကြီး တွေ့ရသည်။ မဲ(လ)ဝါနီက သတ်မှတ်ထားသော ကျောင်းဝတ်စုံကို ဘယ်တော့မှမဝတ်။ အိမ်မှာနေသော အဝတ်အစားနှင့်ပင် ကျောင်း တက်သည်။ လမ်းဘေးမှ မုန့်ပဲသွားရည်စာတွေဝယ်ပြီး၊ စစ္စတာ ကြီးတွေရှေ့တွင် စားပြသည်။ ပြီး တရုတ်စကား(သို့မဟုတ်) မလေးစကားတွေကို အော်ကြီးဟစ်ကျယ် ပြောပြသည်။ နောက်ဆုံး ကျောင်းထုတ်ခံရမည့် အန္တရာယ်ရှိလာရာ မျက်နှာအပျက်မခံနိုင်တော့ ဖခင်ကြီးကိုယ်တိုင်က သူမကို ကျောင်းထုတ်လိုက်ရသည်။ တက္ကသိုလ် တက်ရတော့မည်ဆိုတော့လည်း အခြေနှင့် ပြဿနာတက်ပြန်သည်။

အဖေက သူ့ဌာနတွင် အလုပ်သွင်းနိုင်ရန် ပြည်သူ့အုပ်ချုပ်ရေး ပညာကို ယူခိုင်းသည်။ မဲ(လ)ဝါနီက တစ်စက်မှ ဝါသနာမပါ။ သူမ စိတ်ဝင်စားသော ကွန်ပျူတာသိပ္ပံယူလိုက်သည်။ မည်သို့ပင် ဆိုစေ တက္ကသိုလ်နေ့ရက်များကား မေ့ရက်စရာမရှိပါ။ တစ်စုံတစ်ရာ လွတ်လပ်လာသည်မို့ စိတ်ကူးကွန့်မြူးခွင့်ရသည်။ ပျော်စရာလည်း ကောင်းသည်။ သူမဘဝ၏အိမ်မက်ကို တက္ကသိုလ်နေ့ရက်များကသာ ထုဆစ်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝါသနာဝါရာလုပ်၍ ကြီးပွားသူ မဲ(လ)ဝါနီ

ကျောင်းပြီးသည်နှင့် မဲ(လ)ဝါနီမှာ အဖေနှင့် ဘကြီးအတွက် တိုက်ပွဲဆင်ရတော့သည်။ အဖေက အစိုးရအလုပ် ဝါသနာမပါ ဆိုတော့၊ သမီးကို အစိုးရနှင့် ဆက်စပ်နေသော ကုမ္ပဏီတစ်ခုတွင် အလုပ်သွင်းပေးသည်။ သူမက မလုပ်။ အဖေ စိတ်ဆိုးလိုက်သည်မှာ မိုးမြို့တော့မတတ်ပင်။

နောက်ဆုံး “ကိုင်း.... နင့်သဘော နင်ကြိုက်သည်သာ လုပ်တော့”ဟုဆိုကာ အဖေက ဥပေက္ခာပြုလိုက်သည်။ ထိုစဉ်မှစ၍ မဲ(လ)ဝါနီလည်း အဖေ့အိမ်မှ ခွာခဲ့တော့သည်။ သူငယ်ချင်းတွေနဲ့ ပေါင်းပြီး တိုက်ခန်းတစ်ခုငှားနေသည်။

ရရာအလုပ်လုပ်ပြီး၊ ငွေစုသည်။ သူတို့ရည်ရွယ်ချက်မှာ သူတို့ တစ်တွေ၏ တက္ကသိုလ်အိမ်မက်ကို အကောင်အထည်ဖော်ဖို့၊ သူတို့ သူငယ်ချင်းတစ်သိုက်မှာ ဂီတ ခရေစ်တွေဖြစ်သည်။ သူချစ်သော ဂီတကို ကမ္ဘာအနှံ့ဖြန့်ချင်သည်။ အင်တာနက်ကိုသာ ကျကျနန အသုံးပြုခွင့်ရလျှင် သူတို့အိမ်မက်ထဲမှ ဆန္ဒတွေလက်တွေ့ ဖြစ်နိုင် သည်ဟု ယုံထားသည်။

ဒီလိုနဲ့ စက်ဘ်ပူ၏ အင်တာနက် ဘဝစွန့်စားခန်း ကနဦးရက်များ

www.burmeseclassic.com

www.burmeseclassic.com



မှာပင် မဲ(လ)ဝါနီတို့၏ Soung Bazz ကို စတင်အကောင်အထည် ဖော်လိုက်နိုင်သည်။ သူတို့၏ အွန်လိုင်းကုမ္ပဏီ Sound Bazz က အရှေ့ဂီတကို အနောက်သို့ပို့သည်။ အနောက်ဂီတကို အရှေ့သို့ ပို့သည်။

ဂီတတွင် လူမျိုးမရှိဆိုသည်မှာ Sound Bazz ၏ ခေါင်းပုဒ် သူတို့လုပ်ငန်းမှာ စက်ဘပူတွင် ယခင်က မရှိဘူးသေးသော အမျိုး အစားအသစ် ဖြစ်သည်။ အဖေပါအဝင် လူကြီးသူမတိုင်းက သေချာပေါက် (ကွဲ)မှာဟု ပြောကြသည်။ သို့သော် လက်တွေ့တွင် အံ့ဩလောက်အောင် အောင်သွားသည်။ ငါးနှစ် မရှိ တစ်ရိုက်ာလမှာပင် အရှေ့ဂီတ ဈေးကွက်တွင် နာမည်ရကုမ္ပဏီ ဖြစ်လာသည်။

အခုတော့ မဲ(လ်)ဝါနီမှာ အဖေ့ကို ကျေးဇူးကောင်း ရင်ဆိုင် ရပါပြီ။

'သမီးက အဖေခင်းပေးတဲ့လမ်းအတိုင်း မလိုက်ချင်ဘူး၊ ပျင်းတယ်။ ကိုယ့်လမ်းကို ထွင်သွားရတာမှ ပျော်စရာကောင်းတာ၊ အဖေ သမီးကို စိတ်မဆိုးနဲ့နော်' ပြောတော့ အစကတည်းက သမီးအပေါ် စိတ်မဆိုးနိုင်သော အဖေက ပြုံးပြုံးကြီး ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝှိသမီးက ခေါင်းမာပေမယ့် တော်တယ်။ တော်မှာပေါ့ အဖေ့သမီးကိုး ..."

အိုကိုပင် မဲ(လ)ဝါနီက မကျေနပ် ကတ်ကတ်လန်အောင် တုန့်ပြန်သည်။

"ဘာမှ မဆိုင်ပါဘူးနော်"

**ထက်အောက်ဖွဲ့စည်းပုံများကို ဖြိုပစ်သူ**

တောင်ကိုရီးယားသူလေး 'ဇူဂျီတန်'မှာ လူမှုန်းသိတတ်ကတည်းက ထက်အောက်ဖွဲ့စည်းပုံဆိုသည်များကို အမုန်းကြီး မုန်းနေသူ ဖြစ်သည်။ သူမ၏ဖခင်မှာ တောင်ကိုရီးယား ချာဘိုင်း ယဉ်ကျေးမှု၏ ဦးဆောင်ကုမ္ပဏီတစ်ခုမှ စီအီးအို။ အဖေမှာ သူ့အလုပ်တွင် ဘုရင်ဖြစ်သည်။ အိမ်မှာလည်း ဧကရာဇ်တစ်ပါးပင် ဖြစ်သည်။

သူတို့မိသားစု၏အိမ်ထောင်ဦးစီးက အဖေ၊ မိသားစုစီးပွားရေးမှ အစ အောက်ခြေသိမ်းကိစ္စအားလုံး အဖေ၏ထိန်းချုပ်မှုအောက်တွင် သာ ရှိသည်။ အဖေပြီးတော့ ဒုတိယအာဏာ အရှိဆုံးမှာ သားကြီး ဖြစ်ရသဖြစ်သော အစ်ကို၊ အစ်ကိုက အဖေ့စီးပွားရေး တစ်ခုလုံးကို ဆက်ခံရမည့်သူဖြစ်ရာ အိမ်ရှေ့မင်းသားအရာထားရသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ဦးဖြစ်သော အမေမှာ အဖေ၏ပွဲတော်မယား အဖြစ်မှလွဲ၍ မည်သည့်အခွင့်အာဏာမှ မရှိ။ အခြေအနေ အခိုးဆုံး ကား မိသားစု ထက်အောက်ဖွဲ့စည်းပုံတွင် အောက်ဆုံးပိုက်မှာ ရှိသည့် သမီးထွေးလေး ရှုကိုဟန်ပင်ဖြစ်တော့သည်။ အဖေက သူ့သားကြီး အစ်ကိုတို့ နာမည်ကြီး အမေရိကန်တက္ကသိုလ်သို့ ပို့သည်။

ရှုကိုမှု ကောင်ကိုနီးယားတက္ကသိုလ်မှာထားသည်။ ဒီကောင် အမေကောင်းပန်လွှမ်းရှေ့သာ တက္ကသိုလ်တက်ခွင့်ရခြင်းဖြစ်သည်။ အဖေ့သဘောအရဆိုလျှင် အထက်တန်းအောင်ရုံမျှနှင့် ပညာရေး ကိစ္စ ဆုံးခန်းတိုင်ရလိမ့်မည်။ အဖေ့ဆဲသောမှာ 'မိန်းကလေးသ သေစာရင်စာ တက်ရင် တော်ရောပေါ့'တဲ့၍ ဖြစ်သည်။

မည်သို့ပင်ဆိုစေ ရှုကို အားမငယ်ပါ။ ရှေ့သို့မှန်းချက်တစ်ခု အတွက် သန္နိဋ္ဌာန်ချပြီး၊ ကျောင်းစာကို ကြိုးစားသင်သည်။ ရှုကိုကျောင်းပြီးတော့ အဖေက သူ့ကုမ္ပဏီတွင် ကွန်ပျူတာစာရေးမ အလုပ်ပေးသည်။ ယေဘုယျဝက်တည်းဟ ထက်အောက်ဖွဲ့စည်းပုံ တွေကို စိတ်ပျက်စိတ်နာနေသော ရှုကိုအနေနှင့် ဘယ်လိုမှ လက် မခံနိုင်ပါ။

အဖေ့ကို ကုမ္ပဏီထက်အောက်ဖွဲ့စည်းပုံတွင် စာရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသိန့်နာခံရုံမှတစ်ပါး ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိသည်ကို ကောင်းကောင်း သိပြီးဖြစ်ပါသည်။ သည်လိုနှင့် အဖေ့သန္တကို လွန်ဆန်ပြီး သူမကိုယ်တိုင် ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့သည်။

ကုမ္ပဏီအမည်မှာ Vinua Hek ရုံးသုံး စေတ္တဝဲလ်တွေ ထုတ်လုပ်ရောင်းချသော ... အိုင်တီကုမ္ပဏီဖြစ်သည်။ ဖြစ်ချင်တော့ ထိုအချိန်မှာ အိုင်တီတော်လှန်ရေးကြီး တောင်ကိုရီးယားသို့ အရှိန်အဟုန်နှင့် ရောက်လာချိန်ဖြစ်ရာ စူကျီအတွက် ချိန်ခါသင့် ဖြစ်သွားတော့၏။

ယခုအခါ စူကျီ၏ Vinua Hek မှာ အရှိုင်းတန်ဘိုး ဒေါ်လာ သန်းလေးရာဖြင့် လည်ပတ်နေသော ထိပ်တန်းကုမ္ပဏီကြီး ဖြစ်နေလေပြီ။ သူတို့ကုမ္ပဏီတွင် အစဉ်အလာ ထက်အောက်ဖွဲ့စည်းပုံတွေ မရှိ။ ဝန်ထမ်းအားလုံး သူမ၏ မိတ်ဆွေတွေဖြစ်သည်။ အားလုံး လူငယ်တွေချည်းဖြစ်သည်။ အမျိုးသမီးတွေက အများစုဖြစ်သည်။

'ကျွန်မတို့ဆီမှာ အလုပ်တာဝန် ခွဲဝေမှုကလွဲ၍ ရာထူးဆိုတာ မရှိပါဘူး။ အားလုံး သူငယ်ချင်းတွေချည်းပါ။'

ပြောတော့ ရှေးရိုးသမားကြီး သူ့ဖခင်က အံ့ဩနေသည်။

'သမီးတို့ ဘယ်လို အလုပ် လုပ်ကြလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သည့်လိုပဲ ညီနိုင်းလုပ်တာပေါ့။ ဒီနည်းက ပိုအလုပ်ဖြစ်တယ်လေ။ အိုင်ဒီယာသစ်တွေလဲ ပိုထွက်လာတယ်'

စူဂျိစကားတွေကို ချာဘိုင်းခေတ် ဘိစ္စနက်စ်တစ်ဦးဖြစ်သော အဖေ့အနေနှင့်နားလည်ချင်မှ နားလည်နိုင်ပါလိမ့်မည်။ လူငယ် 'အန်ထရာပရာနော'တစ်ဦးဖြစ်သော အစ်ကိုကတော့ ကောင်းကောင်းနားလည်သည်။ သူ့ညီမကို အားပေးသည်။

'အိုကေ ညီမလေး ဆက်လုပ်'

အထက်တွင် ဖော်ပြခဲ့သည်တို့မှာ အာရှဒေသ အန်ထရာပရာနော' (စွန့်ဦးတီထွင်)လူငယ်မျိုးဆက်သစ်များထဲမှ အမျိုးသမီးလုပ်ငန်းရှင် နှစ်ဦး၏ တစ်ပိုင်းတစ်စ ရုပ်ပုံလွှာဖြစ်ပါသည်။ ယနေ့အာရှဘိစ္စနက်စ်လုပ်ငန်းကို ဦးဆောင်နေသူများ၏ သုံးပုံတစ်ပုံကျော်မှာ သူတို့လို လူငယ်အမျိုးသမီး 'အန်ထရာပရာနော'များဟု သိရပါသည်။

ဤပုံအတိုင်းဆိုလျှင် အာရှ၏ ကောင်းကင်တစ်ဝက်မှာ မကြာမတင်အချိန်အတွင်း အပြည့်အဝလင်းလက်လာတော့မည်ဟု မှန်းဆရပါသည်။

(ကျော်ဝင်း)

* * *



www.burmeseclassic.com

www.burmeseclassic.com



# ခွင့်လွှတ်တယ်ဆိုတာ

အနိုင်ယူလိုက်တာလည်း မဟုတ်ဘူး။

အရှုံးပေးလိုက်တာလည်း မဟုတ်ဘူး။

အထက်စီးက နေတာလည်း မဟုတ်ဘူး။

ခွင့်လွှတ်လိုက်တာ ကိုယ့်ကိုယ်ကို လွတ်လပ်မှုပေးလိုက်တာပဲ။

ကိုယ့်စိတ်ကို ငြိမ်းချမ်းခွင့် ပေးလိုက်တာပဲ။

ခွင့်လွှတ်တယ်ဆိုတာ

ဆေးလူမြင်ကောင်း၊ ကြားကောင်းအောင်လုပ်တဲ့ အလုပ်

မဟုတ်ဘူး။

ကိုယ့်စိတ်ထဲမှာ တကယ်လွတ်လပ်မှုရသွားအောင်

တကယ်ငြိမ်းချမ်းသွားအောင် လုပ်တဲ့အလုပ်ဖြစ်တယ်။

မဟာမြိုင်ဆရာတော်

ဦးဇောတိက

* * *

မိုးထိပ်ဘွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



# မှန်မှန်လုပ်ပါ

အောင်မြင်တဲ့သူဆိုတာ ဘယ်လိုလူလဲ၊

အောင်မြင်တဲ့သူတွေက အလုပ်ကို ဘယ်လိုလုပ်ကြပါသလဲ?

ဒါနဲ့ပတ်သက်ပြီး ဒေါက်တာဇေယျာ၀ဏ္ဏဆိုသူ ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဆုံးမခဲ့ပါတယ်။

"အလုပ်တစ်ခုကို သူ့အချိန်နှင့်သူ မှန်မှန်လုပ်လျှင်

ထိုအလုပ်သည် ချောမောစွာ ပြီးမြောက်ရာ၏။

အလုပ်၌ ချို့တဲ့ချက်မရှိရာ။

ထိုသို့မဟုတ်ပါဘဲ အချိန်လွန်မှ လုပ်လျှင်

အလုပ်သေသပ်မှုမရှိနိုင်။

အချိန်ကိုမပြီးဘဲ တစ်ပိုင်းတစနှင့်ဖြတ်လည်း၊

သိမ်းလိုက်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

အချိန်လွန်ခြင်းသည် အလုပ်အစမသတ်၊ မသေသပ်ခြင်း တို့ဖြင့် အလုပ်ရှုပ်ထွေးအောင်ပြုတတ်ရာ

အချိန်မှန်ပြုလုပ်ခြင်းမှာ သေသပ်ချောမော

မရှုပ်ထွေးသော အလုပ်ဖြစ်ကြောင်း တစ်ခုပင်”တဲ့

ဒီတော့ ...

အောင်မြင်ချင်သော သူဟာ အလုပ်လုပ်ရမယ်ဆိုတာ သိကြ ပေမယ့်လည်း မှန်မှန်လုပ်ရမှာကိုတော့ တချို့က မသိကြပါဘူး။

အဲ့ကြောင့်

အောင်မြင်ချင်ပါက

အချိန်မှန်လုပ်တတ်ပါစေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကြီးပွားချမ်းသာကြောင်းတရား

လူတစ်ဦးတစ်ယောက်ရဲ့ဘဝ ကြီးပွားရေး၊ တိုးတက်ရေး၊ ချမ်းသာရေးမှာ ကံ၊ ဉာဏ်၊ ဝီရိယတို့ သုံးမျိုးရှိပါတယ်။

ထိုသုံးမျိုးလုံးစုံရင် ကြီးပွားချမ်းသာတယ်။

အရေးပါဆုံး ပဓာနအကျဆုံးကတော့ ကံတရားပေါ့။

ကုသိုလ်ကံ ကင်းမဲ့တဲ့ပုဂ္ဂိုလ်ရဲ့ ကြိုးစားသမျှ ဝီရိယဟာ ရေဆန်ကို လှော်ပြီးတက်ရတဲ့ လှေနဲ့တူတယ်။

လှေအား၊ ခတ်အား၊ ထိုးအားရှိခိုက်တော့ ဒီလှေဟာ ရေကို ဆန်ပြီး တက်နေတယ်။ လှေအား၊ ခတ်အား၊ ထိုးအား ရပ်နားလိုက်တာနဲ့ လှေလည်း အသွားရပ်ပြီး ရေလျှင်ကြောမှာ ပြန်မျော သွားတယ်။

သိပ်ပင်ပန်းအားကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ။

ကုသိုလ်ကံမပါတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကြိုးစားမှုကလည်း ကြိုးစားနိုင်မှ ချမ်းသာတယ်၊ ကြိုးစားနိုင်မှ စားဝတ်နေရေး အဆင်ပြေတယ်။

ကြိုးစားမှုလည်း ရပ်နားလိုက်ရော အားလုံး အဆင်မပြေတော့ဘူး။ ရှန်းနိုင် ကန်နိုင်တုန်း အဆင်ပြေပြီး၊ မလုပ်နိုင်တဲ့ တစ်နေ့ ဆင်းရဲရ၏။

ကုသိုလ်ကံပါတဲ့ ပုဂ္ဂိုလ်ရဲ့ ဝီရိယကတော့ ရေစုန်မှာ လှော်ရတဲ့ လှေနဲ့တူတယ်။

ဒီလှေကျတော့ ရေရဲ့ တွန်းအားရော၊ လှော်အား ခတ်အား၊ ထိုးအားရောဆိုတော့ တစ်ချက်နှစ်ချက် လှော်လိုက် ခတ်လိုက်လျှင်ပဲ လိုရာခရီးကို အများကြီးရောက်သွားတယ်။

ဒီလိုပဲ

ကုသိုလ်ကံကောင်းတဲ့ပုဂ္ဂိုလ်ရဲ့ ကြိုးစားမှုဘာလည်း ပင်ပင်ပန်းပန်း ဘာမှမလုပ်ရဘဲ လူပ်ခါလျက်ခါနဲ့ ကြီးပွားချမ်းသာကြတယ်။

(ချမ်းမြေ့မြိုင်ဆရာတော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အားနာခြင်း

'ဖေဖေ့ဘဝမှာ အကျပ်အတည်း ရောက်ခဲ့တာတွေရှိတယ် သား။ အဲဒါတွေအားလုံးက အားနာတတ်လို့ ဖြစ်ရတာတွေများတယ်။

ဖေဖေက အရမ်းအားနာတတ်တယ်' လေ။

အဲလောက်တော့ အားနာတတ်တာ မကောင်းဘူးလို့ မိတ်ဆွေကောင်းတစ်ချို့ကတောင် ဖေဖေ့ကို သူ့မူကြိမ်းမောင်းကြပါတယ်။

ဖေဖေကိုယ်တိုင်လည်း နိစ်တ်သဘောထားကြီးက နေရာတိုင်းမှာ မသင့်တော်မှန်းသိ[illegible]။

ဖေဖေတို့ရပ်ကွက်ထဲမှာ ဘိန်းမုန့်ရောင်းတဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်။ စေတနာဟာ လူတိုင်းနဲ့မတန်ဘူးလို့လည်း တဖွဖွပြောလေ့ရှိတယ်။ နောက်တော့လည်း သူပြောတာတွေက ဟုတ်သလိုလိုပါပဲ။

နောက်တွယ်မှာ ဖေဖေ့ကို ဒုက္ခပေးနေကြသူတွေကပဲ သူတို့ အကူအညီလိုတော့ ဖေဖေဆီ ရောက်လာကြပြန်ရော။

www.burmeseclassic.com

www.burmeseclassic.com



အားမနာတတ်တဲ့သူတို့ကို အားနာတတ်တဲ့ ဖေဖေကပဲ အရှုံးပေးလိုက်ရပြန်ရော။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ နေနိုင်ရင်တော့ကောင်းမယ်။

ဒါပေမယ့်

ပျားအုံရှိနေတဲ့ သစ်ကိုင်းမှာ ဖေဖေက တက်မလျှောက်ရဲဘူး။ ဖေဖေရဲ့ အားနည်းချက်ကို သားအထိ ဆက်မပါစေချင်ဘူး။ ဖေဖေရဲ့ အားနည်းချက်ကို သားကပြင်ပေးပါ။

ဆန္ဒမရှိဘဲ သဘောတူလိုက်ရတာထက်၊

မိတ်ဖြစ် ဆွေဖြစ် ငြင်းဆန်လိုက်တာက ပိုကောင်းပါတယ်။

*တာရာမင်းဝေ*

*(ခေတ်နေအတွက် စာတစ်ရွက်မှ)*

* * *



www.burmeseclassic.com

www.burmeseclassic.com



# အမှားဝန်ခံတာ ရှက်စရာမဟုတ်ဘူး

ကျောင်းနေတုန်းက ခဲတံကိုသုံးရင် ခဲဖျက်ကိုလည်း ဆောင်ထားရတာ မှတ်မိနေပါတယ်။

ကြီးလာလို့ စာရင်းပညာတွေ သင်ပြန်တော့လည်း စာရင်းတွေ မှားရင် အဲဒီစာရင်းတွေကို ပြင်ဖို့ 'အမှားပြင်ဂျာနယ်'သုံးနည်းကို ဆရာတွေက သင်ပေးကြပါတယ်။

သဘောကတော့

'ဘယ်သူမှ အမှားမကင်းနိုင်ကြဘူး'ဆိုတာကို ပြောချင်တာပါ။

ဘဝမှာ ဒီလိုအမှားတွေကြုံရင် ထပ်ပြီးမကြုံရအောင် သတိထား ပြင်ဆင်သွားကြရမှာပေါ့။

ဒီတော့

အမှားကိုလည်း ဒီအတိုင်း မထားသင့်ပါဘူး။

ပထမ အမှားကို လက်ခံလိုက်တယ်။ ဝန်ခံလိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ဒီလို မမှားအောင် ကြိုးစားမယ်။

ဒီမှ ကိုယ့်အမှားတွေဟာ အင်အားတွေဖြစ်လာမှာပါ။

Never be ashamel to admit you're wrong, you're only saying that yo're wiser today than you're yesterday.

ကိုယ့်အမှားကို ကိုယ်တိုင်ဝန်ခံရမှာ မရှက်ပါနဲ့။

ဒါမှ သင်ဟာ မနေ့ကထက်စာရင် ဒီနေ့ ဉာဏ်ပညာနဲ့ ပိုပြီး ပြည့်စုံလာပြီလို့ ပြောနိုင်မှာပေါ့။

ဆွေလင်း (အောင်မြေ)

* * *



www.burmeseclassic.com

www.burmeseclassic.com



# သူဌေးဖြစ်စေတဲ့ အရည်အချင်းများ

အခုလိုပဲ ရှေးဦးဆန်နီ သူဌေးဖြစ်လာတာက သူဌေးဖြစ်စေတဲ့ အထောက်အပံ့(သတဇာတ) အကြောင်းအရာတွေ အများကြီး ရှိပါတယ်။ သူဟာ

၁။ လုံ့လဝီရိယရှိတယ်။ ကြိုးစားတယ်။

၂။ ရိုးသားဖြောင့်မှန်တယ်။

၃။ မှန်ကန်တာကို လုပ်ရဲတဲ့သတ္တိရှိတယ်။

၄။ သစ္စာရှိတယ်။

၅။ ကျေးဇူးတရားကို သိတတ်တယ်။

၆။ လုပ်ဖော်ကိုင်ဖက်ချင်း ညှာတာထောက်ထားတယ်။

၇။ ပေးကမ်းစွန့်ကြဲတယ်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ကြီးသူကိုလေးစားပြီး၊ ပညာရှိသူများကို ဆည်းကပ်တတ်တယ်။

၉။ သူတစ်ပါး၏ အကြံဉာဏ်ကောင်းများကို ရယူတတ်တယ်။

၁၀။ ဘာသာရေးကိုလေးစားတယ်။

၁၁။ မျိုးချစ်စိတ်ရှိတယ်။

၁၂။ အပျော်အပါးနဲ့ မကောင်းတဲ့အမူတွေ ကင်းအောင်နေတယ်။

၁၃။ အလုပ်ဝတ္တရား ဆောင်ရွက်ရာမှာ စည်းကမ်းစနစ်ရှိတယ်။

၁၄။ အလုပ်ကို ရိုသေတယ်။

ကံတရားကို ရိုးမယ်မဖွဲ့ဘဲ အခုဖော်ပြတဲ့ အရည်အချင်းနဲ့ ဂုဏ်ရည်တွေကိုပဲ ရှေ့ဦးဆန်နိုင်မှ အတုခိုးကြဖို့ မောင်ရင်တို့ကို ပြောချင်ပါတယ်။

မွေ့လောသာတ ဦးမောင်မောင်

၁၉၉၉-ခုနှစ်၊ မတ်လ၊

သင်္ဘဝအောင်မြင်ရေးဖွင်းမှ

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဆန့်ကျင်ဘက် သတိပြုစရာများ

၁။ ခေတ်မီရမယ်။ ခေတ်မဆန်ပါစေနှင့်။

၂။ ရဲရင့်ရမယ်။ မရဲတင်းပါစေနှင့်။

၃။ လှပအောင် ဝတ်စားပြင်ဆင်ရမယ်။ ယဉ်ကျေးမှုနှင့် မဆန့်ကျင်ပါစေနှင့်။

၄။ မြိုးမြိုချွေတာရမယ်။ ကပ်စေးမနှဲပါစေနှင့်။

၅။ သွက်လက်ဖြတ်လတ်ရမယ်။ ပြာလောင်မခတ်ပါစေနှင့်။

၆။ တော်အောင်ကြိုးစားရမယ်။ မတရားသောနည်းဖြင့် မပြိုင်မိပါစေနှင့်။

၇။ ကောင်းတာတွေ အတုယူရမယ်။ ထိခိုက်အောင် မဝေဖန်မိပါစေနှင့်။

၈။ သည်းခံခွင့်လွှတ်ရမယ်။ လူညံ့မဖြစ်ပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



၉။ ကျိုးနွံစွာနေတတ်ရမယ်။ အစေအငဲ့မဖြစ်ပါစေနှင့်။
၁၀။ နေတတ် ထိုင်တတ်ရမယ်။ ဟန်မဆောင်တတ်မိပါစေနှင့်။
၁၁။ မိသားစုကို ချစ်ရမယ်။ ပတ်ဝန်းကျင်ကို လျစ်လျူမရှုမိပါစေနှင့်။
၁၂။ သတ္တိရှိရှိ နေတတ်ရမယ်။ လူမိုက်မဖြစ်ပါစေနှင့်။

(ရွှေတသ်ာဆရာတော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# စည်းကမ်းရှိတာ

ဘုန်းကြီးကျောင်းတစ်ကျောင်းက ကျောင်းထိုင်ဘုန်းကြီးတစ်ပါး သူ့ရွာက ကလေးတွေကို ပညာတတ်ဖြစ်စေချင်လို့ စည်းနဲ့ ကမ်းနဲ့ တကြည့်[illegible]တာ။ အကြောင်းကြီးငယ်မရှိဘဲနဲ့ အပြင်ထွက်ခွင့်မပြုဘူး။ အားတာနဲ့ တကြည့် နိုင်းတော့တာပဲ။

အဲ့ဒီလို စည်းနဲ့ကမ်းနဲ့လုပ်တော့ သူတို့အတွက် မလွတ်လပ်ဘူးပေါ့လေ။ တစ်နေ့တော့ အဲ့ဒီဘုန်းကြီးတူက သူ့သူငယ်ချင်းဆီ စာရေးသတဲ့။

'သူငယ်ချင်းရယ် ငါတော့ ဒီဘုန်းကြီးကျောင်းနေရတာ ထောင်ကျနေသလိုပါပဲကွာ။ လွတ်လမ်းရှိရင် နည်းလမ်းလေး ပေး ပါအုံး' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာကိုရေးပြီး အသေအချာမသိမ်းဘဲ သေတ္တာပေါ် တင်ထားခဲ့ပါရော။ လေတိုက်တော့ စာက ဟိုလွင့် ဒီလွင့်နဲ့ ဘုန်းကြီးက တွေ့လို့ ကောက်ဖတ်ကြည့်တဲ့အခါမှ သူ့တူက သူ့စေတနာကို ထေ့နာထင် ရေးထားတာ တွေ့ရပါသတဲ့။

လွတ်လပ်ချင်တဲ့ အဲ့ဒီကျောင်းသားလည်း ဆယ်တန်းတောင် မအောင်လိုက်ရပါဘူး။ လေလွင့်ပြီး ဖားကန့်ကျောက်တူး သွားလားသွားရဲ့၊ လားရှိုးဆိုင်ကယ် ကြယ်ရီအရောင်းအဝယ် လုပ်လားလုပ်ရဲ့နဲ့ ဘာမှဖြစ်မလာဘဲ ငှက်ဖျားတွေပါလာ၊ အရက်သမားလုံးလုံးကြီးဖြစ်ပြီး နောက်ဆုံး ရွာမှာ အရက်ကြောင် ကြောင်နေလို့ ဘကြီးဘုန်းကြီးကပဲ မြို့မှာခေါ်ပြီး အရက်ဖြတ်ပေး၊ ဆေးကုပေးရပါရောလား။

ဒီတော့ ဘုန်းကြီးက သူ့တူကို ပြောတယ်။

'ငါ့ကျောင်းကို ထောင်လို့ပြောတဲ့ကောင်၊ ခုတော့ ဒီနေရာပဲ ပြန်ရောက်လာပြီး ဒုက္ခိတဖြစ်နေပါရောလား။'

ဒါကြောင့် အချိန်အခါရှိတုန်း ပညာသင်ယူဖို့ အခွင့်အရေးပေးတုန်း အရယူတတ်ဖို့၊ ဘယ်မှာနေနေ စည်းကမ်းလိုက်နာဖို့ပါပဲ။

'သူ့ကျောင်းနေ သူ့စာအံရင် ဘာမှ ပြဿနာဖြစ်စရာ မရှိဘူး'

တိပိဋကဓရ ဓေယာဆရာတော်ကြီးကတော့

www.burmeseclassic.com

www.burmeseclassic.com



'စည်းကမ်းဆိုတာ လူတွေကိုချုပ်ချယ်နေတာ မဟုတ်ဘူး၊ လူ့အရှုပ်တွေကို ဖယ်နေတာပါ။'

လူတွေ ဆင်းရဲနေတာနဲ့ပတ်သတ်ပြီးတော့လည်း

'လူတွေက အဆင်းမှာ ရဲနေလို့ ဆင်းရဲနေကြတာ'။

ဓမ္မပီယဆရာတော်က

'လောကမှာ အချိန်ဆင်းရဲသူတွေက သူဌေးဖြစ်ပြီး၊ အချိန်သူဌေးတွေက ဆင်းရဲကုန်ကြတယ်'

မူလပရိတ္တာယဓာတ်တော်ကလည်း

'အချိန်က လူကိုစားတယ်။ အချိန်ကိုလည်း လူက ပြန်စားတယ်၊ လူမိုက်တွေက အချိန်ကို ဖြုန်းကြတယ်။ ပညာရှိတွေက အချိန်ကို သုံးကြတယ်တဲ့.'

***ဦးစန္ဒိမ(စလင်း)***

* * *

ပိုက်ဆော့ကာဘေ

www.burmeseclassic.com

www.burmeseclassic.com



# ပညာ

ပညာဆိုသည်ကား

အကြောင်းကို စီစစ်ခြင်း (Reasoning)

ဝေဖန်ခြင်း (critique)

စုံစမ်းခြင်း (Investigation)

စီမံကိန်းတစ်ခုကို လုပ်မည်ကြံလျှင် အချက်အလက် စုဆောင်းခြင်း (Collection of information)

ပုံထုတ်ခြင်း (Designing)

စီမံချက်ချခြင်း (planing)

ခန့်မှန်းတွက်ချက်ခြင်း (Estimating)

တည်ဆောက်ခြင်း (Construction)

လည်ပတ်ခြင်း (Running)

လုပ်ငန်းအားလုံးကို အကျိုးသက်ရောက်မှု ရှိ/ မရှိ ပြန်လည် သုံးသပ်ခြင်း (Evaluation of result)

ဗိုဟ်ဘ
www.burmeseclassic.com

www.burmeseclassic.com



ဓိမိလုပ်ငန်းသည် အားကြိုးသက်ရောက်မှုရှိလျှင် ဆက်လက်ဆောင်ရွက်ခြင်း (Contiunation)

အကျိုးသက်ရောက်မှု မရှိလျှင် စီမံချက်အသစ်ပြုလုပ်ခြင်း (Replanning)

လုပ်ငန်းအသစ်ပြုလုပ်ခြင်း

(Reconstruction) တို့သည်ပညာ (Wisdom)၏ အလုပ်ကိစ္စများဖြစ်ပါမည်။

ထို့ပြင်

ပညာပိုင်း၌ (Man power, Material power, Money power, Mind power)တို့ကို လုံလုံလောက်လောက် စုဆောင်းနိုင်ပါမှ သာသနာရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းတို့မှာ ထိရောက်အောင်မြင်မည် ဖြစ်ပါသည်။

(သီတဂူဆရာတော်)

* * *



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ဓာတ်ခွန်အားမြှင့်ပါဂါထာ

စကားမနည်းပါနှင့်။

ပြောသင့်သည့်အခါ ပြောပါ။

အရှက်အကြောက် မကြီးလွန်းပါနှင့်။

မာနနှိမ့်ချ၍ လိုက်လျောသော စေတနာဖြင့် ဆက်ဆံပါ။

ကူညီနိုင်သော အခွင့်အလမ်းကို ရှာ၍ကူညီပါ။

သိသော်လည်း မသိဟန်ဖြင့် ဆရာတင်သင့်သူကိုတင်ပါ။

သူတစ်ပါးအပေါ် ချီးမွမ်းစရာကို အမြောက်မလွန်အောင် ချီးမွမ်းပါ။

သည်းခံပါ။

လူအများနှင့် မဆန့်ကျင်မိအောင် အလိုက်အထိုက်နေပါ။

ဖိတ်ကြားချက်များကို မပျက်မကွက် သွားရောက်ပါ။

အများနှင့်ဆက်ဆံခွင့်ရ၍ စတင်မိတ်ဖွဲ့ခေါ်ပြောပါ။

(သင့်ဘဝမဂ္ဂဇင်းမှ)

* * *





## ကိုယ့်အလုပ် ကိုယ်လုပ်

သူတစ်ပါးကို အပြစ်တင်နေမည့်အစား ကိုယ့်အလုပ်ကို ကိုယ်လုပ်နေခြင်းသည် ပျော်ရွှင်ချမ်းမြေ့မှုတစ်ရပ်ဖြစ်သည်။

တစ်စုံတစ်ယောက်၏အမှားများ (သို့မဟုတ်) မပြီးပြတ်သော ကိစ္စများအတွက် အပြစ်မတင်သင့်သော်လည်း သူ့စေတနာအလျောက် ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုသင့်သည်။

အစဉ်သဖြင့် သူတစ်ပါးအပေါ် အပြစ်မြင်၍ မကျေမနပ်ဖြစ်နေတတ်သောသူသည် သူကိုယ်တိုင်၏ ဖောက်ပြန်မှုများ တိုးပွားနေခြင်းဖြစ်သည်။

ဤကဲ့သို့ဆိုလျှင်

သူကိုယ်တိုင်၏ ဖောက်ပြန်မှုကို နှိမ်နင်းရန် အလွန်ခက်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်အလုပ် ကိုယ်လုပ်

သူတစ်ပါးကို အပြစ်တင်နေမည့်အစား ကိုယ့်အလုပ်ကို ကိုယ်လုပ်နေခြင်းသည် ပျော်ရွှင်ချမ်းမြေ့မှုတစ်ရပ်ဖြစ်သည်။

တစ်စုံတစ်ယောက်၏အမှားများ (သို့မဟုတ်) မပြီးပြတ်သောကိစ္စများအတွက် အပြစ်မတင်သင့်သော်လည်း သူ့စေတနာအလျောက် ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုသင့်သည်။

အစဉ်သဖြင့် သူတစ်ပါးအပေါ် အပြစ်မြင်၍ မကျေမနပ်ဖြစ်နေတတ်သောသူသည် သူကိုယ်တိုင်၏ ဖောက်ပြန်မှုများ တိုးပွားနေခြင်းဖြစ်သည်။

ဤကဲ့သို့ဆိုလျှင်

သူကိုယ်တိုင်၏ ဖောက်ပြန်မှုကို နှိမ်နင်းရန် အလွန်ခက်ခဲပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တခြားသူများအပေါ် အပြစ်ရှာရန် အလွန်လွယ်ကူပါသည်။

သို့သော်

ကိုယ့်အပြစ်ကို ကိုယ်တိုင်ရှာရန်မှာ အလွန်ခက်ခဲသော အလုပ်ဖြစ်သည်။

တခြားသူများ၏အပြစ်ကို စပါးခွံလေ့သကဲ့သို့ ကွဲပြားထင်ရှားစေရန် ပြုလုပ်နိုင်သော်လည်း ကိုယ်ပိုင်အပြစ်ကိုမူ ကြွေမွှတတ်သည့် ပန်းပွင့်ကိုသိမ်းထားသကဲ့သို့ လှလှပပထားတတ်ကြသည်။

ပြစ်တင်ခြင်းနှင့် ဝေဖန်ခြင်းမှ ကင်းလွတ်သူများမှာ မရှိပေ။

ထို့ကြောင့် မြတ်ဗုဒ္ဓက

'လူတို့သည် တခြားသူများကို ပြစ်တင်ဝေဖန်ကြ၏။

ဆိတ်ဆိတ်နေလျှင်လည်း အပြစ်တင်ခံရ၏။

စကားနည်းသူနှင့် စကားများသူလည်း မလွတ်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် ပြစ်တင်ဝေဖန်ခြင်း မခံရသူဟူ၍ မရှိပေ'ဟူ၍ မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့ပါသည်။

သင့်ကို ဝေဖန်သူတိုင်း သင့်ရန်သူမဟုတ်ကြောင်း သတိပြုရမည်။ မမြင်နိုင်သော သင်၏အားနည်းချက်များကို ထောက်ပြသည့် ဝေဖန်ချက်များဆိုလျှင် အကျိုးရှိစွာ အသုံးချသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်မှုကြောင့် သင်ကောင်းသော လုပ်ငန်းများကို ရပ်မပစ်လိုက်ပါနှင့်။ သင့်အားနည်းချက်ကို သင်ကိုယ်တိုင်ဝန်ခံနိုင်မည်ဆိုလျှင် အောင်မြင်မှုအတွက် သင့်မှာ အသိဉာဏ်စွမ်းအားတစ်ရပ်ရှိနေပြီ ဖြစ်သည်။

(ဒေါက်တာကေသရီမွှာနန္ဒ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အစဆုံးအစမ

သားသမီးတွေက
မိဘတွေရဲ့ အဆုံးအမကို လိုက်နာကြတဲ့အခါ
သားသမီးတွေမှာ အသက်ရှည်ကြတယ်။
အဆင်းလှကြတယ်။
လိုတာရကြတယ်။
သားသမီးတွေက
မိဘတွေရဲ့ အဆုံးအမကို မလိုက်နာကြတဲ့အခါ
သားသမီးတွေမှာ အသက်တိုကြတယ်။
အရုပ်ဆိုးကြတယ်
လိုတာမရကြချေ....။

(ပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အရှက်နှင့်အကြောက်

တောကျတယ် ပြောပြော

နိုင်ငံတကာအဆင့်မမီဘူး ဆိုဆို

ဂလို ဘယ်အတွေးအခေါ်မရှိဘူးလို့ ကဲ့ရဲ့ ကဲ့ရဲ့

မြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့အတွက် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုသလို ထည်ချွတ်ထည်လဲ အပျော်တွဲကြတဲ့ ကိစ္စမျိုးတွေကိုတော့ လက်မခံနိုင်ပါဘူး။

'လင်ဆိုးမယား တဖားဖား၊ ဘဝမှာ အူနဲ့ မျက်ရည်သုတ်ပြီး သည်းခံ၊ သည်းခံ' လို့ ပြောနေတာမျိုးကို လက်မခံပေမယ့်လည်း တစ်လင်တစ်မယားစနစ်ကို တန်ဖိုးထားတဲ့

မြန်မာဓလေ့စရိုက်ကိုတော့ အင်မတန် မြတ်နိုးပါတယ်။

ခေတ်ကြီးပြောင်းတာနဲ့အတူ

အတွေးအခေါ်တွေလည်း ပြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်မှုပုံစံတွေလည်း ပြောင်းကြတာ သဘာဝကျပါတယ်။

ဒါပေမယ့်

လူ့လောကမှာ မပြောင်းအပ်တဲ့ အရာဆိုတာရှိပါတယ်။

အဓိပ္ပာယ်ဆုံးအားဖြင့်

တိရိ ဩတ္တပ္ပဆိုတဲ့ မကောင်းမှုပြုရမှာကို ရှက်ခြင်း၊

ကြောက်ခြင်းဆိုတဲ့ တရားနှစ်ပါးကိုတော့ လုံးဝမပြောင်းလဲအပ်ပါဘူး။

အရှက်မရှိ၊ အကြောက်မရှိဘူးဆိုရင်တော့

အဲဒီသူကို

လူတို့တောင် မခေါ်သင့်ဘူးလို့ ယူဆပါတယ်။

(လူထု စိန်ဝင်း)

* * *



www.burmeseclassic.com

www.burmeseclassic.com



# ဖန်ဆင်းရှင်

သားတို့ သမီးတို့ စဉ်းစားပါ၊ အရမ်းကာရော မယုံစရာ
စာမေးပွဲမှာ အောင်လိုက စာကြိုးစား[illegible]
ခွဲနဲ့ လုံ့လအရင်းခံ၊ ကြိုးစားအချိန်မှန်
ထိုသူကောန် ချမ်းသာပွား၊ ပညာစီးပွားကောင်းကျိုးများ၊
မကြိုးစားဘဲ အပျင်းထူ
ဆုပဲတောင်းနေသူ။
ကယ်မည့်သူ ဘယ်မရှိ၊ သေချာ ဒုက္ခရောက်မည်သိ။
ကိုယ်၏စွမ်းအား ကိုယ်ကိုးပါ၊
သေချာကြီးပွား တိုးတက်မှာ
ဗုဒ္ဓမြတ်စွာ ဟောညွှန်ကြား
ကောင်းကျိုးလိုလား ကျင့်စေသား၊
ကံ၊ ဉာဏ်၊ ဝီရိယ စွမ်းအင်များ
ဖန်ဆင်းရှင်လို့ မှတ်စေသား။

မေတ္တာရှင် (ရွှေပြည်သာ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ဓာတ်ခွန်အား

စစ်ပွဲတစ်သိန်းကို အောင်နိုင်ခြင်းထက် မိမိစိတ်ကို တစ်ကြိမ် အောင်နိုင်ခြင်းက အောင်မြင်မှုကောင်ဖြစ်သဖြင့် ပို၍ မြတ်၏။

(ဓမ္မပဒ)

စိတ်ဓာတ်ခွန်အား တိုးစေသောအရာများတွင် ကတိတည်ခြင်း ပါဝင်သည်။

ကတိတည်ခြင်းဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှု၊

သူတစ်ပါး၏ ယုံကြည်မှုကို ရရှိနိုင်သည်။

စိတ်ခွန်အားတိုးစေရန်အတွက် စိတ်ကို သန့်စင်အောင်ထား ကြရပါမည်။ သဘာဝအတိုင်း စဉ်းစားကြည့်လျှင်လည်း သန့်ရှင်း ဖြူစင်သော စိတ်ကမှ အရောင်လက်၍ တန်ဖိုးထွက်နိုင်သည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် စကားစပ်လာလျှင် သတိလက်လွတ် အတင်းအဖျင်းသဘောမျိုး ပြောမိသွားတတ်သည်။ ထိုအကျင့်မျိုးကို ဆင်ခြင်၍ ရှောင်ကြဉ်အပ်သည်။ မိမိပြောသောစကားသည် ဤနေရာ၌ (သူ့ကွယ်ရာတွင်ရော)သူ့ရှေ့တွင်မှာပါ ပြောဝံ့ ပြောနိုင်သော စကားဖြစ်ရမည်။

ကျွန်တော်တို့ တောမှာဆိုလျှင် ဈေးတောင်းမပင့်နိုင်၍ အကူ အညီလိုနေသူများ မကြာခဏ တွေ့ရတတ်သည်။ ပင့်ပေး၊ မပေး ကူညီပေးလိုက်ပါ။ လမ်းသွားလာရင်း တစ်ခုခု အခက်အခဲ တွေ့နေ သူကို တွေ့မြင်ရသည့်အခါ မိမိကူညီနိုင်သော ကိစ္စဖြစ်ပါက ကူညီ လိုက်ပါ။

ထိုသို့သော အသေးအမွှား ကုသိုလ်စိတ်ကလေးများသည် မိမိစိတ်ချမ်းသာဖို့အကြောင်း အထောက်အပံ့ကလေးများ ဖြစ်သည်။

ကျွန်တော် နံနက်တိုင်း ပုလင်းထဲမှာ ဆန်ထည့်လာပြီး၊ လမ်းမှာ ခိုကလေးများကို အစာကျွေးသည်။ ကျွန်တော့် စည်းစိမ် ထူးပြီး ယုတ်လျော့သွားသည် မဟုတ်သော်လည်း ခိုကလေးများ ပြေးလာကာ အစာအလုအယက်စားကြသည်ကိုကြည့်၍ ပီတိဖြစ်ရ သည့်အကျိုးက ပိုကြီးသည်။ အခိုက်အတန့်အားဖြင့် ပြင်ပစကာမှ

www.burmeseclassic.com



စိတ်ခွန်အား တိုးတက်စေရေးသာမက ကိုယ့်ကျန်းမာရေးအတွက်ပါ အထောက်အကူ ဖြစ်ပါသည်။

နောက်တစ်ချက်မှာ ဓော်င်းသည် အမှိုက်ခြင်းမဟုတ်။

ဓော်င်းထဲ၌ အကျိုးမရှိသော အတင်းအဖျင်း မဟုတ်တရုတ် သတင်းများကို ထည့်ကျွေးမပြုပါနှင့်၊ ဝင်လာသမျှ ဓော်င်းထဲထည့်၍ သိုမှီးထားလျှင် စိတ်ခွန်အားကို နှံ့စေပါသည်။

ထို့ကြောင့် စိတ်ကို သန့်အောင်ပြုရာတွင် အတင်းအဖျင်း ကိစ္စမျိုး၌ အာရုံမဝင်စားမိအောင် ပိုးထောင်ယူရပါမည်။ စိတ်သန့်လျှင် စိတ်မှာ ခွန်အားတိုးသည်။ ခွန်အားကောင်းရှိသူများသည် ယခု လောက၌ နေဝံ့နေရဲ၍ တမလွန်အတွက်လည်း မကြောက်တတ် တော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးစွမ်းအား

ငွေက တန်ခိုးစွမ်းအားတစ်ခုပါ။

အားလုံးသိကြတဲ့အတိုင်း ချစ်ခြင်းမေတ္တာဆိုတာ ဒီကမ္ဘာ လောကမှာ အကြီးအကျယ် အမြင့်မြတ်ဆုံးအရာ တစ်ခုပေါ့။

ဒါပေမယ့်

အဲဒီ ချစ်ခြင်းမေတ္တာပိုင်ရှင် ချစ်ဘတ်သောနှလုံးသားပိုင်ရှင်မှာ နေငွေကြေးသာ ပြည့်ပြည့်ဝဝ ဖောဖောသီသီရှိနေခဲ့မယ်ဆိုရင် သူဟာ ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့ လုပ်ရပ်တွေ စွမ်းဆောင်မလာနိုင်ဘူးလား။

ငွေဟာ တန်ခိုးစွမ်းအား။

ငွေမှာ ဖန်တီးနိုင်တဲ့ စွမ်းအားတွေရှိတယ်။ လောကကြီးတွင် ကောင်းရာကောင်းကြောင်းတွေ ဖန်တီးနိုင်တယ်။ လူအများအကျိုးကို သယ်ပိုးနိုင်တယ်။

(ရှဂ်ဆာယ်တွန်စဲလ်)

* * *



www.burmeseclassic.com

www.burmeseclassic.com



# တော်သူနှင့်ကောင်းသူ

'ကိစ္စများမြောင် လူတို့ဘောင်'ဆိုသကဲ့သို့ လူ့ကိစ္စ များမြောင်လှသော လူ့ဘဝတွင် လူသည် တစ်ဦးတည်း နေထိုင်လို့မရပါ။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပေါင်းသင်းနေထိုင်ကြပါတယ်။

ပုထုဇဉ်လောကတွင် ခြောက်ပြစ်ကင်း စင်းလုံးချော ဘယ်သူမှ မရှိပါဘူး။ 'လူတော်၊ လူကောင်း'၊ 'လူကောင်း၊ လူတော်' ဟူသော ဆောင်ပုဒ်များကို ကြားခဲ့ဖူးပါတယ်။ ဘယ်သူ့ကို ပေါင်းမလဲလို့ မေးရင် လူကောင်းတစ်ဦးဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မှာ အဓိကထား စဉ်းစားပြီး ပေါင်းသင်းမှာပါ။

ကောင်းတဲ့လူဆိုတာကို

အမူအကျင့်ကောင်းခြင်းလို့ နားလည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်ယူတတ်မြောက်ထားတဲ့ ပညာဉစ္စာကြွယ်ဝမှု၊ ရာထူးတွေနဲ့ စံထားပြီး သတ်မှတ်လို့မရပါဘူး။ မိမိနေထိုင်သော ပတ်ဝန်းကျင်တွင် အတွက်ပရ မှုတစ္စာ သုံးစွဲတတ်ခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်းဆိုတဲ့ အကျင့်တွေနဲ့သာ မှတ်ကျောက်တင်လို့ ရပါတယ်။

တော်တယ်ဆိုတာကတော့။

ဉာဏ်ရည်ထက်မြက်သူလို့ပဲ ထင်ပါတယ်။

မကောင်းတဲ့လူဆိုတာ 'ဘယ်သူသေသေ ငတေမာရင်ပြီးရော' ဆိုတဲ့ လူမျိုးဖြစ်ပြီး၊ အမြတ်မီး သူများထက် ခေါင်းတစ်လုံးသာလိုကာ 'ငါတော်၊ ငါတတ်'ငါဒကို ကျင့်သုံးပြီး၊ ရဲဘော်ရဲဘက်စိတ်မရှိဘဲ နောက်ကျောကို ဓားနဲ့ထိုးတတ်တဲ့ စိတ်ဆိုးတွေကို ပိုင်ဆိုင်ထားသူတွေ ဖြစ်ပါတယ်။ ဒီလိုလူမျိုးတွေ တော်နေပါက ပတ်ဝန်းကျင်ရှိ ခုနစ်ရက်သားသမီးကို အဆိပ်သင့်စေမှာပါ။

ဗုဒ္ဓစာပေများတွင်လည်းကောင်း၊ မြန်မာနိုင်ငံရေးသမိုင်းတွင်လည်းကောင်း အထင်အရှားရှိပါသည်။

တော်သော်လည်း မကောင်းသောသူများသည် မကောင်းတဲ့ စိတ်အကျင့်ကြောင့် လူ့ပတ်ဝန်းကျင်ကို အကျည်းတန် အရုပ်ဆိုး စေသလို သူတို့၏ဘဝတက်လမ်းအလုပ်လည်း ကြားရှုအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ ထိတ်လန့်သွားစေပါတယ်။

မတော်သော်လည်း ကောင်းသောအမှုအကျင့်ရှိသူများသည် သူစွမ်းသလောက် လူ့ပတ်ဝန်းကျင်ကို အကျိုးပြုမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မတော်ပေမယ့် ကောင်းတဲ့သူနဲ့သာ ပေါင်းသင့်တယ်လို့ ထင်ပါ၏။

ဇော်လင်းမောင်(စိုက်ပျိုးရေး)

* * *

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ဓာတ်

ဖြစ်စရာရှိသည့်အတိုင်းပင် သင်ဖြစ်ရလိမ့်မည်။
မအောင်မြင်မှုက သူ၏အကြောင်းရင်းကို
ပတ်ဝန်းကျင်ဆိုသည့်
အရေးမပါသော စကားလုံးမှာ ရှာဖွေကာ
နှစ်သိမ့်မှုပေးနေသည်ဖြစ်သော်လည်း
စိတ်ဓာတ်ကမူ
ယင်းကိုမထိမဲ့မြင်ပြုကာ လွတ်လပ်စွာပင် ရပ်တည်သည်။
သူသည် အချိန်ကာလကို စိုးမိုးသည်။
နေရာဌာနကိုလည်း အောင်နိုင်သည်။

ကံကြမ္မာတည်းဟူသော ဝင့်ကြွားတတ်သူ လူလည်စားကို ချိုးနှိမ် ငြိမ်ဝပ်စေသည်။

အခြေအနေ အကြောင်းခြင်းရာတည်းဟူသော အာဏာရှင် ဘုရင်မင်းကို သရဖူချွတ်ပယ်ကာ အစေအပါးအဖြစ် ခစားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



မသေသုံးနိုင်သော နာမ်ဝိညာဉ်မှ ပေါက်ဖွားခဲ့သည့် 'စိတ်ဓာတ်' တည်းဟူသော မမြင်ရသည့် စွမ်းအားသည် ရည်မှန်းချက်ပန်းတိုင်သို့သွားရာလမ်းတွင် ကျောက်သားနံရံ ခြားထားသော်လည်း ထွင်းဖောက်၍သွားမည်ပင်။

ထို့ကြောင့် ဖြစ်လိုရာမဖြစ်သေးဘဲ နှောင့်နှေးကြန့်ကြာနေသည့် ကာလမျိုးတွင် နှေးကွေးလှဘိဟု ညည်းညူမြည်တမ်းမှု မပြုပါနှင့်။

နားလည်သူ ပိသစွာ
စောင့်စည်း သည်းခံပါ။
စိတ်ဝိညာဉ် ကြိုးကြွနိုးထပြီး
အရာရာကို စိမ်ခန့်စွဲပြီဆိုလျှင်
နတ်ဒေဝါများပါမကျန်
နာခံရန်အသင့်ရှိကြမည်သာပင်။

ဝေမြင့်

* * *

www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်ချင်ပါက

၁။ နွားကဲ့သို့ရုန်းပြီး လုပ်ကိုင်နိုင်ရမည်။
၂။ မြင်းကဲ့သို့ လျင်မြန်ဖျတ်လတ်စွာ လုပ်ကိုင်နိုင်ရမည်။
၃။ ဆင်ကဲ့သို့ ရုပ်ခွန်အား၊ စိတ်ခွန်အား နှစ်မျိုးလုံးဖြင့် လုပ်ကိုင်နိုင်ရမည်။
၄။ ခြင်္သေ့ကဲ့သို့ သတ္တိရှိစွာ လုပ်ကိုင်နိုင်ရမည်။

အသောကမင်းကြီးသည် ထိုအင်္ဂါလေးချက်နှင့်အညီ လုပ်ကိုင်သာသနာပြုခဲ့သောကြောင့် သူ့ခေတ် သူ့အခါက ဗုဒ္ဓဘာသာကို ကမ္ဘာလူဦးရေ ၎းပုံ-ပုံ၊ လေးပုံက ကိုးကွယ်ခဲ့ကြခြင်းဖြစ်၏။

မေတ္တာရှင်(ရွှေပြည်သာ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အောင်ရမည်ဟူသော စိတ်ဓာတ်ဖြင့်လုပ်ဆောင်ပါ

ကျွန်တော်သည် ၁၉၅၁–ခုနှစ် မှ ၁၉၆၅–ခုနှစ် အထိ (၁၅)နှစ်တိုင်တိုင် လက်ဝှေ့ထိုးသတ်လာခဲ့ပါသည်။

လက်ဝှေ့ပွဲပေါင်း (၇၄)ပွဲ ထိုးသတ်ခဲ့ရာ (၆၃)ပွဲကို အနိုင်ရပြီး၊ (၁၁)ပွဲ ရှုံး၏။ ချန်ပီယံဘွဲ့ပေါင်း (၁၃)ဘွဲ့ ရရှိခဲ့သည်။ လက်ဝှေ့ထိုးသတ် (၁၅)နှစ်ကျော် သဲအိတ်ပေါင်း (၆၂)လုံးကို ညာဗလာ လက်သီးဖြင့် ထိုးခွဲနိုင်ခဲ့သည်။ ထို (၆၂)လုံးခွဲစံချိန်ကို ယနေ့ ၂၀၁၃–ခုနှစ်အထိ ဘယ်သူတစ်ဦး တစ်ယောက်ကမှ မချိုးနိုင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားလှသည့် လက်ဖွေ့ပွဲတစ်ပွဲကို တင်ပြပါရစေ။

(၁-၃-၁၉၆၁)ရက်က ရွှေဘိုအောင်ဇေယျဘောလုံးကွင်း၌ ကျင်းပခဲ့သည့် လက်ဖွေ့ပွဲဖြစ်သည်။

ကျွန်တော်နှင့် ၁၉၅၆-ခုနှစ်က မန္တလေးမြို့ကျောင်းတော်တွင် ဖြိုင်ဖက်ဖြစ်ခဲ့သူ မြန်မာပြည်လက်ရွေးစင်အောင်သိန်းကြီး(B.E.M.E) ရွှေဘိုသို့ ဆရာကျားဘညိန်းတို့နှင့်အတူ လိုက်ပါလာသည်။

ကျွန်တော်ကစ၍ အောင်သိန်းကြီးနှင့် အထူးပွဲ ထိုးသတ်လိုကြောင်း ဆရာကျားဘညိန်းအားပြောပြရာ....

'ခင်အောင် ..., မထိုးနဲ့၊ အောင်သိန်းက လွန်ခဲ့နှစ်က ဘန်ကောက်မြို့မှာ ယိုးဒယားကို အကွဲထိုးလာတာ'

ကျွန်တော်က

'ယိုးဒယားကွဲတာ ကျွန်တော်ကွဲတာမှ မဟုတ်ဘဲ ဆရာ ထိုးပါရစေ'

ကျွန်တော့်မေမေ၊ မန္တလေးသူဘက်က ဆွေမျိုးတော်စပ်သော ဆရာကျားဘညိန်းက လက်ရည်မညီသဖြင့် မထိုးစေချင်၊ သို့ရာတွင်

'ဒီလောက်တောင် ထိုးချင်တဲ့ကောင် ထိုးကွာ ... ထိုး၊ ခေါင်းလဲမှာပဲ'တဲ့။

(၁-၃-၁၉၆၁)ရက်ည နောက်ဆုံးပွဲစဉ် ၁၅။



www.burmeseclassic.com

www.burmeseclassic.com



အောင်သိန်းကြီး(B.E.M.E) (မန္တလေး)အနိုင်တောင့် ဘာမထိ ခင်အောင်(ရွှေဘိုကျားနက်)အပြာထောင့်။

ကျွန်တော်နှင့် ဝိတ်မတူ၊ အလွန်ထွားကြိုင်းသန်မာလှသည့် အောင်သိန်း။

ပိန်ကပ်ကပ် ပိန်လှိုလှို ညာခြေပလွေ့ရှိးနှင့် ဘာမထိ။

ပရိသတ် ၆၀၀၀ စလုံးက ကျွန်တော်ကျရှုံးမည်တဲ့။

ကျွန်တော်ယုံကြည်ထားသည် 'ငါနိုင်ရမည်' ၊ 'ငါနိုင်ရမည်' ဟု ကျွန်တော်တစ်ဦးတည်းကပဲ ကျွန်တော်နိုင်မည်ဟု သိထား၊ ယုံထားသည်။ သို့ဖြင့် ယှဉ်ပြိုင်ကြရာ တတိယအချီပြီးခါနီး အောင်သိန်းကြီး အလဲထိုးခံလိုက်ရလေသည်။

ကျွန်တော့်အသဲမှာ 'နိုင်ရမည်' 'အောင်ရမည်' ဟူသော ဆုံးဖြတ်ချက် အမြဲပဲ ကိန်းဝပ်လျက်ရှိနေပါသည်။

နိုင်ရမည်၊ အောင်ရမည်ဟူသော အားမာန်ကို ဆရာကြီး ဝိမိုးနင်းရေးသည့် စာအုပ်ကိုဖတ်၍ မှတ်၍ထားကာ ကျွန်တော်က လက်တွေ့ကျကျ လုပ်ဆောင်ခဲ့ပြီး အောင်ပွဲအဆင့်ဆင့် ရခဲ့ခြင်း ဖြစ်သည်။

နိုင်ဂိုးချုပ်အနေဖြင့် ရေးရလျှင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တက်လူ လူငယ်၊ လူရွယ်များအား ပြောလိုသည်မှာ ...

'ဘာပဲလုပ်လုပ် အောင်မြင်ရမည်။ နိုင်ရမည်'ဟု ယတိပြတ် ဆုံးဖြတ်ချက်ချထားပြီး ဇွဲသတ္တိ၊ လုံ့လ၊ ဝီရိယရှိရှိနဲ့ လုပ်ကြပါ။ အောင်မြင်မှု ရလာမှာမလွဲပါ။

(ဘာမတီ ခင်အောင်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်အားကိုယ်ကိုး

သင့်အား

မည်သူမျှ အပေါ်အမြင့်သို့ရောက်အောင်

ကြိုးဖြင့် မဆွဲတင်နိုင်။

ကြိုးကို

ကြာကြာဆုပ်ကိုင် မထားနိုင်သောအကြောင်းကြောင့်ပင်

သင်ပြုတ်ကျမည်ဖြစ်၏။

သို့သော်

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ တက်လျှင်ကား

အမြင့်ဆုံး တောင်ထိပ်ဆုံးရောက်အောင်ပင်

သင်တက်နိုင်မည်ဖြစ်၏။

(ဘရုန်ဒိုက်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ကျင့်တရား

ပုဂ္ဂိုလ်တစ်ဦး၏ ဘဝကံကြမ္မာသည်

သူ၏အကျင့်စာရိတ္တ၊ စရိုက်နှင့် သိက္ခာပေါ်တွင် တည်သည်။

လူမျိုးစုများ နိုင်ငံကြီးတစ်ခုတည်ဆောက်ရာတွင်လည်းကောင်း၊ တည်ထောင်နှင့်ပြီးရှိပါကလည်း စုစုစည်းစည်းရှိနေစေရန်မှာလည်း အကျင့်စာရိတ္တစရိုက်နှင့် သိက္ခာပေါ်တွင် အဓိကအခြေခံ၍ တည်ထောင်ကြရသည်။

ထို့ကြောင့်

စုစုစည်းစည်းရှိသော လူမျိုးစု၊ နိုင်ငံကြီးတစ်ခုအဖြစ် အစဉ်အဆက် တည်မြဲစေရန် အကျင့်စာရိတ္တ၊ စရိုက်နှင့် သိက္ခာခိုင်မြဲသော ပုဂ္ဂိုလ်များ ပေါ်ထွန်းပေါင်းဖွဲ့လိုမည်။

www.burmeseclassic.com

www.burmeseclassic.com



အကျင့်စာရိတ္တကို အင်္ဂလိပ်ဘာသာဖြင့် Morality ဟူ၍ အနက်ပြန်သည်။ အဘိဓာန်ဆရာကြီး ဦးထွန်းမြင့်က ဟိရိဩတ္တပ္ပ တရား၊ လောကဝတ်တရား၊ လောကပါလတရား၊ မြင့်မြတ်သော လောကပါလတရား၊ တရားခြင်း၊ ဖြောင့်မှန်ခြင်း၊ စင်ကြယ်ခြင်း၊ သန့်စင်ခြင်း၊ မညစ်ညမ်းခြင်း လောကဝတ် ကျင့်ဝတ်များဟူ၍ အကျယ်ဖွင့်ဆိုထားပါသည်။

လူ့လောကတွင် ကိုယ့်ကျင့်တရား စာရိတ္တသည် လွန်စွာ အရေးကြီးပါသည်။ ဂန္ဓိက ယခုလိုအမိန့်ရှိသည်ကို သတိပြုရပါမည်။

Morality is the basis of thing and truth is the substance of all morality.

လူမှုကိစ္စအဝဝတွင် စာရိတ္တသည် အခြေခံတရားဖြစ်သည်။ သစ္စာတရားသည် စာရိတ္တဟူသမျှ၏ တံခွန်ဖြစ်သည်။ ထို့ကြောင့်

နိုင်ငံတည်ဆောက်ရေးတွင် ပြည်သူပြည်သား နိုင်ငံသားအပေါင်း၏ စာရိတ္တကိုယ်ကျင့်တရားသည် အဓိကအရေးပါသည်။ ထို့ကြောင့်ပင် ပညာကျော် အရစ္စတိုတယ်က -

States are made not from rocks and trees, but from the characters of their citizens.

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်နိုင်ငံများကို

နိုင်ငံသူနိုင်ငံသားတို့၏ အကျင့်စာရိတ္တ စရိုက်ကောင်းများဖြင့် တည်ဆောက်နိုင်ပါသည်ဟူ၍ အမိန့်ရှိခဲ့ပါသည်။

သဘောတရားမှာ နိုင်ငံတော်ကို တည်ဆောက်ရာတွင် အကျင့်ပျက်၊ စာရိတ္တပျက်၊ သီလပျက်သူများနှင့် တည်ဆောက်၍ မရနိုင်ကြောင်း ဆိုလိုရင်းပင်ဖြစ်သည်။

*ဦးသန်းထွန်း(ပါဠိမာဂဓ)*
*ပညာရေးတက္ကသိုလ်*

* * *



www.burmeseclassic.com

www.burmeseclassic.com



# အချိန်အခါ

လောက၌
အရာဝတ္ထုတိုင်းအတွက်
အခါရာသီဟူသည်ရှိ၍
အကြောင်းကိစ္စတိုင်းအတွက်လည်း
အချိန်အခါဟူသည်ရှိ၏။
မွေးဖွားရမည့်အချိန် ရှိသကဲ့သို့
သေဆုံးရမည့်အချိန် ရှိသည်။
စိုက်ပျိုးရမည့်အချိန် ရှိသကဲ့သို့
စိုက်ပျိုးခဲ့သည်များမှ
ခူးဆွတ်ရိတ်သိမ်းရမည့်အချိန်လည်း ရှိပေသည်။

(ဓမ္မဟောင်းကျမ်း)

* * *



www.burmeseclassic.com

www.burmeseclassic.com



# သညာ်းခံပါ

ရွှေစကြာဦးစိုးမြင့်ဆိုတာ ခေတ်တစ်ခေတ်မှာ အထင်ကရ ရှိခဲ့ဖူးတဲ့ စာရေးဆရာပါ။ နတ်သျှင်နောင်ကို အမျိုးသားရေးအမြင်နဲ့ ရေးပြသွားခဲ့တဲ့ 'နားခံတော်' ဝတ္ထုဆိုရင် လယ်တီးပဏ္ဍိတ ဦးမောင်ကြီးတို့ကိုယ်တိုင် လက်များခါ ချီးကျူးခဲ့ရတဲ့ဝတ္ထုပါ။

စာတာက်တဲ့ လူပျံတော်တစ်ယောက် ဖြစ်သလို စိတ်လည်း အတော်တိုပုံရပါတယ်။

၁၃၀၉-ခုနှစ်မှာ မစိုးရိမ်ကျောင်းတိုက်က ဦးညာဏဘာသ ဆိုတဲ့ နာယကဘုန်းကြီးတစ်ပါးက မွှာစရိယ စာချကာန်းမှာ ၃–ကျမ်းလုံးကို တစ်နှစ်တည်း အောင်လာပါတယ်။

အောင်လာပုံက သူများနဲ့မတူပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



၁၃၀၈–ခုနှစ်မှာ ပထမကြိုးတန်းအောင်ပြီး၊ ၁၃၀၉–ခုနှစ်မှာ စာချတန်းဝင်ဖြေတာ နှစ်မခြားတဲ့အပြင် ဇကျပ်းလုံးလည်း အောင်မြင်လာပါတယ်။

အောင်ပုံက [illegible]တစ်သန့် ထူး[illegible]ပါတယ်။ ဒီအချိန်မှာ ရွှေစကြာဦးစိုးမြင့်[illegible]ပါဠိပညာရေးအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပါဝင်နေပါသည်။

ကိုယ်တိုင်လည်း စာမေးပွဲတွေမှာ ထူးထူးချွန်ချွန်အောင်ခဲ့လေတော့ အခုလို ထူးထူးချွန်ချွန်အောင်[illegible]ဦးညာဏဘာသကို ထူးထူးခြားခြား ချီးမြှင့်လိုတာန်ရှိပါတယ်။

ဒါကြောင့်

ရွှေစကြာဦးစိုးမြင့်က ထူးထူးခြားခြားအောင်လာတဲ့ ဦးညာဏဘာသကို ဘွဲ့ဂုဏ်ထူးတစ်ခု သီးသန့်ရွေးချယ် ပေးသင့်ကြောင်း ပါဠိပညာရေးအဖွဲ့ ဥက္ကဋ္ဌဆီ စာတင်လိုက်ပါတယ်။

စာတင်ပြီးတော့ မစိုးရိမ်ဆရာတော်ဆီ ရောက်လာပါတယ်။ ရောက်တာနဲ့ ရွှေစကြာဦးစိုးမြင့်ကပဲ စကားစဆိုပါသည်။

"ဦးညာဏဘာသကို ဘွဲ့ထူးဂုဏ်ထူး ရွေးချယ်ပေးဖို့ အတွက် ဥက္ကဋ္ဌဆီ စာပည့်တော် စာတင်ထားတယ် ဘုရား"

"စိုးမြင့် . . . မင်းလုပ်ပုံကမဟုတ်ဘူး။ မင်းက မစိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွက် သူတို့မစိုးရိမ်ပကိုက်က ထူးထူးခြားခြားအောင်လို့ ဒီစာဘင်တယ်လို့ ယင်မှာပေါ့။ ဘွဲ့ထူးဂုဏ်ထူးရတော့လဲ ဘာမှ မထူးပါဘူးကွာ။ မပေးတော့လဲ ဘာမှဖြစ်မသွားပါဘူး။ ဆန္ဒကတိ လိုက်တယ်လို့ထင်သွားရင် သိပ်ရှက်စရာကောင်းပါတယ်။

'ထင်ရင်လည်း မတတ်နိုင်ဘူး ဆရာတော်၊ ပေးသင့်တာက တော့ အမှန်ပဲမဟုတ်လားဘုရား'

'မင်း ... ကဲ ဉာဏောအရင် ဒီလိုအောင်ပူးတဲ့ ပုဂ္ဂိုလ် မရှိဘူးလားကွာ'

'တစ်ပါးရှိတယ်လို့ ကြားပူးပါတယ်ဘုရား'

'မင်းတို့ အဲဒီ ဦးပဉ္ဇင်းအောင်တုန်းကတော့ ဘာဖြစ်လို့ ဘွဲ့ဂုဏ်ထူးပေးဖို့ မစဉ်းစားခဲ့ကြသတုန်း'

'တပည့်တော် အဖွဲ့မှာ မပါသေးလို့လား မပြောတတ်ပါဘုရား မှတ်တမ်းပြန်ကြည့်ပါဦးမယ်'

'မင်းတို့ ဉာဏောကို ဘွဲ့ထူး၊ ဂုဏ်ထူးပေးရင် ဉာဏော အရင်အောင်ခဲ့တဲ့ ဦးပဉ္ဇင်းကိုလည်း ပေးရမယ်မောင်ရ'

'ဒါကတော့ စဉ်းစားရမှာပေါ့ဘုရား'

ဆရာတော်နဲ့ ရွှေစကြာဦးမြင့်တို့ အပြန်အလှန် ပြောခဲ့တဲ့ စကားတွေပါ။ အဲဒီနှစ်က ဦးဉာဏောဘာသကို 'ဒေါ်ရောမဏိ'



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ထူးပေးခဲ့သလို ဦးဉာဏာဘာသ အရင်အောင်ခဲ့တဲ့ ဦးပဥ္စင်းကိုလည်း 'သိရောမဏိ'ဘွဲ့ထူး ပေးခဲ့တယ်လို့ ဆိုပါတယ်။

ဒီကိစ္စနဲ့ မရေးမနှောင်းပါ၊ အဖွဲ့အစည်းအဝေးတစ်ခုမှာပဲ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်နှင့် ရှေ့စကြာဦးစိုးမြင့်တို့ ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး အကြီးအကျယ် အငြင်းအခုံဖြစ်ကြပါတယ်။

ဦးစိုးမြင့်က မျက်နှာကြီးနီပြီး ဒေါသအတော်ထွက်နေတယ်လို့ ဆိုပါတယ်။ စည်းဝေးပွဲပြီးသွားတော့ မစိုးရိမ်ဆရာတော်က ဦးစိုးမြင့်ကိုခေါ်ပြီး ဒေါသမထွက်ဖို့ အရာရာသည်းခံဖို့ ဆုံးမဩဝါဒ ပေးပါတယ်။

ဒေါသအရှိန် မပြယ်သေးသည့် ဦးစိုးမြင့်က ဆရာတော်ကို ဘယ်လို ပြန်လျှောက်သလဲဆိုတော့....

"တပည့်တော်မဟုတ်ရင် မခံချင်ဘူးဆရာတော်၊ ဟုတ်ရင် ဘယ်လိုလုပ်လုပ် ခံမှာပဲ"လို့ လျှောက်ပါတယ်။ ဒီတော့ ဆရာတော်က

"ဪ.... မင်းက မဟုတ်ရင်မခံချင်ဘဲကိုး၊ အဲဒီလိုဆိုရင် မင်း တစ်သက်လုံး တစ်လောကလုံးနဲ့ ငြင်းခုံ ခိုက်ရန်ဖြစ်နေပေရော့၊ ဒီလောကကြီးက ဟုတ်တဲ့ လောကကြီးမှ မဟုတ်တာ၊ မဟုတ်ႁ တဲ့ လောကကြီးပဲကွယ့်၊ ဟုတ် ဟုတ်၊ မဟုတ် ဟုတ် သည်းခံရမှာပေါ့"လို့ မိန့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဦးစိုးမြင့်လည်း ဒေါသအရှိန်ပြေသွားတယ်လို့ ဆိုပါတယ်။

ရွှေစကြာဦးစိုးမြင့်နဲ့ ဆရာတော်၏ အခန်းကဏ္ဍမှာ ဥဒါန်းတွင်ရစ်ခဲ့တဲ့ ဆရာတော်ရဲ့ ရွှေစကားတစ်ခွန်းပါ။

ရဝေနွယ်(အင်းမ)

ရွှေစကားတို့ရဲ့ မြစ်ဖျားမှ

* * *



www.burmeseclassic.com

www.burmeseclassic.com



# အတွေးလက်ဆောင်များ

BURMESE CLASSIC

✦ စွမ်းရည်ဆိုသည်မှာ
လူတစ်ယောက်၏ ဆောင်ရွက်နိုင်စွမ်းဖြစ်သည်။
သူဘယ်လောက် စွမ်းဆောင်နိုင်တယ်ဆိုတာ
စေတနာနဲ့လုပ်ဆောင်မှုက သက်သေခံပေးရတယ်။

✦ အခြားသူတစ်ဦးတစ်ယောက်ထံမှာ
အကောင်းဆုံးကို လိုချင်တယ်ဆိုရင်တော့
အရင်ဆုံး
သင့်ဆီကအကောင်းဆုံး ဘွကို
အရင်းအနှီးပြုပေးရပါမယ်။
အကောင်းဆုံးမပေးဘဲနှင့်
အကောင်းဆုံးရနိုင်မည်မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



✦ တန်ဖိုးဆိုသည်မှာ
မူလအနေအထားအတိုင်း ရှိနေပါသည်။
အသုံးချတတ်သူအတွက်တော့ တန်ဖိုးမြင့်နေပြီး၊
အသုံးမချတတ်သူမှာတော့ တန်ဖိုးနိမ့်ကျစေပါတယ်။

✦ တန်ဖိုးရှိသော သစ်သားတစ်တုံးကို ရသူခြင်းအတူတူ
အတုံးလိုက်ရောင်းချသူနှင့် ပန်းပုထုပြီးမှ ရောင်းချသူ
ထိုနှစ်ဦးတို့မှာ အကျိုးအမြတ်ရရှိသည်ချင်းမတူနိုင်ပါချေ။

✦ အချိန်သည်
အရာအားလုံးကို ဖြစ်စေနိုင်ပါသည်။
အချိန်ကို လူတိုင်းပိုင်ဆိုင်ခွင့်ရှိနိုင်သည်။
သို့သော်
ခွဲဝေသုံးစွဲမှုခြင်းမတူသလို
ရရှိသောအကျိုးအမြတ်ခြင်းကလည်း ကွာခြားနေပေလိမ့်မည်။

ကြိုစက္ကာ

ကိုးသချိုင်း သံစဉ်မှ

* * *

www.burmeseclassic.com

www.burmeseclassic.com



# ခွန်အားနဲ့ အနိုင် အရှုံး

ဒေါသခွန်အား ကြီးသူဟာ တုတ်၊ ဓါးလက်နက်ကိုင်ပြီး၊ အနိုင်ယူတတ်ကြပါတယ်။ မေတ္တာခွန်အားကြီးသူကြတော့ ခန္တီလက်နက် စွဲကိုင်ပြီး၊ အရှုံးပေးရဲတဲ့ သတ္တိရှိတယ်။

(အမရပူရ–တူးမောင်းဆရာဇော်)

BURMESE CLASSIC

အမရပူရမြို့ တူးမောင်းတိုက်မှာ ညအခါ ဘုရားဝတ်ပြုပြီးတာနဲ့ တစ်ကျောင်းတစ်ပါး အလှည့်ကျ ကျောင်းစောင့်ချုန်ပြီး၊ ဆရာတော်ကြီးကျောင်းပေါ်မှာ အားလုံးစုပေါင်း တပြန်၊ တအံ့ လုပ်ရပါတယ်။

တစ်နေ့မှာ ကျောင်းစောင့်ကျုန်ခဲ့တဲ့ ကျောင်းနီးချင်းကိုရင် အကြီးနှင့်အငယ် ရန်ဖြစ်ရာက ခြေလွန်လက်လွန်ဖြစ်ပြီး၊ ငယ်တဲ့ကိုရင် ဆေးရုံသွားချုပ်လိုက်ရတဲ့အထိ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



*

ပြဿနာတစ်ခုခုဖြစ်ပြီဆိုရင် သံဃာအားလုံး ဆရာတော်ကျောင်းအပေါ်ထပ်မှာ စုဝေးစေရတယ်။ ဖြစ်ပေါ်လာတဲ့ ပြဿနာကို အကြောင်းပြုပြီး ဆရာတော်က ဆုံးမဩဝါဒပေးတယ်။

ပြီးမှ အပြစ်အလိုက် တချို့ကုန်းကြီးများက အရေးယူဆောင်ရွက်ရတယ်။ သွေးထွက်သံယို ရန်ဖြစ်တာဆိုရင် ကျောင်းတိုက်က အပြီးနှင်ထုတ်ခံရမယ်လို့ စည်းကမ်းသတ်မှတ်ပြီးသား။

အဲဒီနေ့ကလည်း ထုံးစံအတိုင်း အပြစ်ကျူးလွန်တဲ့ ကိုရင်အပါအဝင် သံဃာအားလုံး စုညီနေရာယူပြီးကြတဲ့အခါ ဆရာတော်က

'ငြင်းခုံတယ်၊ ရန်ဖြစ်တယ်ဆိုတာ တကယ်တော့ ကိုယ့်ရှိတဲ့ ခွန်အားထုတ်ပြီး ပြိုင်ကြတာပဲ၊ ခွန်အားဆိုတာ ဒေါသခွန်အားလည်း ရှိတယ်၊ မေတ္တာခွန်အားလည်းရှိတယ်။'

'ဒေါသခွန်အားကြီးသူများကြတော့ တုတ်၊ ဓားလက်နက်စွဲကိုင်ပြီး၊ လက်ဦးမှု ယူကြ၊ အနိုင်ယူတတ်ကြတယ်။ မေတ္တာခွန်အားကြီးသူများကြတော့၊ ခန္တီလက်နက်စွဲကိုင်ပြီး၊ အရှုံးပေးရဲတဲ့ သတ္တိရှိကြတာမျိုး၊ အချင်းချင်းပြိုင်ကြတဲ့အခါ သည်းခံရဲဖို့ အရှုံးပေးရဲဖို့ဆိုတာ တော်တော့်လူ လုပ်နိုင်ခဲတယ်။ ဒီလို သူများလုပ်နိုင်ခဲတဲ့အရာကို ကိုယ်က လုပ်ရဲတာမျိုးမှ သတ္တိခေါ်စ်လို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်လို့ ရန်ဖြစ်တယ်။

ဖုတ်ခတ်တယ်ဆိုတာကတော့ တိရစ္ဆာန်ချင်းတောင် လုပ်ရဲကြတာပဲ၊ လုပ်လည်း လုပ်နေကြတာပဲ၊ လူဆိုတာ အကြောင်းနဲ့အကျိုး ဆက်စပ်သိတတ်တဲ့ တိတိတ်မျိုးနွယ်တွေပဲ၊ လုပ်ချင်တိုင်းလုပ်ပစ်ရတာမျိုး မဟုတ်ဘူး၊ ဆင်ခြင်စဉ်းစားရတယ်။ လုပ်သင့်မှလုပ်ရတာ မလုပ်သင့်ရင် ရဲရဲရှောင်၊ လုပ်သင့်တာကို ရဲရဲလုပ်၊ ဒီမျိုးမှ တကယ့် သတ္တိအစစ်ခေါ်တာ၊

ဒီလို သတ္တိအစစ်မရှိတဲ့သူတွေမှာ မောဟလွှမ်းတာ ခံရပြီး၊ ဒေါသကို သတ္တိလို့ ထင်မြင်ပြိုင်ဆိုင်တတ်ကြတယ်။ အခုဖြစ်ရတာတာ ဒီသဘောပဲ။

သီလရဲ့ တရားကိုယ်က အဒေါသ(မပြစ်မှားခြင်း)ဆိုတဲ့ မေတ္တာတရားပဲဖြစ်လို့ ဒေါသဟာ သီလရဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်တယ်။ ဒါကြောင့် ဒေါသအလိုလိုက်ရင် သီလပျက်တယ်။ ဒေါသဖြစ်စရာကို သည်းခံလိုက်ရင် ဒေါသရဲ့ ဆန့်ကျင်ဘက် အဒေါသဆိုတဲ့ မေတ္တာတရား ဖြစ်ပေါ်လာသလို သီလလဲ့ည်း လုံခြုံလာတယ်။

သီလလုံခြုံသူအတွက် မျက်မှောက် ဒိဋ္ဌရနိုင်တဲ့ အကျိုးတရားနဲ့ပတ်သက်လို့ သာမညဖလသုတ်မှာ မြတ်စွာဘုရားက ဘေးရန်အမျိုးမျိုးတို့နဲ့လည်း မတွေ့မကြုံရဘူး၊ မိမိသန္တာန်မှာ အပြစ်

www.burmeseclassic.com



ကင်းခြင်းဆိုတဲ့ ချမ်းသာကိုလည်း ခံစားရမယ်လို့ ဟောထားတယ်။

(ဒီ-၁+၆၆)

ဒါနဲ့ ဆန့်ကျင်ဘက်အဖြစ် သီလဖျက်သူကတော့ ဘေးရန် အမျိုးမျိုးနဲ့ တွေ့ကြုံရတယ်။ အပြစ်မကင်းတဲ့အတွက် စိုးရိမ်ပူပန် ခြင်းကိုလည်း ခံစားနေရမှာ မလွဲဘူး။

သီလကြောင့် ရရှိတဲ့ အပြစ်ကင်းခြင်းဆိုတဲ့ ချမ်းသာကို ပေါ့ပေါ့လေး မထင်ကြနဲ့ အခုပဲ ကြည့်လိုက်စမ်း၊ ဆရာသမား ခေါ်တယ်ဆိုတဲ့အခါ အပြစ်ရှိတဲ့သူက စိုးရိမ်တုန်လှုပ်နေရတယ်။

အပြစ်မရှိငဲ့သူက ဘာမှမဖြစ်ဘူး၊ အေးအေးဆေးဆေးပဲ အခုပစ္စုပ္ပန်အတွက်သာ ပြောတာမဟုတ်ဘူး။ တမလွန်မှာလည်း ဒီအတိုင်းပဲ မယုံမရှိကြနဲ့ ဒါမြတ်စွာဘုရားဟောထားတာဗျဆိုပြီး

ဆုံးမည္ဒါဒကို ရပ်လိုက်တယ်။ ပြီးမှ ရန်ဖြစ်ကြတဲ့ ကိုရင် တွေကို စစ်ဆေးပြီး၊

'ကဲ... ရိုက်တဲ့ ကိုရင်က မနက်ဖန်မနက်မှာ ကိုယ့်အရပ် ကိုပြန်၊ အဆာရာရတဲ့ကိုရင်က အဆာရာဆေးထည့်ပြီးမှပြန် သွေးထွက် သံယို ဖြစ်ကြတယ်ဆိုရင်တော့ နှစ်ဦးလုံး ဒီတိုက်မှာ ဆက်နေခွင့် မရှိတော့ဘူး' လို့ ဆုံးဖြတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ပြဇါးကို အနှစ်ချုပ်လိုက်ရင် လတ်တလော ဆန္ဒကို အလိုလိုက်မိလျှင် ရေရှည်ပူပန်ရတတ်တယ်။

လတ်တလောဆန္ဒကို ခန္တီလက်နက်နဲ့ ထိန်းချုပ်နိုင်ရင် ရေရှည် စိတ်ချမ်းသာရတယ်လို့ ဆိုလိုရင်းပါ။ ရေရှည်ခံစားရမယ့် ဆင်းရဲကို ကြောက်သူ၊ ချမ်းသာကို လိုလားသူတိုင်းအတွက် လမ်းညွှန်ပြဇါး တစ်ခုဖြစ်လို့ လက်ဆင့်ကမ်းလိုက်ရတာပါ။

ဓမ္မထေရ်အရှင် ဝီရိယ(တောင်စွန်း)

(ကြောက်တတ်ရင်ရှေ့တိုးမှ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်မှု ဥပဒေသုံးခု

၁။ သင်လိုချင်တဲ့အရာနောက်ကို ဆက်မလိုက်နိုင်ရင် အဲဒီအရာကို သင်ဘယ်တော့မှ မရဘူး။

If you do not go after what, you'll never it.

၂။ အကယ်၍သင်က အမေးအမြန်းမလုပ်ရင် အဖြေကအမြဲပဲ မသိပါဆိုတာ ဖြစ်လိမ့်မယ်။

If you do not ask, the answer will always be no.

၃။ အကယ်၍ သင်က ရှေ့တိုးမလှမ်းရင် သင်ဟာ အမြဲလိုပဲ မူလနေရာမှာ ရှိနေလိမ့်မည်။

If you do not step forward, you'll always be in the same place.

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်ရှိမှ သူများကိုပေးပါ

- သင့်ကို စားစရာပေးရန်
  ကျွန်ုပ်တွင် စားစရာရှိရပေမည်။
- သင့်ကို ဝတ်စရာပေးရန်
  ကျွန်ုပ်တွင် ဝတ်စရာရှိရပေမည်။
- သင့်ကို နေစရာပေးရန်
  ကျွန်ုပ်တွင် နေစရာရှိရပေမည်။
- သင့်ကို ဥစ္စာပစ္စည်းပေးရန်
  ကျွန်ုပ်တွင် ဥစ္စာပစ္စည်းရှိရပေမည်။
- သင့်ကို နားလည်မှုပေးရန်
  ကျွန်ုပ်တွင် နားလည်မှုရှိရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



- သင့်ကို မေတ္တာပို့ရန်
 ကျွန်ုပ်တွင် မေတ္တာရှိရပေမည်။
- သင့်ကို တရားပေးရန်
 ကျွန်ုပ်တွင် တရားရှိရပေမည်။
- သင့်ကို နည်းလမ်းပေးရန်
 ကျွန်ုပ်တွင် နည်းလမ်းရှိရပေမည်။
- သင့်ကို သတိပေးရန်
 ကျွန်ုပ်တွင် သတိရှိရပေမည်။

ထို့ကြောင့် သင့်ကို သတိပေးရန် ကျွန်ုပ်ဦးစွာ သတိစုဆောင်းပါဦးမည်။

(ဒေါက်တာခင်မာဦး)

* * *



www.burmeseclassic.com

www.burmeseclassic.com



# ဘာသာရေး နှင့် ကိုယ်ကျင့်တရား

ဘာသာရေးသင်ခန်းစာများစာအုပ်သည်

စာရိတ္တမဏ္ဍိုင်တည်ဆောက်ရေးအတွက် များစွာ အထောက်အပံ့ ဖြစ်စေနိုင်၏။

စာသင်ကျောင်းများ၌

ဘာသာရေးသင်ခန်းစာကို မသင်မနေရ ပညာတစ်ရပ် ပြုမြင်လုပ်ပေးရန် ယခုစာရေးသူသည် နှစ်ပေါင်း (၂၀)ကျော် ရေးသားတိုက်တွန်းခဲ့သူဖြစ်ပေသည်။

ဘာသာရေးကို စွဲစွဲမြဲမြဲ စိတ်ပါလက်ပါကိုင်းရှိုင်းသူသည် စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်သောသူသာလျှင် ဖြစ်ရမည်။

ဘာသာရေးကိုင်းရှိုင်းမှု ခေါင်းပါးသူသည် တစ်နည်းအားဖြင့် စာရိတ္တမဏ္ဍိုင်ခေါင်းပါးသူဖြစ်ရပေမည်။

ဦးသန့်

(ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်)

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခွင့်အလမ်း

ကျွန်တော်သည် မကြာသေးမီက မစ္စတာ ဖုဂျီအီဆိုသူ ဂျပန်ကျောင်းအုပ်ဆရာကြီးတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့၏။

သူက ဂျပန်ရှိ စကားပြောသင်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးဖြစ်သည်။ သူက ကျွန်တော့်သားချင်းထဲမှ တစ်ဦး သို့မဟုတ် နှစ်ဦးကို သူ့ကျောင်းတွင် လက်ခံမည်။ သူ့ကျောင်းမှ လက်ခံမည့်အပြင် လုဝင်မှုကြီးကြပ်ရေးအတွက်လည်း အာမခံပေးမည်ဟုဆိုပါ၏။

ကျောင်းကို မနက်ပိုင်းတက်၍ ညနေပိုင်းတွင် အလုပ်ဝင်လုပ်ရမည်။ အလုပ်ဝင်ငွေမှ ကျောင်းစရိတ်ပေးပြီး တစ်လနှစ်သိန်းကျော်လောက် ကျန်ဦးမည်ဟု ဆိုပါ၏။ ကျွန်တော့်သားများကလဲ ဂျပန်သွား၍ မဖြစ်နိုင်သောအရွယ်၊ အားလုံးကျောင်းတက်လက်စနှင့်ဖြစ်၍ ညီဖြစ်သူက သွားသွားမည်ဟု ဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလဲ သဘောတူသည်။

ကျွန်တော့်မိတ်ဆွေ ကျောင်းအုပ်ကြီးက လက်ခံမည်ဟုဆိုသော်လည်း သူ့ကျောင်းတွင် အတန်းသယ်တန်းအောင်မြင်သူကိုမှ လက်ခံမည်ဟုဆိုသောအခါ ကျွန်တော့်ညီသည် တစ်တန်းလိုအပ်မှုကြောင့် အခွင့်ကောင်းကြီးနှင့် လွဲသွားခဲ့ရပါ၏။

ကျွန်တော်ကြားဖူးသော ဖြစ်ရပ်လေးတစ်ခုမှာ ဤနေရာတွင် ပြန်ပြောစရာ ဖြစ်ပါ၏။ ကုန်စုံဆိုင်တစ်ဆိုင်တွင် တင်လဲရည်များ ရောင်းသည်။

ထိုဆိုင်သို့ ကလေးတစ်ဦးက မယောင်မလည်နှင့် လာကာ တင်လဲရည်အိုးထဲ လက်နှိုက်ပြီး ဆိုင်ထဲမှ ထွက်သွားကာ လက်ကို စုပ်နေတတ်၏။ ဆိုင်ရှင်က ထိုကလေးအား

ထိုသို့မလုပ်ရန် အကြိမ်ကြိမ်သတိပေးသော်လည်း မရသည့်အဆုံး တစ်နေ့တွင် ဒေါသဖြစ်ဖြစ်နှင့် ကလေးက တင်လဲရည်အိုးထဲသို့ လက်ထည့်၍ လာရောက်ခိုးစားစဉ် ဆိုင်ရှင်သည် ကလေးကို ချိုင်းကြားမှ မတင်ကာ တင်လဲရည်အိုးထဲသို့ ပစ်ချလိုက်သည်ဟု ဆိုပါ၏။

ကလေးသည် တင်လဲရည်အိုးထဲသို့ ကျသွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



'အိုသာဝုရားသခင် ကျွ်အခွင့်အလမ်းနှင့် လျော်ညီသော လျှာကို ကျွန်တော်မျိုးအား ပေးသနားပါ'ဟု အော်လိုက်သည် ဆိုပါ၏။

'ရယ်စရာဇာတ်လမ်းတစ်ခုဖြစ်ကြောင်း ထင်ရှားပါသည်။

သို့သော် သတိပြုရန်မှာ

'အခွင့်အရေးတို့သည် ဆွတ်နိုင်ရန်အသင့်မရှိသော လူများထံသို့ မကြာခဏ ရောက်ကြသည်'

ဟူသောအချက်ဖြစ်ပါ၏။

ထို့ကြောင့် အခွင့်အလမ်း သင့်ထံသို့ ရောက်လာပါက သင်သည် အသင့်ဖြစ်နေအောင် ပြင်ဆင်ထားပါ။ မမျှော်လင့်သော ကြီးကျယ်သော အခွင့်အလမ်းကြီးများ တခါတစ်ရံ သင့်ထံသို့ ဆိုင်းမဆင့်၊ ဘုံမဆင့် ရောက်လာတတ်ပါသည်။

*(ချစ်စံဝင်း)*

* * *



www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်မှုဆိုတာ

I have learned that success is to be measured not by the position that one has reached in life as by the obstaeles which one has overcame while trying to succeed.

အောင်မြင်မှုဟူသည်

ဘဝတွင် မိမိရောက်ရှိနေသော အထင်နှင့် တိုင်းထွာခြင်း မဟုတ်။

ထိုသို့ အောင်မြင်သည့်အဆင့်သို့ ရောက်အောင် အခက်အခဲ အတားအဆီးတွေကို ဘယ်လိုကျော်ဖြတ်ခဲ့သလဲဆိုတာနဲ့ တိုင်းထွာတယ်ဆိုတာ ကျွန်တော် နားလည်ခဲ့တယ်။

Washington

* * *



www.burmeseclassic.com

www.burmeseclassic.com



# လုပ်သင့်တာနှင့် လုပ်ရမှာ

၁။ အမှန်မှုချ မိမိကရသင့်ရထိုက်သော စီးပွားချမ်းသာ၊ စည်းစိမ်ဥစ္စာ ဂုဏ်သိမ်ရာထူးစသည်တို့ကို အချိန်မရွေး စောင့်၊ ပေါ့တန်ရွှာမနေဘဲ လက်တွင်းရောက်အောင် ယူလိုက်ပေမည်။

အချိန်အရွယ်သက်တမ်းကို ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ သုံးပိုင်း ပိုင်းထားပါသည်။ ပထမအရွယ်မှာ ပညာသင်ကြား ဆည်းပူးပါ။ ဒုတိယအရွယ်မှာ လောကစီးပွားချမ်းသာကိုရှာ၊ တတိယအရွယ်မှာ သံသရာမျိုးစေ့ကုသိုလ်ကောင်းမှု ပြုကြရမည်သာ။

သူ့အချိန်၊ သူ့အရွယ်၊ သူ့အလုပ်တို့ကို မဆန့်ကျင်စေဘဲ ပြုလုပ်ဆောင်ရွက်ကြမှ လောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုးစီးပွား ထွန်းကားမည်ဖြစ်ပါသည်။

မိုးတင်ရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂။ မိမိက ပေးသင့်ပေးထိုက်သည်ကိုလည်း နှောင့်နှေးခြင်း မရှိ။ လျှင်မြန်စွာ ပေးကမ်းသင့်ပါ၏။
သူတစ်ပါးထံမှ ခေတ္တငှားရမ်းထားသည့် ပစ္စည်းကို အလျှင်အမြန် ပြန်၍ပေးသင့်ပါ၏။
မိမိကို မှီခိုအားထားသူများအားလည်း ပေးကမ်းချီးမြှင့်ထိုက်ပါ၏။
ပေးကမ်းချီးမြှင့်တတ်သော ဆွေမျိုးဉာတိများနှင့် မိတ်ဆွေသင်္ဂဟများတို့အားလည်း အချိန်အခါကို ထောက်၍ ချီးမြှင့်ပေးကမ်းသင့်ပါ၏။
အခွန်အခတို့ကို မင်းအစိုးရတို့အား အချိန်အခါမီ ပေးဆောင်သင့်ပါ၏။
မိရိုးဖလာ နတ်ဒေဝါတို့ကိုလည်း စဉ်လာမပျက်ပသမှု လျှင်စွာပြုသင့်ပါ၏။
ထို့အပြင် နောင်သံသရာအကျိုးကိုမျှော်၍ လှူဒါန်းခြင်းသည်လည်း ပေးကမ်းစွန့်ကြဲခြင်းပင်ဖြစ်ပါ၏။
ပေးသင့်ပေးထိုက်သည်များ နှောင့်နှေးခြင်းမရှိစေဘဲ ကြွေးသုံးမျိုး မတင်စေဘဲ ပြေလည်အောင် ပေးဆပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကြွေး၊ ကိုယ်ကြွေး၊ ဥစ္စာကြွေး ကြွေး (၃)မျိုး မတင်စေရန် သတိပြုသင့်ကြပါ၏။

၃။ ယနေ့ပြီးစီးအောင် လုပ်ရမည့်အလုပ်ကို အချိန်မဆိုင်းဘဲ လျှင်မြန်စွာ ပြုရပါမည်။ အလုပ်ကြွေးတင်လျှင် လုပ်၍ မကြေနိုင်အောင် ရှိတတ်ပါသည်။

ဝီရိယသည် အစ၊ အလယ်၊ အဆုံး ၃-မျိုးရှိရာ မိုးသုံးချက်ညီမှသာ အသီးအနှံ ဖွံ့ဖြိုးသည် ဆိုသကဲ့သို့ ဝီရိယ ၃-ချက် ညီညွတ်မှသာလျှင် အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်ပါသည်။

ပျင်းရိခြင်းဝင်လာလျှင် ဝီရိယအရှိန်သေတတ်၍ အလုပ်ကိစ္စ မပြီးမြောက်နိုင်ပါ။

ရက်ရာဇာ၊ ပြဿဒါး၊ တွက်ချက်၊ စိစစ်လွန်းလျှင် အချိန်ကောင်းမရဘဲ အကျိုးစီးပွားပျက်စီးတတ်ပါသည်။

တောင်ထိပ်တက်ရမည့် အလုပ်သည် ဖြည်းဖြည်းနှေးနှေးလုပ်ရမည့် အလုပ်ဖြစ်ပြီး၊ မီးဘေးကြုံ၍ မီးငြိမ်းသတ်ရမည့် အလုပ်မှာကား မြန်မြန်ဆန်ဆန် ပြေးလုပ်ရမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



လောကီစီးပွားရှာသောအလုပ်နှင့် လောကုတ္တရာ စီးပွား ရှာသော အလုပ်(၂)ခု တို့ကိုလည်း ဉာဏ်ပညာနှင့် ဆင်ခြင်၍ ပြုလုပ်သင့်ကြပါ၏။

*ဦးအောင်မြင့်စိန်(ပညာရေး)*

* * *

www.burmeseclassic.com

www.burmeseclassic.com



# စိတ်သုံးမျိုး

ဘဝမှာ ကလေးငယ်တစ်ဦးရဲ့ စိတ်မျိုးနဲ့ ပေါ့ပါးလွတ်လပ်စွာ နေနိုင်ရမယ်။

လူငယ်တစ်ယောက်လို တက်ကြွတဲ့ အားမာန်သတ္တိနဲ့ စိတ်ဓာတ် ရှိနေရမယ်။

လူကြီးတစ်ယောက်လို အားလုံးအပေါ်မှာ နားလည်ခွင့်လွှတ် စိတ်နဲ့ မေတ္တာတရား ထားနိုင်ရမယ်။

အဲဒီစိတ်သုံးမျိုးကို ရောနှောပေါင်းစပ်နိုင်ရင် ဘဝဟာ နေပျော် လာလိမ့်မယ်။ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားသွားနိုင်လိမ့်မယ်။

ဒီတော့

ပြောချင်တာက ဘယ်သူမဆို စိတ်သုံးမျိုးနဲ့ လူမျိုးဖြစ်အောင် ကြိုးစားကြစေချင်တယ်။ စိတ်သုံးမျိုးနဲ့ လူအဖြစ်သာ ကိုယ့်ကိုယ်ကို တည်ဆောက်နိုင်ရင် ဘဝမှာ အောင်မြင်တဲ့ လူသားတစ်ယောက်အဖြစ် ရပ်တည်နိုင်မှာ သေချာပါတယ်။

(ထာဝရကျော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပညာခရီးတာ

ပညာဆိုသည်မှာ

စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟုမဆိုရပေ။

ပညာသည်

အတိုင်းအဆမထင် အလွန်ကျယ်ပြော နက်နဲလှပေသည်။

ကမ္ဘာရှိ စာအုပ်အားလုံးပေါင်းလျှင် ပညာအားလုံးကို ဖော်ပြခြင်းငှာ မတတ်နိုင်ပေ။

ပညာအားလုံးကို လောကပြင်ကျယ်တည်းဟူသော အကြီးဆုံးကျောင်း၌သာ တွေ့ရှိနိုင်လေသည်။

ထိုလောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည့်အချိန်အထိ ပညာသင်များ ဖြစ်နေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်၊ စာအုပ်များကို ကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင်ရပေမည်။

ပညာသည် လူ၏ရာဇဝင်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏ စိတ်နေစိတ်ထား အယူများကိုလည်း တိုးတက်စေရမည်။

ရာဇဝင်ကို သိရုံသာမဟုတ်၊

ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။

လောကဓါတ်ပညာကို သိရုံသာမဟုတ်၊ လောကဓါတ်ပညာကို တိုးချဲ့နိုင်စေရမည်။

လောကအကြောင်းကို နားလည်စေရုံသာမဟုတ် ဒီထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ လှုပ်ရှားထစ်ဆိုသော အလုပ် အပြော အတွေးတို့မှာ ပညာ၏အဓိပ္ပါယ်နှင့် ဆန့်ကျင်ဘက် ပေတည်း။

*(ဗိုလ်ချုပ်အောင်ဆန်း)*

* * *

www.burmeseclassic.com

www.burmeseclassic.com



# လူနှင့် တိရစ္ဆာန်

လူသားအချင်းချင်း
မေတ္တာစေတနာထားခြင်း၊ ကြင်နာသနားခြင်း၊
ထောက်ထားစာနာခြင်း၊
ကူညီရိုင်းပင်းခြင်း စတဲ့စိတ်မျိုးတွေကို
'လူ့စိတ်' လို့ ခေါ်တယ်။
ဒီစိတ်ဓာတ်မျိုးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့
ကိုယ့်အတွက်သာကြည့်ခြင်း၊
ရက်စက်ကြမ်းကြုတ်ခြင်း၊
စာနာစိတ်မရှိခြင်း၊
ကူညီရိုင်းပင်းစိတ်မရှိခြင်းစတဲ့ စိတ်မျိုးတွေကို
'တိရစ္ဆာန်စိတ်' လို့ ခေါ်တယ်။

(လူထုစိန်ဝင်း)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကြီးပွားချမ်းသာရေးနှင့် ဘဝအဆင့်အတန်းမြှင့်မားရေး နည်းလမ်းများ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနှင့် ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနဲ့ ဆရာသမားကိုပူဇော်လေ။

အစချီသော မင်္ဂလာတရားတော်များကို မှတ်မိနေသေးသည်။ သင်ခဲ့ရသည်ကား နှစ်ပေါင်း (၄၀)ကျော်ကြာပြီဖြစ်၍ တပိုင်းတစ ကွက်တိ ကွက်ကြားသာ ရွတ်ဆိုနိုင်တော့သည်။ ငယ်ရွယ်စဉ်က ရွတ်ရ ဆိုရ ကောင်းသဖြင့် ကလေးပီပီ အော်ဟစ်ရွတ်ဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မင်္ဂလာတရားဟုဆိုလျှင် မစိမ်းပါ။ ရင်းနှီးကျွမ်းဝင်ပြီးသားဟု မှတ်ယူခဲ့သည်။ တစ်ဦးတစ်ယောက်ကများ 'ဟော့ ... မင်းမင်္ဂလာတရား(၃၈)ပါး သိသလား' လို့ မေးလာခဲ့ရင် စိတ်တောင်ဆိုးလိုက်ဦးမည်။

'တာ သိပ်သိတာပေါ့ ဘာလို့ မသိရမှာလဲ၊ ငယ်ငယ်ကတည်းက သင်ခဲ့ရတာ' ဆိုပြီး၊

လေသံခပ်မြင့်မြင့်ဖြင့် ပြောလိုက်မိမှာဖြစ်သည်။

သို့သော် မင်္ဂလာတရားတော်၏ လေးနက်မှု အကျိုးကျေးဇူးကြီးမားမှုကိုတော့ သေသေချာချာ သိနားလည်ခဲ့ခြင်းမရှိပါ။

ယခုအချိန်တွင် မင်္ဂလာတရားတော်၏ လေးနက်မှုနှင့် အကျိုးကြီးမားမှုကို သိနားလည်နိုင်သည့်အရွယ်သို့ ချည်းနှင်းဝင်ရောက်နေပြီဖြစ်သည်။

မင်္ဂလာတရားတော်ဟူသည် ကြီးပွားချမ်းသာခြင်း၏ အကြောင်းအရင်း အမှန်တရားများပင် ဖြစ်သည်။ ရှေးမြန်မာကြီးတို့သည် အဆို၏ မင်္ဂလာတရားတော်များဖြင့်ပင် နိုင်ငံကို ဖွံ့ဖြိုးစေခဲ့သည်။ တည်ငြိမ်စေခဲ့သည်ဟု ယုံကြည်သည်။

ယင်းသို့ အာနိသင်ရှိသော မင်္ဂလာတရားတော်များကို သာမန်မျှလောက်သာ ရွတ်ဆိုရုံမျှလောက်သာ အာရုံမထားဘဲ ဘဝဝိုးတက်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားရေးအတွက်ပါ ကျင့်ကြံလိုက်နာ အသုံးပြုသင့်သည်ဟု ဆိုချင်ပါသည်။

မင်္ဂလာတရားတော်များကို လိုက်နာကျင့်သုံးလျှင် ရနိုင်သည့် အကျိုး အများအပြားပင်ဖြစ်သည်။ ထိုအကျိုးများကို အစဉ်အလာ အရ ဖော်ပြခဲ့ကြသည်မှာ–

၁။ ဘေးကင်းစေပြီး၊

၂။ ရန်အပေါင်းကို ဖယ်ရှားအောင်မြင်စေပြီး၊

၃။ ဘဝအဆင့်အတန်း တစ်နေ့ထက်တစ်နေ့ မြင့်မား တိုးတက်စေသည်ဟူ၍ ဖြစ်သည်။

စင်စစ်ကျွန်တော်တို့အားလုံး သိဝါတ်သည့်အရွယ်မှစ၍ ယခု အချိန်တိုင်အောင် သင်ရ၊ မှတ်ရ၊ ဖတ်ရ၊ လေ့လာဆည်းပူးရခြင့် မရပ်မနား လုပ်ဆောင်နေကြရခြင်း၏ ရည်မှန်းချက်သည် မည်သည့် ဇော်တာရဖြင့် ဖော်ပြသည်ဖြစ်စေ၊ အထက်ပါ အကျိုး(၃)ရပ်အတွင်း အကျုံးဝင်သော ရလဒ်များကို ခံစားရယူလိုသောကြောင့်ဖြစ်သည်။

ယင်းရလဒ်များကို ပေးစွမ်းနိုင်သည့် မင်္ဂလာတရားများကို လျစ်လျူရှုကာ ရလဒ်ကောင်းထွက်၍ မသေချာသည့် ဖော်မြူလာ များကို ဘဝတလျှောက်လုံး အသုံးချ၍ ကြိုးစားနေမိကြသည်။

www.burmeseclassic.com



မင်္ဂလာကျောင်းဇာတ်၏ အကျိုးကြီးမားမှုအတွက် သေးကင်းခြင်းဆိုသော အကျိုးတစ်ရပ်ဖြင့်ပင် သာဓကဆောင် ဖော်ပြလိုပါသည်။

လူသည် အခြားသူအပေါ် မှီခိုကြီးပြင်းရသော ဘဝအချိန်ပိုင်းများရှိသလို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကာ လောကအတွင်း ကျင်လည်ရသော ဘဝအချိန်ပိုင်းများလည်းရှိသည်။

မှီခိုမှုသည် နုနယ်စဉ်အချိန်များအတွက်ဖြစ်သည်။ ရင့်ကျက်သူများကတော့ မိမိဘဝကို မိမိထိန်းကျောင်းရမည်ဖြစ်သည်။ လောကအတွင်း ကျင်လည်ရမည်ဆိုကတည်းက(ပြခဲ့သော ကံတရားအလျောက်) ဆင်းရဲသူ၊ ချမ်းသာသူ၊ အာဏာမဲ့သူ၊ အာဏာရှိသူ အစရှိသည့် လူမှုအဆင့် တစ်မျိုးမျိုးကို ပိုင်ဆိုင်ရမည်။

မည်သည့် လူမှုအဆင့်မျိုးဖြစ်စေ လူတို့သည် သူ့အဆင့်အလိုက် ဘေးများကို ကြုံတွေ့ရမည်သာ။ မြန်မာပညာရှိကြီးတစ်ဦးဖြစ်သော လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက 'ဘေး'နှင့်ပတ်သက်၍ ဖော်ပြခဲ့သည်။ ဤနေရာတွင် ပြန်လည်ကောက်နုတ်ဖော်ပြလိုသည်။

ဆင်းရဲသူတို့ ကြုံတွေ့ရသောဘေးဟူသည် ကိုယ်၊ စိတ်၊ နှစ်ပါး ပင်ပန်းနွမ်းနယ်ခြင်း ဘေးဖြစ်သည်ဟု ဆရာကဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသည့်အတွက်ကြောင့်ပင် အဆိုပါဘေးကို အခါမလပ် ရင်ဆိုင်ကြရသည်။ ချမ်းသာသူများအတွက်လည်း ဘေးမကင်းပါ။ တွေ့ရမည့်ဘေးက ရောဂါဘယ ဗိစီးနှိပ်စက်မှုဘေးဖြစ်သည်။

ထိုမျှမကသေးပါ။ မိမိခန္ဓာစတာပစ္စည်းများကို လုယက်ဖျက်ဆီး ခံရခြင်းဘေး၊ ယင်းတို့အတွက် စိုးရိမ်ပူပန်ရခြင်းဘေးများလည်း ရှိသေးသည်။ အာဏာရှိသူတို့လည်း ဘေးကရှောင်ကွင်းမသွားပေ။ ကြုံတွေ့နေရသည်သာဖြစ်သည်။

အထက်ပါ ဘေးသုံးမျိုးအပြင် မိမိကိုယ်မိမိ မကြည်ညိုနိုင် သည့်ဘေး၊ သူတစ်ပါးတို့က အထင်အမြင်သေးစွာ ဆက်ဆံခံရ သည့်ဘေး၊ မိမိပြုမိသည့် ဒုစရိုက်အလျောက် ခံယူရမည့်ဘေးနှင့် မကောင်းသောဘဝသို့ ရောက်ရှိခြင်းဘေးဆိုသည့် အကုသိုလ် ဒုစရိုက်များနှင့် စပ်ယှက်မိသဖြင့် ကြုံတွေ့ရမည့်ဘေးတို့လည်းရှိသည်။

မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိုသို့သော ဘေးများ ကင်းစေမည်။ မိမိအား နှောင့်ယှက်ဖျက်ဆီးလာမည့် ရန်အပေါင်းတို့ကို ဖယ်ရှားအောင်မြင်စေသည်။

ဆိုးကျိုးတရားတို့ကို လူတို့သည် ဖယ်ရှယ်စဉ်ကတည်းက ခံစားရသော် ပို၍မကောင်းပါလား။ အများစုမှာ ရှုတ်ဆိုမှုဖြင့်သာ အကျိုးဖြစ်ကုန်းရန် သတိရသည်။ သိရှိနားလည်အောင်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ လိုက်နာရေးအတွက်မူ အားနည်းကြသည်။

လူတိုင်း အထူးသဖြင့် လူငယ်တိုင်းသည် မင်္ဂလာတရားတော်များကို လေ့လာသင်ယူကာ တိကျစွာ လိုက်နာကျင့်သုံးရန် အထူးလိုအပ်သည်ဟု ဆိုချင်ပါသည်။ ထိုသို့ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လူကြီးသူမများက လုပ်ဆောင်ပေးရမည်ဖြစ်သည်။

အဝန်းအဝိုင်းတစ်ခုမျှလောက်တွင် လေ့လာသင်ယူနေခြင်းထက် ကျယ်ကျယ်ပြန့်ပြန့် သင်ယူမှုဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ လူငယ်၊ လူရွယ်များကြားတွင် စိတ်ဝင်တစား ဆွေးနွေးရသည့် အသိပညာတစ်ရပ်အဖြစ် ရှေးယခင်ကကဲ့သို့ ပြန်လည်ပေါ်ထွက်လာရန် လိုအပ်နေသည်။

မင်္ဂလာတရားတော်လာ သင်ကြားချက်များကို ငယ်ရွယ်စဉ်အချိန်ကတည်းကသာ သိရှိသဘောပေါက်လိုက်နာနိုင်မည်ဆိုလျှင် လူငယ်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် လူချွန်လူမွန်များဖြစ်လာမည်မှာ ဧကန်မုချဖြစ်ပါသည်။

ဘာသာတရား၏ သင်ကြားမှု၊ အထူးသဖြင့် ဗုဒ္ဓမင်္ဂလာ သင်ကြားမှုတို့သည် ငယ်ရွယ်စဉ်အချိန်များနှင့် မသက်ဆိုင်သေးဟု မှတ်ယူနေသူတို့ ရှိနေသည်။ ထိုသို့ မှတ်ယူလျှင် အမှားကြီးများသွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယေ်စဉ်အခါ ပညာရှာ'ဟူသောစကားမှ 'ပညာ'ဟူသည် ကျောင်းသင်ဘာသာရပ်လောက် သက်မွေးပညာရပ်လောက်ကိုသာ ဆိုလိုသည် မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ တရားတော်လာ သင်ကြားချက်များကိုလည်း အထူးရည်ညွှန်းကြောင်း သိရန်လိုအပ်သည်။ ဤပညာများသည်သာ အကျိုးပေးကြီးမားသော ပညာရပ်ဖြစ်သည်။

ကျောင်းသင်ပညာ၊ သက်မွေးပညာများကို တန်ဖိုးပိုတက်လာအောင် လုပ်ဆောင်ပေးမည့် ပညာဖြစ်သည်။

နောင်ခုစွာရှာဖွေရမည့် အရွယ်တွင် မိမိအလိုရှိသော ဥစ္စာကို သက်တောင့်သက်သာ ရှာဖွေနိုင်ရန် အထောက်အပံ့ဖြစ်စေမည့် ပညာဖြစ်သည်။

ယင်းပညာကို ငယ်ရွယ်စဉ်အချိန်ကတည်းက သိအောင်လေ့လာ လိုက်နာကျင့်သုံးမှသာလျှင် အရွယ်ကောင်း၌ ကြီးစွာချမ်းသာမှု၊ ဘဝအဆင့်အတန်းမြင့်မားမှုကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်မည်ဖြစ်သည်။

လူငယ်လူရွယ်များ ထိုသို့ သိရှိလိုက်နာရေးအတွက်ဆိုလျှင် လက်ဦးဆရာများဖြစ်သော မိဘများနှင့် ငယ်နစဉ်ပညာ သင်ကြားပေးရသော ဆရာသမားများတွင် တာဝန်ရှိသည်။ မိဘ၊ ဆရာတို့၏ တာဝန်သည် ပို၍ အဓိကကျသည်။

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် လူငယ်၊ လူရွယ်များ မှန်ကန်သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အတွေ့အကြုံကြီးမားသော မိဘ ဆရာသမား လူကြီးသူမတို့၏ မှန်ကန်သော လမ်းညွှန်မှုက အရေးပါ အရာရောက်သည်။

လူငယ်၊ လူရွယ်များ အမြင်ကျယ်လာစေရန် သူတို့၏ ဘဝ တက်လမ်းအတွက် သိသင့်သိထိုက်သည်များကို သိလာစေရန် ထိုမှတစ်ဆင့် လုပ်သင့်လုပ်ထိုက်သည်များကို ယုံကြည်မှုရှိစွာ ရဲရဲ ဝံ့ဝံ့ လုပ်ဆောင်လာစေရန် မိဘ၊ ဆရာသမား လူကြီးသူမတို့က လျောက်ကန်သင့်မြတ်သော အစီအမံများ ချမှတ်ပေးရန် လိုအပ်သည်။

သို့ဖြစ်၍ မင်္ဂလာတရားတော်များကို လူငယ်လူရွယ်တို့ ကျင့်သုံးလိုက်နာမှု အားကောင်းလာစေရန် ပိုမို အားထုတ်ဆောင်ရွက် သင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မြင့်မောင်** *(Philo-Q)*

* * *



www.burmeseclassic.com

www.burmeseclassic.com



# ကြိုးစားမှုနှင့် အောင်မြင်မှု

လူတစ်ယောက် အောင်မြင်ဖို့ဆိုရင်
မနားမနေ အလုပ်လုပ်ရမည်။
အောင်မြင်တဲ့အထိ အပြင်းထန်ဆုံး ကြိုးစားရမယ်။
ကိုယ်ကဉာဏ်ရှိတယ်၊ ကိုယ့်ဉာဏ်ကိုလည်း
ဘယ်လိုသုံးမလဲဆိုတာ သိတဲ့လူတစ်ယောက်အဖို့
ကိုယ်လိုချင်တာရလာမှာ မလွဲပါဘူး။
အပြင်းအထန် မကြိုးစားတဲ့ သူတစ်ယောက်တာ
ဘယ်တော့မှ မအောင်မြင်နိုင်ဘူး။
ကံပေးလို့ ရတာတို့
ဘယ်နတ်ဘုရားက စောင်မပေးလို့ဖြစ်တာတို့
ဆိုတာမျိုးတွေကို ကျွန်တော်လုံးဝမယုံပါဘူး။

ဘီလ်ဂိတ်စ်

(မိုက်ကရိုဆော့ဖ်တည်ထောင်သူ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားမကျွံပါစေနှင့်

တစ်ခါက အက်ဒီဆင်ဟာ မီးလုံးကို တီထွင်ပြီးခါစမှာ သူ့ရဲ့ တီထွင်မှုကို ဓိတ်ဆက်ဖို့ စာနယ်ဇင်းသမားတွေကို ဖိတ်ခေါ်လိုက်ပါတယ်။ စာနယ်ဇင်းသမားတွေရောက်လာပြီး၊ အားလုံးအဆင်သင့် ဖြစ်နေတဲ့ အချိန်မှာတော့ အက်ဒီဆင်က သူ့အိမ်က အလုပ်သမား ကောင်လေးတစ်ယောက်ကို သူ့ရဲ့မီးလုံးကို သွားယူခိုင်းလိုက်ပါတယ်။

ကောင်လေးက မီးလုံးကို ယူလာပြီး၊ လှေကားခါနီးမှ ခလုတ်တိုက်လဲပြီး၊ မီးလုံးဟာ ကျကွဲသွားတယ်။ ဒီမီးလုံးဟာ အက်ဒီဆင် အကြိမ်ပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့တာ အားလုံးသိပါတယ်။

ဒါပေမယ့် အက်ဒီဆင်က ကောင်လေးကိုဘာမှ မပြောဘဲ၊ စာနယ်ဇင်းသမားတွေကို တောင်းပန်လိုက်ပါတယ်။ သူဟာ ထပ်မံပြုလုပ်ပြီးရင် ပြန်လည်ဖိတ်ကြားပါမယ်ပေါ့။ ကောင်လေးကတော့ သူ့ရဲ့ နမော်နမဲ့နိုင် ကြောင့် ဒီလိုဖြစ်သွားရတာကို စိုးရိမ်ကြောက်ရွံ့နေပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အကက်ဒီဆင်ဟာ ဒီမီးလုံးကို ထပ်မံပြုလုပ်ဖို့ရာ လနှင့်ချီပြီး၊ အချိန်ယူလုပ်ဆောင်လိုက်ရပါသတဲ့။ မီးလုံးပြီးသွားချိန်မှာတော့ စာနယ်ဇင်းသမားတွေကို ထပ်မံဖိတ်ခေါ်လိုက်ပြန်ပါသတဲ့။

သတင်းထောက်တွေရောက်လာပြီး အားလုံးအဆင်သင့် ဖြစ်ချိန်မှာတော့ သူ့ရဲ့မီးလုံးကို သွားယူဖို့ရာ ယခင်ကောင်လေးကိုပဲ သွားယူခိုင်းပြန်ပါသတဲ့။

ကောင်လေးဟာ ဝမ်းသာအားရ သေသေချာချာ ဂရုစိုက်ပြီး ယူလာခဲ့တယ်။ စာနယ်ဇင်းမိတ်ဆက်ပွဲ ပြီးဆုံးချိန်မှာတော့ သတင်း ထောက်တစ်ချို့က မေးပါတယ်။

'မစ္စတာအကက်ဒီဆင်ခင်ဗျား ... မီးလုံးသွားယူတဲ့ကောင်လေး ဟာ ဟိုတစ်ခါ သူ့ကြောင့် မီးလုံးကျကွဲသွားတယ်မဟုတ်လား၊ ဆရာ့မှာ တခြားခိုင်းစရာလူတွေ များစွာရှိတဲ့အနက်က ဒီကောင်လေး ကို ဘာလို့ ပြန်ခိုင်းရတာလဲ၊ ဒီတစ်ခါ ကျကွဲသွားရင် နောက်တစ်ခါ အချိန်အများကြီး ပြန်ယူရမှာ မစိုးရိမ်ဘူးလား'လို့ မေးပါတယ်။

ဒီတော့ အကက်ဒီဆင်ဖြေပုံက

'ကျွန်ုပ် တမင်တကာ သူ့ကိုခိုင်းတာဗျ၊ မီးလုံးထပ်ကွဲသွားရင် ကျုပ် ပြန်လုပ်လို့ရပါတယ်။ ဒါပေမယ့် ဒီတစ်ခါ ဒီကောင်လေးကို မခိုင်းခဲ့ရင် ဒီကောင်လေးရဲ့ နှလုံးသား ကျကွဲသွားမှာပါသတဲ့။'



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားဆိုတာ အင်မတန်နူးညံ့ပါတယ်။ ကွဲကြေသွားတဲ့ နှလုံးသားကို ပြန်လည်ကုစားဖို့ဆိုတာ အချိန်ကာလ သတ်မှတ်လို့ မရနိုင်ပါဘူး။ ကိုယ့်ကြောင့် ဘယ်သူ့ရဲ့ နှလုံးသားကိုမှ မကွဲကြေပါစေနဲ့။

(Facebook)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အကြီးအကဲနှင့် မုသား

ရာဇ နာမ မုသာဝါဒ ကရောဝတ္တာ ခမ့် တနတီ၊
သောခမ့် တနိတ္ထ ဘယမေမ တနတီ၊
အကြီးအကဲလုပ်သူဟာ
လိမ်တယ်ဆိုရင်
အမှန်တရားကို သတ်ပစ်တာပဲ
အမှန်တရားကို သတ်ပစ်တာဟာ ၊
ကိုယ့်ကိုယ်ကို
သေကြောင်းကြံတာနဲ့ အတူတူပဲ ။

(စေတိယဇာတ်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အင်တာနက်ပေါ်မှ အောင်မြင်မှုအဆိုအမိန့်များ

✦ စိတ်ပိုင်းအရ စနစ်တကျ လေ့ကျင့်သူသည်
ဥစ္စာဓနတိုးပွားလာဖို့ အလားအလာများ၏။
ပျင်းရိခြင်းက
ကျန်းမာခြင်းကိုရော ဥစ္စာဓနကိုပါ ချည့်နဲ့စေပါသည်။

✦ စေတနာသည် လူတိုင်းနှင့် မတန်သည်မဟုတ်
လူတိုင်းထားနိုင်ဖို့သာ လိုအပ်ပါသည်။
လူတိုင်းနှင့်တန်သည့် စေတနာမျိုးဖြစ်ဖို့တော့လိုသည်။

✦ လေးစားထိုက်တဲ့သူရဲ့စကားကိုမှ နားထောင်ကြသည်။
ကိုယ့်စကားကို နားထောင်စေချင်ရင်
လေးစားထိုက်အောင်နေပါ။



www.burmeseclassic.com

www.burmeseclassic.com



✦ ဘုရားသခင်သည်
ငှက်တိုင်းအတွက် တီကောင်ကိုပေးသည်။
သို့သော်
အသိုက်ထဲသို့ အရောက်ချပေးမည်မဟုတ်ပါ။

✦ သူများ ပေးစာ၊ ကျွေးစာ တစ်ထောင်ပိုးစားရတာထက်
ကိုယ့်လုပ်စာ၊ တစ်ကျပ်ဖိုးက ပိုမြိုးမြိန်၏။

✦ စိတ်ချမ်းသာသည့် သူသည် အမြင်မှန်၏။
သဘာဝကျကျမြင်၏။
အကောင်းအဆိုး ရောနှောနေသည်ဟု ဖြစ်သည်။

✦ စိတ်ဆိုးနေသည့်အခါ စိတ်ကောင်းနဲ့ လဲလိုက်ပါ။
ရှုပ်နေရင် ရှင်းတဲ့စိတ်၊ ပူနေရင် အေးတဲ့စိတ်
နောက်နေရင် ကြည်တဲ့စိတ်နဲ့ ချက်ချင်းလဲလိုက်ပါ။

✦ ကိုယ်က ကြိုက်လို့ ကောင်းတာထက်
ကောင်းတာမို့လို့ ကြိုက်တယ်ဆိုရင်
အကောင်းဆုံးကိုရနိုင်သည်။

✦ သင်သည်
လောကကို အကောင်းဆုံးအရာ ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကလည်း
သင့်ကို အကောင်းဆုံးအရာတို့ဖြင့်
တုံ့ပြန်ပါလိမ့်မည်။

✦ ဘေးကိုကြည့်လွန်းအားကြီးရင်
'ဘေး' တွေ့တတ်သည်။

✦ အမြင့်ရောက်မှ အမြင်ကျယ်တာထက်
အမြင်ကျယ်လို့ အမြင့်ရောက်တာက ပိုကောင်းသည်။

✦ မိမိလိုချင်တာ ရရှိလိုက်နိုင်မှုသည် အောင်မြင်မှု၊
ရရှိထားတာကို နှစ်သက်တန်ဖိုးထားခြင်းသည်
ပျော်ရွှင်မှု

✦ မဟုတ်ပါလားလို့ ထင်ထားသမျှတွေဟာ
လွဲနေတတ်သလို
မဟုတ်ဘူးလို့ မြင်သမျှတွေကလည်း
မှန်နေတတ်ပြန်သည်။

✦ ပြဿနာဆိုတာ လောကရဲ့ ဂုဏ်ပုဒ်တစ်ခုပါ
ကိုယ်နဲ့ သိပ်မဆိုင်ရင် ပြဿနာက သေးငယ်သယ်
များများဆိုင်ရင် ပြဿနာကကြီးမားလာပြီး
လုံးဝမဆိုင်ရင်တော့ ပြဿနာမရှိတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



✦ မများသောရှေ့နေ မသေသော ဆေးသမားတဲ့
ဒီပြေဆေးဟာ ဆေးယဉ်သွားရင်
ရောဂါကျွမ်းတတ်တယ်။
မများတာ အကောင်းဆုံးပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အချိန်နဲ့အောင်မြင်မှု

ဖရန့်ကလင်က ခုလို ပြောဖူးတယ်။

"အသက်ရှင်နေတာကို မြတ်နိုးလား

ဘဝကိုချစ်ပါသလား။

ဒါဆိုရင်

အချိန်တွေကို အရမ်းတာရော လုပ်မပစ်ပါနဲ့

ဘဝဆိုတာ

အချိန်တွေနဲ့ ပြုလုပ်ထားတာပါ"တဲ့

ဒီတော့

လူတိုင်းအတွက် မေးခွန်းတစ်ခုက အဆင်သင့်ရှိနေပါပြီ။

အဲဒါကတော့ တကယ်ရော ဘဝကိုချစ်ကြရဲ့လားဆိုတာပါ။

ဒီလိုဆိုတော့ လူတိုင်းက 'ချစ်တာပေါ့'ဟု ဖြေကြမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်

ကျွန်တော်တို့တွေရဲ့ အချိန်အသုံးချမှုကတော့ ဒီမေးခွန်းရဲ့ အဖြေကို အကောင်းဆုံးစိစစ်လိုက်တာပါပဲ။

ဘာကြောင့်လည်းဆိုတော့၊

ကိုယ်က အချိန်တွေကို တန်ဖိုးမဲ့စွာ ကုန်ဆုံးနေသမျှတော့ ဒါဟာ ဘဝကို ချစ်တယ်ဟု ဘယ်လိုမှ ပြောမရပေ။

မိမိကိုယ်ကို တကယ်ချစ်သူဟာ

မိမိတန်ဖိုးနိမ့်ကျအောင် ဘာမှမလုပ်ဘူး။

ကိုယ့်တန်ဖိုး ကိုယ်မြင့်အောင် လုပ်တယ်ဆိုတာ

တကယ်တော့

အချိန်ကို အကျိုးရှိအောင် အသုံးချတာပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# လူမိုက်နှင့်အောင်မြင်မှု

ရှေးနှစ်ပေါင်း အေဒီတွေမှသည် ယနေ့ခေတ်တိုင် မှန်ကန်နေဆဲ ကြီးပွားချမ်းသာကြောင်းတရားသည် လူမိုက်ကို ရှောင်ခြင်းဖြစ်သည်။

အတတ်ပညာ၊ အသိပညာ၊ ဥစ္စာပစ္စည်းတို့သည် လူမိုက်ကို ရှောင်လိုက်နိုင်လျှင်ပင် ခိုခိုထံသို့ ရောက်ရှိရန် လမ်းပွင့်သွားသောကြောင့် လူမိုက်ရှောင်မင်္ဂလာသည် မြတ်စွာဘုရားဟောကြားသော ကြီးပွားရာ ကြီးပွားကြောင်း မင်္ဂလာတရား (၃၈)ပါးတွင် ထိပ်ဆုံးက ပါနေခြင်း ဖြစ်သည်။

ခိုးဆိုးလုယက် တိုက်ခိုက် ရန့်ရင်းကြမ်းတမ်းနေမှ လူမိုက် မဟုတ်။ လူမိုက်ဆိုသည်မှာ သင့်သည် မသင့်သည်ကို မစဉ်းစား တတ်သော မသင့်သောအရာကို ပြုမူလုပ်ကိုင်သော သူတို့ကို ခေါ်ဆိုခြင်းဖြစ်၏။

လူဆိုသည်မှာ အတုယူတတ်သည်။

ဝိတ်ဆေ့ထွဲ

www.burmeseclassic.com

www.burmeseclassic.com



မိမိမြင်သူ၊ ကြားသူ၊ အနီးကပ်နေသူ၏ လုပ်ပုံကိုင်ပုံကို လိုက်လံ လုပ်ကိုင် သင်ယူတတ်ခြင်းသည် လူ၏ မွေးရာပါ စိတ်ဖြစ်သည်။

အခြားသူတစ်ဦး 'မိခင်၊ ဖခင်စသည့်' လုပ်ပုံကိုင်ပုံ ပြောပုံဆိုပုံအတိုင်း အတုယူ လိုက်လံလုပ်ကိုင်တတ်သည့် စိတ်ဖြင့်ပင် လမ်းလျှောက်တတ်၊ စကားပြောတတ်၊ သွားတတ် လာတတ်ပြီး၊ အရွယ်ရောက်ခဲ့ခြင်းဖြစ်သည်။

အတူနေရင်းထိုင်ရင်း ပေါင်းရင်းသင်းရင်း အခြားသူ၏ အမူအကျင့် အပြောအဆိုတို့ မိမိထံတို့ ကူးစက်ရောက်ရှိလာတတ်သည်။ တစ်ခါတရံ မိမိကိုယ်တိုင်ပင် မသိလိုက်ဘဲ၊ အလိုလို အတုခိုးမိပြီး၊ အကျင့်စရိုက်တို့ ပြောင်းလဲသွားတတ်သည်။

လူသည် သတိကပ်မနေလျှင် စိတ်က လူမိုက်မှန်း၊ လူကောင်းမှန်း မခွဲခြားဘဲ အတုယူတတ်သောကြောင့် လူမိုက်ကို ဝေးဝေးရှောင်ထားသည်မှာ အကောင်းဆုံး။

'ငါက မကောင်းတာကို သိတာပဲ၊ သူတို့က ငါ့ကို မလွှမ်းမိုးနိုင်ပါဘူး'ဟု မိမိကိုယ်ကို အရဲကိုးပြီး၊ လူမိုက်များနှင့် မထိတွေ့လိုက်ပါနှင့် အမှားကြီး မှားလိမ့်မည်။ သူတို့ကိုယ်တိုင်က မိမိကို လွှမ်းမိုးရန် မကြိုးစားဘဲနှင့် သူတို့၏ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံ



www.burmeseclassic.com

www.burmeseclassic.com



များစွာ ဖိဖိတို ရိုက်ခတ်လိမ့်မည်။

လူ့ပိုက်က အလိုလို နုကျွဲမေးနိုင်ပုံကို နိုပါတ်ပေါက်လာ ဘုရင့်မင်္ဂလာမြင်းတော်ဇာတ်လမ်းက အကောင်းဆုံး ပြဆိုထားသည်။

ဘုရင့်မင်္ဂလာမြင်းတော်သည် မင်္ဂလာမြင်းတော်ပီပီ ကြန်အင်လက္ခဏာစုံစုံလင်လင် ပြစ်မျိုးမှဲ့မထင်။

သို့သော်

လမ်းသွားရာတွင် မြင်းတော် ခြေခွင်နေသည်ကို သတိထားမိလာကြသည်။ မြင်းသမားတော်ပေါင်းစုံနှင့် ကုသသော်လည်းမရ။ နောက်ဆုံး ထိုရောဂါကို ကုသရန် ဘုရားလောင်းအား အပ်သည်။ စစ်ဆေးကြည့်ရှုသည့်အခါ ရောဂါလက္ခဏာမရှိ အကောင်းပကတိ။

မြင်းတော်သည် ဝေဒနာခံစားနေရခြင်းမဟုတ်ကြောင်း ဘုရားလောင်းက အကဲခတ်မိသည်။ မြင်းတော်၏ အနီးအနားဝန်းကျင်ကို အချိန်ယူလေ့လာသောအခါ မြင်းထိန်းသည် ခြေခွင်နေကြောင်း သိလိုက်ရသည်။

ထိုမြင်းထိန်းကို ရာထူးမှ ဖယ်ရှားပြီး၊ အခြားပုံမှန်မြင်းထိန်းတစ်ယောက်ကို ခန့်အပ်လိုက်သောအခါ မြင်းတော် ခြေခွင်ပျောက်သွားသည်။ မြင်းတော်သည် သူ့မြင်းထိန်းလမ်းလျှောက်သည့်အတိုင်း အတုခိုးပြီး လမ်းလျှောက်ရင်းမှ ခြေခွင်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်သည် အထူး ... ည် အားထုတ်ပျက်ဆီးရန် မလို။ လူနှင့် နည်းစပ်နေခြင်းကြောင့်ကား မိမိပျက်ဆီးရန် လမ်းစပင် ဖြစ်သည်။

လူမိုက်ကို ရှောင်ရသည်မှာ ယနေ့ခေတ်တွင် ပိုခက်ခဲ သိမ်မွေ့လာသည်။ ဆက်သွယ်ရေးနည်းပညာတို့ အရှိန်အဟုန်ဖြင့် ခုန်ပျံကျော်လွှား တိုးတက်လာသည့် ခေတ်ကြီးတွင် မိမိဘာသာ အိမ်တွင်နေသည်ကိုပင် လူမိုက်တို့သည် ဆက်သွယ်ရေးယန္တရားမှတဆင့် ရအောင် လိုက်လာနိုင်သည်။

အင်တာနက်၊ တီဗွီ၊ တအုပ်တို့မှ အရေးများ အတွေးများတို့သည် မသိလိုက်၊ မသိဘာသာ မိမိထံဝင်ရောက်လာနိုင်ပြီး၊ နံနက်မိုးလင်း ဂျာနယ်ဖတ်လိုက်လျှင်လည်းကောင်း၊ အင်တာနက်ကို ဖွင့်လိုက်လျှင်သော်လည်းကောင်း မိမိထံ လူမိုက်တို့ ခုန်ပေါက်ရောက်ရှိလာနိုင်သည်။

အပြင်မှ လူမိုက်ကို ရှောင်ရန် လွယ်သော်လည်း လူထု ဆက်သွယ်ရေးယန္တရားမှတစ်ဆင့် ရောက်လာသည့် လူမိုက်များကို ရှောင်ရန်မလွယ်။ လှလှပပ ဖြင့်ဆင်ထုတ်ပိုးပြီး၊ ရောက်ရှိလာသည့် လူမိုက်တို့ဆိုလျှင် ရှောင်ရန် ပို၍ခက်သည်။ အဝေးကို သယ်ထား နိုင်မှ ပေါက်ရှိကြမည်။

www.burmeseclassic.com



လူမိုက်ဆိုသည် အတော်လေး ကျယ်ပြန့် နက်ရှိုင်းသော သဘောကို ဆောင်သည်။ သွေးနှင့်ကိုယ် သားနှင့်ကိုယ် သူများ တို့သာ လူမိုက်ဟုဆိုလိုသည်မဟုတ်ဘဲ အတွေးအခေါ်မှားများ အကျင့်စရိုက်လွဲများကိုလည်း ဆိုလိုသည်။

တလွဲဆံပင်ကောင်း ရုပ်ရှင်၊ ဝတ္ထုပုံပြင်များကို ဖတ်မိလျှင် သတိမထားမိ မယူတတ်ပါက အဆိပ်အတောက်များ ဦးနှောက်ထဲသို့ ဝင်ရောက်ပြီး၊ ဦးနှောက်ဆေးခြင်းခံရတတ်သည်။

အတွေးအခေါ်မှားများက မိမိကိုယ်လာရောက်ထိတွေ့ခြင်းကို ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်သော်လည်း၊ မရှောင်နိုင်ကြ။ စဉ်းစားတတ်အောင် မိမိကိုယ်ကို လေ့ကျင့်ထားပါ။

ကိုယ်ခံအားကောင်းလျှင် ယူသင့်သည်ကိုသာ ယူပြီး၊ ပယ်သင့်တာကို ပယ်မည်ဖြစ်သောကြောင့် အတွေးအခေါ်လွဲတို့ မိမိ ခေါင်းတွင်းသို့ မဝင်နိုင်တော့ပေ။

မိမိခေါင်းတွင်းသို့ ထိုခပ်လွဲလွဲ သီအိုရီတို့ မဝင်လျှင် အစေ့ အညှောက်မှသည် အမြစ်တွယ်သွားပြီး အညွန့်၊ အခက်၊ အလက်တို့ ဝေဆာလာမည်မဟုတ်ချေ။

လူမိုက်တွင် အနီးလူမိုက်၊ အဝေးလူမိုက်ရှိသည်။

အဝေးမှ လူမိုက်ကို ရှောင်ရန် လွယ်သော်လည်း၊ အနီးရှိ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွင်း သူငယ်ချင်းလုပ်ဖော်ကိုင်ဖက် အပေါင်းအသင်း ရောင်းရင်း လူမိုက်တို့ကို ရှောင်ရန်မလွယ်။

ရှောင်ရမလွယ်ရသည့်အထဲ ယင်းတို့သည် မိမိအနား အချိန်ခပ်များများ ရှိနေတတ်သော ပုဂ္ဂိုလ်တို့ဖြစ်သောကြောင့် လွှမ်းမိုးနိုင်ခြေ ပိုများနိုင်သည်။ ချစ်သူ ခင်သူ လူမိုက်တို့သည် လူမိုက်တကာတို့တွင် အန္တရာယ်အကြီးဆုံး လူမိုက်များဖြစ်သည်။

ဖခင်မလိမ္မာသောကြောင့် မိသားစုတစ်စုလုံး ဘဝပျက်ခဲ့ရသည်များ၊ လင်ဆိုးမယား တဖားဖားများ၊ သားဆိုးအမေ တပေပေများ၊ ကျွန်ုပ်ယုံ တစ်ဖက်ကမ်း သားသမီးယုံ စုံလုံးကမ်း။ နောက်ကျောဓါးနှင့်ထိုးသောမိတ်ဆွေများသည် အနီးကပ်လူမိုက်တို့၏ *နေ့စဉ်ဥပမာများဖြစ်သည်။

အရာရာ အပျက်သဘောမြင်လေ့ရှိသည့် အဆိုးမြင်သမားများ (Pessimists)သည်လည်း ရှောင်ရှားသင့်သည့် ပုဂ္ဂိုလ်များထဲတွင် ထိပ်ဆုံးက ပါဝင်သည်။ အဆိုးမြင်သမားတို့ကို ရုတ်တရက်ဆိုလျှင် သတိကြီးသူ စဉ်းစားတတ်သူဟု အမှတ်မှားနိုင်သော်လည်း သူတို့အနားတွင်နေရိုက် စိတ်ကို အာရုံပြုကြည့်ပါက အလိုလို စိတ်အားလျော့တတ်ကြောင်း ခံစားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိဘာသာ ကြည်လင်တက်ကြွနေသည့် စိတ်ကလေးသည် အဆိုးမြင်သမားများ အနီးရောက်လျှင် ချုပ်ငြိမ်းသွားပြီး၊ စိတ်လေးလေးလံလံဖြင့် အိမ်ပြန်သွားရသည့် အဖြစ်များ ကြုံဖူးကြလိမ့်မည်။

ထိုသူများကို ယောင်မှားပြီး၊ မိမိဘဝအတွက် အရေးကြီးဆုံးဖြတ်ချက်ချခါနီး သွားမတိုင်ပင်လေနှင့် ငယ်သောအမှုကြီးစေ၊ ကြီးသောအမှု အကျိုးနည်းစေဖြစ်တတ်ပြီး၊ အဆုံးအဖြတ်များ အလွဲကြီး လွဲသွားတတ်သည်။

သူတို့၏အချိန်ကို မလေးစား အခြားသူတို့၏ အချိန်ကို မလေးစားသည့် ပုဂ္ဂိုလ်များသည်လည်း ခပ်လှမ်းလှမ်းမှ ရှောင်သင့်သော ပုဂ္ဂိုလ်များဖြစ်သည်။

အချိန်ကိုဖြုန်းသောသူသည် ဘဝကို ဖြုန်းသောသူဖြစ်သည်။ ကိုယ့်ဘဝကို ဖြုန်းသောသူနှင့် ပေါင်းမိလျှင် မိမိဘဝသည်လည်း အလဟဿ ဖြုန်းတီးသွားလိမ့်မည်။ မလွှဲသာသောကြောင့် ပေါင်းရသင်းရလျှင် မိမိအချိန်ကို အလဟဿဆုံးရှုံးမသွားစေအောင် သတိထားပြီး၊ ဆက်ဆံရမည်။

မိမိနှင့် အနီးကပ်နေပြီး၊ မိမိကို စနစ်တကျ ဖျက်ဆီးအန္တရာယ်ပေးသည့် လူမိုက်များမှာ အလွန်နည်းပါးသည်။

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် သူတို့ထံမှ ရလိုက်သည့် အကျင့်ဆိုး၊ အကျင့်မိုက်များသည်သာ မိမိကိုယ်တွင်းတွင် ရှင်သန်ပေါက်ဖွား ကြီးပြင်းပြီး ဘဝကို ဖျက်ဆီးနိမ့်ကျစေလိမ့်မည်။

နောင်လူမိုက်တို့နှင့် နေရာဌာနကွာလှမ်းသွားသည့်တိုင် ထိုကျင့်ဆိုးများက မိမိအား ဆက်လက်နှိပ်စက်နေပြီး သေရာပင်ပါသွားတတ်သည်။

လူမိုက်နှင့် မလွှဲသာသောကြောင့် ပေါင်းသင်းရပြီ ဆိုပါစို့။

မိမိကလည်း ဝေးဝေးမရှောင်နိုင်သေး။

သို့မဟုတ်

အနီးကပ်ဆွေးရင်းသားရင်း လူမိုက်များဆိုလျှင် မရှောင်ရက်ပါက မည်သို့ဆောင်ရွက်မည်နည်း။

အကောင်းဆုံးနည်းကတော့

သူတို့ကို ကောင်းအောင်ပြုပြင်ခြင်းသာ သူတို့၏ အမူအကျင့်များ မိမိနှင့်ပေါင်းသင်းရသောကြောင့် ပြောင်းလဲကောင်းမွန်လာလျှင် အတိုင်းထက်အလွန်။

သို့သော်

လူ၏အကျင့်ကို ပြင်ရသည်မှာ အပြောလွယ်သလောက် အလုပ်ခက်ကြောင်း သဘောထားရမည်။ မပြုပြင်နိုင်လျှင် ကိုယ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှာ သဘောတရားကို လက်ကိုင်ထားရတော့မည်။

'ခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်' 'ရေပ်သီးနဲ့ ရောနေတော့ ကြက်သွန်ပါ အထောင်းခံရတတ်' ဆိုသော မြန်မာ စကားပုံတို့က လူ့မိုက်ကို အစဉ်သတိကြီးကြီးထားခဲ့ကြောင်း ဖော်ပြထားသည်။

လူ့မိုက်ကို ရှောင်နိုင်လျှင်
အရာရာ အဆင်ပြေလိမ့်မည်။ ။

ဝေယျာသူ

*The Voice Jaunal* မှ

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်အဆင့် ရောက်နေသလဲ

အောင်မြင်မှုဟူသည်
ဘဝတွင် မိမိရောက်နေသော အဆင့်နှင့် တိုင်းတွာခြင်းမဟုတ်၊
ထိုသို့ အောင်မြင်သည့် အဆင့်ရောက်အောင်
အခက်အခဲ အတားအဆီးများကို
ဘယ်လိုကျော်ဖြတ်ခဲ့သလဲ ဆိုတာနဲ့
တိုင်းတွာတယ်ဆိုတာ ကျွန်တော်နားလည်ခဲ့သည်။

I have learned that success is to be measured not by the position that one has reached in life as by the obstacles which one has over came while trying to succeed.

***(Washington)***

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဘာစာကို ဖတ်သင့်ပါသလဲ

စာ (၃)မျိုးရှိသည်။

၁။ ကွမ်းယာနှင့် တူသောစာ၊
ဝါးပြီးထွေးထုတ်ရသည်။
အရည်ရောအဖတ်ပါ ထွေးထုတ်ပစ်ရ၏။

၂။ ကြံနှင့်တူသောစာ။
အရည်ချိုချိုကိုသောက်ပြီး အဖတ်ကိုထွေးထုတ်ပစ်ရသည်။

၃။ ရေခဲမုန့်နှင့်တူသောစာ။
အရည်ပျော့လျှင်လည်း သောက်၍ချိုသည်။
အဖတ်ဘဝမှာလည်း စားလို့အရသာရှိသည်။
ရေခဲမုန့်နှင့်တူသော စာမျိုးဖတ်သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့စာသည် ဖတ်ရုံသာမက စာအုပ်စင်မှာပါ သိမ်းထားရသည်။ မိမိစိတ်ကို ဖြေသိမ့်ပေးနိုင်သည်။ အားမာန်ကိုဖြစ်စေသည်။ အသစ်တွေကို ရစေသည်။ သင်ခန်းစာရယူနိုင်သည်။ စာအုပ်ဖတ်ပြီး ကျေနပ်နှစ်သက် ဖြစ်ရ၏။ ထိုသို့သောစာမျိုးကို ရှာဖွေရွေးချယ်ဖတ်သင့်ပါသည်။

စာကောင်းပေကောင်းသည် ကိုယ့်အနားသို့ 'အလွယ်တကူ မရောက်လာတတ်ပါ။ ကိုယ်က သတင်းစုံစမ်းရှာဖွေ ဖတ်ရှုရ၏။

ကံကောင်းသဖြင့် ကိုယ့်အနားသို့ စာကောင်းပေကောင်း ရောက်လာခဲ့သော် လက်လွတ်မခံဘဲ ကျားကုတ် ကျားခဲ ဖတ်မှတ်သိမ်းဆည်းရာ၏။

ကိုယ်ပိုင်စာအုပ်မဟုတ်ဘဲ သူများဆီက ငှားဖတ်ရသောစာအုပ်ဖြစ်ခဲ့သော် နီးစပ်ရာ ဗလာစာအုပ်တစ်အုပ်တွင် အလျှင်အမြန်ကူးယူရေးချမှတ်သားသင့်၏။

မည်မျှ ကြိုက်နှစ်သက်သောစာဖြစ်စေ နှလုံးသားအတွင်းသို့ ချက်ချင်းမရောက်ပါက မေ့သွားနိုင်ပါသည်။ ထိုသို့ မေ့သွားခဲ့သော် ကိုယ်ဖတ်မိခဲ့သော တန်ဖိုးရှိသည့်စာသည် အိပ်မက်မက်သကဲ့သို့ ပျောက်သွားတတ်ပါ၏။

ထိုစာအုပ်ကို အချိန်ပေး ဖတ်နေသည်မှာ တန်း။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်သည့် စာအုပ်ဘာဇာစ်ခုမှ မမှတ်မိတော့သဖြင့် ထိုစာအုပ်မဖတ်ဘူးနှင့် အတူတူပဲဖြစ်လိမ့်မည်။

ထို့ကြောင့် စာအုပ်များစွာထဲက စာကောင်း ပေကောင်းတွေကို ရွေးဖတ်ပါ။ ရှာဖွေဖတ်ပါ။ ဖတ်ပြီးလျှင် သေချာမှတ်ထားပါ။ ဖြစ်နိုင်လျှင် နှလုံးသားထဲအထိရောက်အောင် ဖတ်ကြပါဟု တိုက်တွန်းအပ်သည်။

ခင်မောင်ကြွယ်

***(The Best English)***

* * *

www.burmeseclassic.com

www.burmeseclassic.com



# အကောင်းမြင်သဘောထား

တစ်ခါက အလွန်သေးငယ်တဲ့ ဖားတစ်အုပ်ဟာ အပြေးပြိုင်ပွဲ ကျင်းပဖို့ စီစဉ်နေကြတယ်။ ပန်းတိုင်ကတော့ အလွန်မြင့်မားတဲ့ မျှော်စင်ထိပ်ရောက်ရှိဖို့ပါ။ အလွန်များပြားတဲ့ ပရိသတ်တွေဟာ ပြိုင်ပွဲကို ကြည့်ရှုအားပေးဖို့ မျှော်စင်နားကို စုရုံးရောက်ရှိလာပါတယ်။

အပြေးပြိုင်ပွဲ စတင်ပါပြီ။

ပွဲကြည့်ပရိသတ်ဖားတွေဟာ ရိုးရိုးသားသား ပြောရမယ်ဆိုရင် တော့ ဘယ်ဖားမှ မျှော်စင်ထိပ် ရောက်လိမ့်မယ်လို့ ယုံကြည် မထားကြပါဘူး။

'မျှော်စင်ထိပ် ဘယ်သူမှ မရောက်ပါဘူးကွာ၊ အောင်မြင်ဖို့ အခွင့်အရေး တစ်ခုလေးကောင်မရှိဘူး။ မျှော်စင်ကလည်း အလွန် မြင့်လွန်းတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



စသည့် စကားသံများကိုပဲ ကြားနေရတယ်။

သွက်လက်တဲ့အရှိန်နဲ့ တက်ရောက်နေတဲ့ ဖားတစ်အုပ်စုမှ လွဲ၍ ဖားတွေဟာ တစ်ကောင်ပြီးတစ်ကောင် လက်လျှော့လာတော့တယ်။

'ဒီပြိုင်ပွဲကြီးက အလွန်ခက်ခဲတယ်။ ဘယ်သူမှ အောင်မြင်အောင် တက်နိုင်မှာမဟုတ်ပါဘူး'လို့ ပွဲကြည့်ပရိသတ်ကြီးက ဆက်လက်ပြောဆိုကြမြန်တယ်။

မောပန်းအားကုန်ပြီး လက်လျှော့လာတဲ့ ဖားတွေဟာ ပိုပြီး များလာတော့တယ်။

ဒါပေမယ့် ဖားတစ်ကောင်ကတော့ ဆက်လက်ပြီး မြင့်မြင့် မားမားရအောင် တက်ရောက်နေခဲ့တယ်။ ဒီဖားကတော့ လက်လျှော့ စွန့်လွှတ်မယ့်ပုံ တစ်စက်မှမရှိပါဘူး။

နောက်ဆုံးမှာတော့ ဒီဖားတစ်ကောင်မှလွဲပြီး ဖားအားလုံးဟာ မျှော်စင်ပေါ် ဆက်လက်တက်ရောက်ဖို့ စွန့်လွှတ်အရှုံးပေးလိုက်တော့ သည်။ တစ်ကောင်တည်းကျန်တဲ့ဖားဟာ ပြင်းပြင်းထန်ထန် အားစိုက်ထုတ်ပြီးနောက် မျှော်စင်ထိပ်ပေါ်တက်ရောက်နိုင်ခဲ့ပါတယ်။

ဒီနောက် အခြားဖားတွေက အဲဒီဖား အောင်မြင်မှုနဲ့တိုင်ဆိုင်အောင် ဘယ်လိုလျှောက်လှမ်းနိုင်ခဲ့တယ်ဆိုတာ သိချင်လာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြိုင်ပွဲဝင်တစ်ဦးက 'ရည်ရွယ်ချက်ပန်းတိုင်ဆီ ရောက်ရှိ အောင်မြင်ဖို့ စွမ်းအားတွေ ဘယ်လိုတွေ့ရှိခဲ့တာလဲ'

မေးမြန်းပါတယ်။

ဒီအခါမှာ အောင်မြင်မှုပန်းတိုင်စီ ရောက်ရှိခဲ့တဲ့ ဖားဟာ နားမကျန်းသူဖြစ်နေကြောင်း တွေ့ရှိရပါတော့တယ်။

မိတ်ဆွေတို့ အခြားသူတွေရဲ့ အဆိုးမြင်သဘောထားတွေကို ဘယ်တော့မှ နားမယောင်ပါနဲ့။

အကြောင်းကတော့

သူတို့ဟာ သင့်နှလုံးသားမှာရှိနေတဲ့ အမှတ်ကောင်းတဲ့ စိတ်ကူး အိမ်မက်တွေ စိတ်ဆန္ဒတွေကို ယူဆောင်သွားတတ်တဲ့ အတွက်ကြောင့်ပါပဲ။

(နေလင်းအောင်)

* * *



www.burmeseclassic.com

www.burmeseclassic.com



# ကြီးပွားခြင်း၊ မကြီးပွားခြင်း

အလုပ်ကြီးအကိုင်ကြီးများကို ကြံစည်လုပ်ကိုင်သူများသည် မိမိတို့အဖို့သာ မကြည့်ရဘူး။ ငါ၏ လခစား၊ ငါ၏ အကျိုးဆောင်များကို အဘယ်နည်းနှင့် ချမ်းသာအောင်လုပ်ရမည့် အရေးကိုလည်း ပူပန်စွာ ဂရုစိုက်ရပေမည်။

ထိုကဲ့သို့ ဂရုစိုက်သော စိတ်ကောင်း၊ စိတ်မြတ်ရှိသူတို့မှာ လက်အောက်ငယ်သားတို့၏ မေတ္တာ၊ စေတနာအစွမ်းကြောင့် ပို၍ ကြီးပွားကြလေသည်။

လက်အောက်ငယ်သားများ၏ အကျိုးကိုမကြည့်တဲ့ ငါ့အတွက်တဲ့သောစိတ် ထားရှိသူတို့မှာ အများအားဖြင့် ကြီးပွားသင့်သလောက် မကြီးပွား၊ ဆုတ်ယုတ်ပျက်စီးကြသည်သာများလေသည်။

(ပီမိုးနှင်း)

* * *



www.burmeseclassic.com

www.burmeseclassic.com



# ခွဲခြားတတ်ပါစေ

လူ့မှာအရာရာကို စူးစမ်းစိတ်ပါလာပြီး၊ သိချင်တာကို သိအောင်လည်း လုပ်ကြပါတယ်။

သတင်းဖြန့်ချိရေး၊ ဆက်သွယ်ရေးလမ်းကြောင်းတွေ ကွန်ယက်တွေလည်း ထိစပ်ပြီး အလုပ်လုပ်နေကြတယ်။

မသိတာကို သိတာ မင်္ဂလာတစ်ပါးပါ။

နောက်ပြီး၊

ကိုယ်က အရှင်သခင်ကို သက်ရှိ၊ သက်မဲ့တွေကို နိုင်နင်းပါတယ်။ စက်ဘီးစီး၊ ကားမောင်း၊ တီဗီကြည့်၊ ဖုန်းပြော စသည်ပေါ့။

လူဆိုရင်လည်း လက်အောက်ငယ်သား အလုပ်သမား တပည့်သား မြေးတွေကို စီမံခန့်ခွဲနိုင်းစေနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပေမယ့်

ကျွန်တော်တို့မသိဘဲ ကျွန်တော်တို့ နိုင်းလို့မရတဲ့ သတ္တဝါ တစ်ဦး ရှိနေတာ မထူးဆန်းဘူး။

သူက ကိုယ်ပျောက်နေလို့လား။

Knowing others is intelligence's knowing yourself is true wisdom.
Mastering othe ristrength
Mastering yourself is true power

အခြားအရာတွေကို သိသာက အသိဉာဏ်သာဖြစ်ပြီး၊
ကိုယ့်ကိုသိတာမှ စစ်မှန်တဲ့ ပညာဖြစ်ပါတယ်။
အခြားသူတွေကို နိုင်းစေနိုင်တာ အင်အားသာဖြစ်ပြီး၊
ကိုယ့်ကို နိုင်းစေနိုင်တာကမှ စစ်မှန်တဲ့ စွမ်းရည်ဖြစ်ပါတယ်။

ဆွေလင်း(အောင်မြေ)

* * *



www.burmeseclassic.com

www.burmeseclassic.com



# နှုတ်ဆိတ်ခြင်း

'စကားပြောလွန်းရင် မှားတတ်တယ်လို့'

ဖေဖေ ပြောပြီးပြီ။

စကားပြောကောင်းအောင် လေ့ကျင့်ခဲ့တဲ့ ဖေဖေတောင် နောက်ပိုင်းမှ တိတ်တိတ်ဆိတ်ဆိတ် နေတတ်ပြီ။

တစ်နေ့လုံးနေလို့ စကားတစ်လုံးမှ မပြောမိတဲ့ နေ့တွေလည်း ဖေဖေ့မှာ အများကြီးပါကွယ်။

ဒါပေမယ့်

တိတ်ဆိတ်နေခြင်းဟာ အကြွင်းမဲ့ကောင်းမွန်ခြင်းတော့မဟုတ်ဘူး။ ၅၅၀ နိပါတ်တော်ထဲက တေမိမင်းသားတောင် စကားကို ပြောသင့်တဲ့အချိန်မှ ပြောရသေးတယ်။ ဖေဖေ ဆိုလိုတာ ရှင်းရှင်းလေး။



www.burmeseclassic.com

www.burmeseclassic.com



၁။ ပြောသင့်တဲ့အချိန်ဆိုတာရှိတယ်။

၂။ ပြောကိုပြောရမယ်။

၃။ ဘာမဟုတ်တာလေးကို စကားလုံး ဇုန်းကြဲပြနေတဲ့ Witter မဖြစ်ရင်ပြီးတာပါပဲ

အကျိုးအကြောင်းမညီညွတ်တဲ့

နှုတ်ဆိတ်မှုမျိုးဟာ မိုက်မဲမှုပါပဲ။

တာရာမင်းဝေ

(ခေတ်နေ့အတွက်စာတစ်ရွက်မှ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်၏တန်ဖိုး

သဘာဝ + လုပ်အားတန်ဖိုး

Nature + Labour Power = Value

ငါတို့တာ ရှဲ့ကို အလကားရခဲ့တာနော်။

သူ့ချည်းတုန်းက ဘာတန်ဖိုးမှမရှိဘူး။ မင်းက လောက်စလုံး လုံးလိုက်တော့မှ တန်ဖိုးကတက်လာတာ။

ဒီတော့ သဘာဝ+လုပ်အား = တန်ဖိုးဆိုတာ ထင်ရှား မလာပေဘူးလား။

ဒီထက် ထင်ရှားတာလေးကို ပြောရဦးမယ်။

မင်းတို့ ငါတို့ အသက်ရှင်ဖို့အတွက် ဘာလုပ်ရသလဲ။ လေကိုရှူရတာပဲ မဟုတ်လား။ လေကိုရလိုက်လို့ ငွေပိုပေး ရသလား။ လေကိုသာ ပိုက်ဆံပေးပြီး ရှူနေရရင် မခက်ဘူးလား။ လေကို အလကား ရတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



မင်းက ကားတာယာပြင်ဆိုင်မှာ မော်တော်ကားဘီးကို လေသွားပြီး ဖြည့်ပါပြီတဲ့။ 'ခင်ဗျားနှယ်ဗျာ အလကားရတဲ့လေကို ပိုက်ဆံယူ မနေပါနဲ့'လို့ ပြောကြည့်ပါလား။ အရှုးဆိုပြီး ပါးရိုက်မလွှတ်ရင်ကံကောင်းပေါ့။

ဒီတော့

အလကားရတဲ့ သဘာဝကို ဖယ်လိုက်ရင် ညီမျှခြင်းက

Nature + Labour Power = Value

သဘာဝ+ လုပ်အား = တန်ဖိုး

အခုသဘာဝကို ဖယ်လိုက်တော့ (လုပ်အား+တန်ဖိုး)လို့ ဖြစ်မလာပေဘူးလား။

အကြောင့်

လောကမှာ တန်ဖိုးတူသမျှဟာ လုပ်အားကြောင့် ပေါ်လာတာတွေချည်းပဲ။ အကြောင့် တန်ဖိုးတူသမျှကို တန်ဖိုးစိုက်ထုတ်လိုက်တဲ့ လူတွေသာလျှင် ရထိုက်တယ်။

ကောင်းပြီ။

ဒီရှုပမာအကို မင်းက လောက်စာလုံး မလုံးတော့ဘူး။ အိုးပုတ်ကလေးတစ်လုံးလုပ်ပြီး၊ ရောင်းမယ်ဆိုပါတော့။ အိုးပုတ်ကိုပြီး ဈေးရမှာပဲ မဟုတ်လား။ ဈေးပိုပြီးရတာ အလုပ်မပြောနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အိုးပုတ်က လောက်စာလုံးထက်ပိုပြီး လက်ဝင်တယ်။ လုပ်အား ပိုတယ်မဟုတ်လား။

(အောင်သင်း)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းဆောင်ကောင်းဆိုတာ

သူတစ်ပါးထက် ပိုပြီးအောင်မြင်ချင်တဲ့ လူဆိုတာ သူတစ်ပါး ထက်ပိုပြီး၊ အလုပ်လုပ်ရတယ်ဆိုတာမှန်ပါတယ်။

ဒါပေမယ့်

အလုပ်ပိုလုပ်နိုင်တိုင်းလဲ အောင်မြင်တဲ့ ခေါင်းဆောင် မဖြစ်ပါဘူး။

အောင်မြင်တဲ့ ခေါင်းဆောင်ကောင်းတစ်ဦးရဲ့ လိုအပ်သော အရည်အချင်းတွေကို ဦးငွေသိန်း(ကွမ္ဗဏီလမ်းညွှန်)က အောက်ပါအတိုင်း ချပြထားတယ်။

အဲဒီအချက်တွေရှိမှ ခေါင်းဆောင်ကောင်းဖြစ်မှာပေါ့။

အဲဒါတွေကတော့

၁။ သိလိုစိတ်ပြင်းပြမှု

Curiosity

၂။ ဆန်းသစ်မှု

Creativity

www.burmeseclassic.com

www.burmeseclassic.com



၃။ ဆက်သွယ်ဆောင်ရွက်မှု
Communication

၄။ အကျင့်စာရိတ္တကောင်းမွန်မှု
Character

၅။ သတ္တိရှိမှု
Courage

၆။ အပြစ်ဖြစ်ရင် ခံယူရဲတဲ့ သတ္တိရှိမှု
Conviction

၇။ လူအများ၏ချစ်ခင်လေးစားနိုင်မှု
Charisma

၈။ ကျွမ်းကျင်လိမ္မာမှု
Competent

၉။ လက်တွေ့ကျကျတွေးတတ်မှု
Common Sense

၁၀။ အကျဉ်းအကျပ်ထဲကနေ ဖောက်ထွက်နိုင်မှု
Crisis

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဖားလေးနှစ်ကောင်

ဝဖြိုးသော ဖားတစ်ကောင်နှင့် ပိန်သေးသော ဖားတစ်ကောင်တို့သည် နွားနို့စည်အတွင်းသို့ မတော်တဆ ပြုတ်ကျသွားပါသည်။ နွားနို့စည်၏ ဘေးနံရံများသည် အလွန်ချောမွတ်နေသဖြင့် ဖားနှစ်ကောင် အပြင်ထွက်၍ မရတော့ပေ။ ဝဖြိုးသောဖားကြီးက ပိန်သေးသောဖားကို ဤသို့ပြောသည်။

'ညီလေးရေ ငါတို့တွေ ဆက်ပြီးတော့ ယက်ကန်ယက်ကန်နဲ့ ကူးနေလည်း အကြောင်းမထူးတော့ပါဘူးကွာ။ နွားနို့ထဲ နစ်ပြီး သေမှာက သေမှာပဲကွ၊ အဲဒါကြောင့် လက်လျှော့လိုက်တာပဲကောင်းမယ်'

'တောင့်ထားပါဦး အစ်ကိုရယ်... ဆက်ပြီး ကူးပါဦး။ တစ်ယောက်ယောက် ကျွန်တော်တို့ကို တွေ့သွားပြီး ဒီအထဲက ထုတ်ပေးမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ငါတော့ ဆက်ပြီး မကူးနိုင်တော့ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ နွားနို့ထဲ နစ်သေမှာပဲဆိုတော့ ဒီလိုလုပ်နေလို့လည်း ဘာအဓိပ္ပါယ်မှ မရှိဘူး၊ ဘာအကျိုးရှိမှာမို့လို့လဲ'

ဖားကြီးသည် လက်လျှော့အရှုံးပေးစိတ်ဖြင့် ကူးခတ်နေခြင်းကို ရပ်တန့်လိုက်သည်။ ထို့ကြောင့် နွားနို့ထဲနစ်သွားတော့သည်။ သို့သော် ဖားပိန်လေးက ကူးခတ်မြဲ ကူးခတ်နေသည်။

အချိန်အတော်ကြာလာသောအခါ ဖားပိန်လေးသည် သူ၏ ခြေထောက်အောက်ရှိ နွားနို့များ မာကြောလာသည်ကို ခံစားမိသည်။ သူမရပ်မနား မွှေနှောက်ကူးခတ်နေမှုကြောင့် နွားနို့များ ထောပတ်အဖြစ်သို့ ပြောင်းလဲသွားလေပြီ။ ထို့ကြောင့် ဖားပိန်လေးသည် နွားနို့စည် အပြင်ဘက်သို့ ခုန်ဆွခုန်ဆွနှင့် တက်လာနိုင်ခဲ့ပေသည်။

ကြီးမားသော အခက်အခဲတစ်ခုတစ်ရာနှင့် ကြုံလာတိုင်း ကျွန်ုပ်တို့ အလွယ်တကူ လက်လျှော့အရှုံးပေးလေ့ရှိပါသည်။ အခက်အခဲကို အောင်မြင်သည်အထိ ကြံ့ကြံ့ခံ၍ကြိုးစားဘဲ ဘာမှအကျိုးရှိလာမှာ မဟုတ်ပါဘူး ဟူသော အပျက်မြင်စိတ်ဖြင့် လုပ်ကိုင်နေသော အရာများကို ရပ်တန့်ပစ်လေ့ရှိပါသည်။

ကျွန်ုပ်တို့သည် ဖားနစ်ကောင်ထံမှ သင်ခန်းစာယူသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အခြေအနေတွင်မဆို ဖွဲမလျှော့ဘဲ အားထုတ်ခွန်စိုက် ကြိုးစားမည်ဆိုလျှင် အဆိုးဆုံးဟုထင်ရသော အခြေအနေမှာပင် အကောင်းဆုံးသော အကျိုးကျေးဇူးများရရှိလာမည်မှာ ကောနိပင် ဖြစ်ပါတော့သည်။

စည်သူထက် (မအူပင်တက္ကသိုလ်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်ရှင်နှင့် ခေါင်းဆောင်

အလုပ်ရှင်က အခွင့်အာဏာကို အားကိုးတယ်။

ခေါင်းဆောင်က စိတ်ကောင်းစေတနာကို အားကိုးတယ်။

အလုပ်ရှင်က အကြောက်တရားနဲ့ ခြောက်ခိုင်းတယ်။

ခေါင်းဆောင်က မေတ္တာတရားနဲ့ ဦးဆောင်တယ်။

အလုပ်ရှင်က 'ငါ'လို့ ပြောတယ်။

ခေါင်းဆောင်က 'ငါတို့'လို့သုံးတယ်။

အလုပ်ရှင်က အလုပ်ပြီးသွားပုံကို ပြတယ်။

ခေါင်းဆောင်က အလုပ်ဘယ်လိုလုပ်ရမယ်ဆိုတာ သင်ပေးတယ်။

အလုပ်ရှင်က ရိုသေလေးစားဖို့ အမိန့်ပေးတယ်။

ခေါင်းဆောင်က လေးစားထိုက်အောင် စံပြနေထိုင်တယ်။

(အခွင့်အလမ်းရှာနည်းမှ)

* * *

www.burmeseclassic.com

www.burmeseclassic.com



## ပန်းတိုင်သွား ဒဿနများ

✦ သူတစ်ပါးအကြောင်း သိဖို့ထက်
ကိုယ့်အကြောင်းကို သိဖို့က ပိုအရေးကြီးတယ်။

✦ ဘရိတ်မရှိတဲ့ကားထက်
ဘရိတ်မမိတဲ့ ပါးစပ်က ပိုပြီးအန္တရာယ်ရှိတယ်။

✦ တက်ကြွပါ။
အိပ်ပေမယ့်
ကြွမတက်စေနဲ့။

✦ များမှန်းသိလို့ တောင်းပန်တာထက်
တောင်းပန်လောက်တဲ့ အမှားမျိုးမမှားမိအောင်
သတိဆောင်နိုင်ရင် ပိုကောင်းတယ်။

✦ ပိုင်ဆိုင်ဖို့အတွက် ရယူခြင်းထက်
ပေးဆပ်ဖို့အတွက် ရယူခြင်းက ပိုမြတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



✦ သူတစ်ပါးအပြစ်ကို မြင်တတ်သလို
ကိုယ့်အပြစ်ကိုလည်း မြင်တတ်ပါစေ။

✦ အပြောကောင်းဖို့ထက်
အကောင်းပြောဖို့က ပိုအရေးကြီးတယ်။

✦ မကော်လောဘကို မထိန်းသိမ်းနိုင်သရွေ့
ဘယ်သောအခါမှ လူမွေးမပြောင်း။

✦ လူကြီး လူကြီး အထင်မကြီးနဲ့
အသိဉာဏ်ကြီးမှ လူကြီးဖြစ်တော
ကိုယ့်ကျင့်ကောင်းမှ လူကြီးဖြစ်တာ
သည်းခံတတ်မှ လူကြီးဖြစ်တာ

✦ ကိုယ့်အတွက် အလုပ်မဖြစ်တာနဲ့
သူ့အတွက် အပြစ်မလုပ်ပါနဲ့။

(ဇော့ဗ်ဝတဘူး)

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်ကိုယ်ကို ယုံကြည်ပါ

ဘဝတွင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိသူသည် အောင်မြင်မှုသရုပ်ကို ဘယ်တော့မှ မဆောင်နိုင်။

မိမိလိုချင်တာကိုသိသူ၊ ထိုအရာကိုရရှိအောင် မပြစ်မနေကြိုးစားသူ "မဖြစ်နိုင်ဘူး"ဟူသော စကားလုံးကို လုံးဝလက်မခံသူနှင့်သာလျှင် အောင်မြင်မှုသရုပ်ထိုက်တန်၏။

အမေရိကန်နိုင်ငံမှာ အအောင်မြင်ဆုံး အာမခံလုပ်ငန်း၊ အရောင်းမန်နေဂျာတစ်ဦးသည် တစ်နေ့တွင် အရောင်းဝန်ထမ်းအားလုံးကို ခေါ်၍ ပြောသည်။

'ခင်ဗျားတို့အားလုံး လုပ်ငန်းခွင်မဝင်ခင် မနက်တိုင်း မှန်ရှေ့မှာ ငါးမိနစ်လောက်ရပ်ပြီး၊ ကိုယ့်မျက်နှာကိုယ်ကြည့်ကြစေချင်တယ်။ ပြီးတော့ မင်းဟာ အတော်ဆုံးအရောင်းသမားဖြစ်တယ်။ အဲဒီတော့ အဲဒါကို ကနေ့သက်သေပြပါ။ မနက်ဖြန်လည်း သက်သေပြပါ။ နေ့တိုင်း သက်သေပြပါလို့ ကိုယ့်ကိုယ်ကိုယ် ပြောကြစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် အရောင်းမန်နေဂျာနှင့် ကြီးတင်စီစဉ်ထားချက်အရ အရောင်းဝန်ထမ်းတိုင်းက နံနက်တိုင်း-

'မင်းက အတော်ဆုံး အရောင်းသမားတစ်ယောက်ဖြစ်တယ်။ အဲဒီတော့ အဲဒါကို ယနေ့သက်သေပြပါ'

ဟုရွတ်ဆိုပြီး၊ အလုပ်ခွင်သို့ ထွက်သွားကြသည်ကို ဇနီးမယားအသီးသီးက လိုက်ပို့ကြတယ်။

ဤနည်းဖြင့် ထိုအရောင်းဝန်ထမ်းများသည် သူတို့လိုင်း(၁)တွင် အတော်ဆုံးအရောင်းသမားများ ဖြစ်လာကြသည်။ သူတို့သည် အာမခံ ပရီမီယမ်တချုပ်များကို ယခင်ကလို အပျော်တမ်း မရောင်းကြတော့၊ စီးပွားဖြစ် ရောင်းကြတော့သည်။

လူတစ်ယောက်၏ မသိစိတ်တွင် အတန့်အသတ်မရှိသောတန်ဖိုးသတ္တိရှိသည်။ ထိုမသိစိတ်ကို မိမိလိုရာသို့ လမ်းညွှန်ခေါ်ယူနိုင်သည်။

လမ်းညွှန်ခေါ်ယူနည်းကလည်း အလွန်လွယ်ကူသည်။

သို့သော် လူအများစုက မသိစိတ်၏ စွမ်းအားကို အလွန်လျော့တွက်တတ်ကြသည်။

အချုပ်ဆိုရသော် မသိစိတ်ကို မမြင်ရသော လူတစ်ဦးသို့ သဘောထားပြီး စကားပြောခြင်းဖြင့် လမ်းညွှန်ခေါ်ယူနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်စေချင်သောအရာကို လုပ်ခိုင်းနိုင်သည်။ ထိုအခါ မသိစိတ်သည် သင်၏အတော်ဆုံး အမှုထမ်းတစ်ဦးပမာ သင်ခိုင်းရာကို အကောင်းဆုံး လုပ်ပေးရန် အဆင်သင့်နာခံနေလိမ့်မည်။

မသိစိတ်တွင် ထူးခြားသော စရိုက်လက္ခဏာ တစ်ခုရှိသည်။ ယင်းစိတ်သည် ပြောသမျှကို ယုံကြည်ပြီး၊ ခိုင်းသမျှကို လုပ်ပေးသည်သာမဟုတ် တစ်စုံတစ်ယောက်၏ စိတ်ကူးစိတ်သန်းများကိုလည်း ယုံကြည်ထောက်ခံတတ်သည်။

အထူးသဖြင့် ယုံကြည်မှု (သို့မဟုတ်) စိုးရိမ်မှုကြောင့် စိတ်ခံစားမှု အလွန်ပြင်းထန်သော စိတ်ကူးစိတ်သန်းများကို ပို၍ ယုံကြည်ထောက်ခံတတ်၏။

မသိစိတ်သည် ထပ်ပြန်တလဲလဲ စိတ်ကူးများနှင့် စကားလုံးများကိုလည်း အလွန်တုန့်ပြန်လွယ်သည်။

ဤအချက်သည် ကောင်း၏။

အဘယ်ကြောင့်ဆိုသော် လူတစ်ဦးသည် မိမိ၏ ရည်မှန်းချက် အောင်မြင်ရေးအတွက် မသိစိတ်ကို မိမိအစား အလုပ်လုပ်ခိုင်းနိုင်သည်။ လွယ်ကူသော နည်းလမ်းဖြစ်သောကြောင့် ဖြစ်၏။

ထို့အပြင် လူတစ်ဦး၏ မသိစိတ်တွင် ဆင်းရဲခြင်း၊ ဆုံးရှုံးခြင်း၊ မကျန်းမာခြင်းစသည့် မကောင်းသော အတွေးအခေါ်များသာ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးနေလျှင်လည်း ထိုသူ့အနေဖြင့် ထိုအရာများကိုသာ ရရှိလိမ့်မည်။

အောင်မြင်သော ပုဂ္ဂိုလ်တိုင်းမှာ စနစ်ကောင်းတစ်ခုရှိသည်။ ထိုစနစ်မှာ အခြားမဟုတ်၊ မိမိရွေးချယ်သော ရည်မှန်းချက်နှင့် မသိစိတ်ကို ကိုက်ညီအောင် မိမိစိတ်ကို မြှုပ်နှံသူတက်ခြင်းဖြစ်သည်။

မလိုအပ်သောအရာများ ဝင်ရောက်မလာနိုင်အောင် စိတ်အား ထက်သန်စွာ တားဆီးခြင်းဟုလည်း ဆိုနိုင်၏။ မိမိဖြစ်ချင်ရာကို ထပ်တလဲလဲ စားမြုံ့ပြန်ခြင်းဖြင့် မသိစိတ်နှင့် ဆက်သွယ်မှု ရရှိနိုင်လျှင် မည်သည့်စိတ်နှင့်မဆို ကောင်း၏။

ထို့ကြောင့် ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှု တူထောင်နိုင်ရန် မသိစိတ်ကိုအသုံးချပါ။

သင်လုပ်သမျှ အရာရာတွင်

အကောင်းဆုံး အလုပ်အကျွေးပြုရမည်။

သင့်ရဲ့စိတ်ကို သင်လေ့ကျင့်ပေးရလိမ့်မည်သတည်း။

*(မောင်ဖေထွန်း)*

* * *

www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်မှုကိုလိုလားသူအတွက် သိထားသင့်တာများ

တကယ်သင်ထားရမယ့် ပညာက(၂)မျိုးရှိတယ်၊
ငွေရှာတဲ့ပညာရယ်၊ တရားရှာတဲ့ပညာရယ်။
လောကကြီးထဲမှာ ဘာမှမပေးရင် ဘာမှမရဘူး၊
ကိုယ်ပေးနိုင်သလောက် ကိုယ်နဲ့ထိုက်တန်တဲ့နေရာရမည်။

ကိုယ်မိသားစုအပေါ် မေတ္တာထားပါ၊
ကိုယ်နေတဲ့လောကအပေါ် မေတ္တာထားပါ၊
မေတ္တာရှိတဲ့လူတွေများလာရင် လောကကြီးပိုငြိမ်းချမ်းတယ်။

ငွေကိုစုပါ တရားကိုစုပါ၊
သင်သေတဲ့အခါ ပြုံးပြုံးကြီး သေနိုင်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာ လူတွေရဲ့ အလေးစားခံချင်ရင်
စီးပွားရေး အောင်မြင်ဖို့လိုတယ်။
သံသရာတစ်လျှောက်လုံး အလေးစားခံချင်ရင်
တရားရှိဖို့လိုတယ်။

စကားကောင်းကို ပြောဆိုပါ။
စကားကောင်းကို ချိုချိုသာသာ ပြောတတ်တဲ့သူဟာ
အောင်မြင်သင့်တာထက် ပိုအောင်မြင်တယ်။

လူ့ဘဝမှာ ပိုပြီး အဆင်ပြေချင်ရင်
ကိုယ်ရဲ့ အတ္တကိုချည်း ရှေ့တန်းမတင်ပါနဲ့
အရာရာ သူ့ဘက်ကိုယ့်ဘက် စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။

လူတွေနဲ့ ဆက်ဆံတဲ့အခါ ရိုးသားရှိမှ
တရားမျှတမှုရှိမှ ရေရှည် မိတ်ချမ်းသာမယ်။

ဘဝမှာ ကိုယ်ကောင်းတာကိုချည်း မတွေးပါနဲ့
ကိုယ့်ရဲ့ မကောင်းကြောင်းကိုလည်း တွေးပါ။

မိတ်ဆွေစကား

www.burmeseclassic.com

www.burmeseclassic.com



ဒီမှ ကိုယ့်ဘဝရဲ့ အမှားတွေ သိသာမယ်။
အမှားတွေကို တကယ်သိလာရင်
အမှန်ဘက်ကို ရောက်လိမ့်မယ်။

လူနဲ့ တိရစ္ဆာန်ကွာခြားတာက အသိဉာဏ်ပဲ။
ဒါကြောင့်
လူများထက် ခေါင်းတစ်လုံးပိုမြင့်ချင်ရင်
အသိဉာဏ်ရှိအောင်လုပ်ပါ။

(အရှင်ဝါယမိန္ဒာလင်္ကာရ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ချမ်းသာမှု

စိတ်ချမ်းသာချင်ရင် စိတ်အကြောင်း နားလည်ဖို့လိုတယ်။

စိတ်အကြောင်းကို စာပတ်ရုံနဲ့ တကယ်နားမလည်နိုင်ဘူး။ အတွေ့အကြုံတွေ့ရမယ်။ ကိုယ့်စိတ်ကို ကိုယ်တည့်တည့်ကြည့်တတ်မှ ကိုယ်စိတ်အကြောင်းကို ကိုယ်နားလည်မယ်။

လူ့ဂုဏ်သိက္ခာနဲ့ စိတ်ချမ်းသာမှုဟာ ဆက်စပ်နေပါတယ်။ လူ့ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့သူမှသာ စစ်မှန်တဲ့ စိတ်ချမ်းသာမှုကို ရနိုင်တယ်။

ကိုယ်ကျင့်တရားကောင်းတဲ့သူက စိတ်ပိုချမ်းသာတယ်။ ကိုယ်ချင်းစာတတ်တဲ့သူ ကူညီတတ်တဲ့သူ၊ ရိုးသားတဲ့သူတော စိတ်ပိုချမ်းသာတယ်။ နောင်တရစရာ မရှိတဲ့သူဟာ စိတ်ပိုချမ်းသာတယ်။

ငါဟာ ဂုဏ်သိက္ခာရှိတဲ့သူလို့ မှန်မှန်ကန်ကန် [illegible]ရဖို့ လိုပါတယ်။ အများက ကိုယ့်ကို ဂုဏ်သိက္ခာရှိတဲ့သူလို့ အသိအမှတ်ပြု ခံရတာကို ရဖို့လည်း လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မုဒိတာစကားမှာ ပါပါတယ်။ မင်္ဂလာဆိုတာ ပြည့်စုံဖို့ ကြီးပွားဖို့ အောင်မြင်ဖို့ အကြောင်းကိုခေါ်တာ။ စိတ်ချမ်းသာဖို့ အကြောင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ချမ်းသာချင်ရင် မင်္ဂလာတရားနဲ့ အညီ နေထိုင်ဖို့လည်း လိုပါတယ်။

စိတ်ချမ်းသာချင်ရင် မရိုးသားတဲ့သူနဲ့ မပေါင်းပါနဲ့။ လိမ်ညာလှည့်ဖျားတတ်တဲ့ သူနဲ့ ပေါင်းရင် စိတ်ချမ်းသာမှု မရနိုင်ဘူး။ စိတ်ချမ်းသာချင်ရင် ကိုယ့်ကို အထက်စီးက ဆက်ဆံချင်တဲ့သူနဲ့ မပေါင်းနဲ့။ အမြဲတမ်း အောက်ကျို့ပြီး ပေါင်းရတဲ့သူနဲ့ မပေါင်းနဲ့။ ကိုယ်ဂုဏ်သိက္ခာကို မလေးစားသူနဲ့ ပေါင်းရင် စိတ်ချမ်းသာမှု မရနိုင်ဘူး။

စိတ်ချမ်းသာမှု စိတ်ဆင်းရဲမှုဆိုတာ ဆက်ဆံရေးကြောင့် ဖြစ်ရတာ များပါတယ်။ ဒါကြောင့် စိတ်ချမ်းသာချင်ရင် ဆက်ဆံရေးမှာ အပြန်အလှန်လေးစားမှု အသိအမှတ်ပြုမှုရှိတဲ့ ဆက်ဆံရေးကို ဖန်တီးပါ။ လူတိုင်း ကိုယ့်ကို အသိအမှတ်ပြုတာ သိပ်လိုချင်ပါတယ်။ အသိအမှတ်ပြုတာခံရရင် သိပ်စိတ်ချမ်းသာတယ်။

ဒါကြောင့် လူလူချင်း အသိအမှတ်ပြုပါ။ တန်ဖိုးထားပါ။ လေးစားပါ။ အဲဒါ စိတ်ချမ်းသာမှု ပေးလိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



# ရတနာစာ

ကောင်းကျိုးလိုလားတယ်ဆိုရင်
ကောင်းတဲ့အလုပ် လုပ်ရုံပဲမဟုတ်လား။
ကောင်းတဲ့အလုပ် လုပ်နိုင်ဖို့ဆိုတာ
စိတ်ထဲမှာ ကောင်းစိတ်ကလေးတွေ
ပေါ်လာဖို့ အဓိကပဲ။
ကောင်းတဲ့စိတ်ကလေးတွေ ပေါ်လာလို့
ကောင်းတဲ့အလုပ်ကို လုပ်နိုင်ပြီဆိုရင်
ကိုယ်လိုချင်တဲ့ ကောင်းကျိုးဆိုတာ ကောန်ရမှာပဲ။
ဒါကြောင့် စိတ်ကောင်းရှိသူမှာ အမြဲတမ်း ရက်ရာဇာ။
စိတ်ကောင်းရှိသူများအတွက်
အချိန်ကောင်းတွေချည်းပါပဲ။

(ယောသရာတော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# စကားကြီးသုံးခွန်း

လူငယ်များအတွက် စကားလက်ဆောင်ပေးချင်သည်။ များများ မဟုတ်ပါ။ သုံးခွန်းတည်းပါပဲ။

ဘဝခရီးကြမ်းကို ဖြတ်သန်းကြမည့် လူငယ်တိုင်း အောင်မြင်မှု ရကြစေချင်သည်။ တချို့က ဘဝကို ရေစုန်မျှောနေကြ၏။ အချိန် အခါကိုမသိ၊ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။

လုပ်တော့ လုပ်နေကြတာပဲ။ ဘယ်လိုလုပ်ရမှန်း မသိ။ သွားတော့ သွားနေတာပဲ၊ ဘယ်ရောက်နေမှန်းမသိ။ မသိခြင်းတွေနှင့် ပျော်မွေ့နေကြ၏။ ထိုသို့သော လူငယ်များအတွက် စကားကြီး သုံးခွန်း လက်ဆောင်ပေးပါရစေ။

၁။ ဘာပဲလုပ်လုပ် အကောင်းဆုံးလုပ်

၂။ ဘာတွေပဲရှုံးရှုံး နာမည်တစ်လုံး မဆုံးရှုံးစေနဲ့

၃။ ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့၊ အချိန်တန် ဟန်ကျမယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဘာပဲလုပ်လုပ် အကောင်းဆုံးလုပ်

သိလို့ပဲ ဖြစ်ဖြစ်၊ မသိလို့ပဲ ဖြစ်ဖြစ်၊ ခိုင်းလို့ပဲ ဖြစ်ဖြစ်၊ အားနာလို့ပဲ ဖြစ်ဖြစ် လူတိုင်းတစ်ခုခုတော့ လုပ်နေကြရသည်။ တချို့လည်း စိတ်ပါ လက်ပါ၊ တချို့က ဝါသနာမပါ၊ တချို့က တာဝန်ကျေရုံပဲ၊ တချို့က အပြောလွှတ် ပြီးရော၊ အားထည့်၍ လုပ်ကြသူနည်း၏။

ဘာပဲလုပ်လုပ် လုပ်ရပြီဆိုကတည်းက တောင်တောင်အီအီ တွေးမနေပါနဲ့။ အကောင်းဆုံးသာ လုပ်လိုက်ပါ။ ကေသရာဇာ ခြင်္သေ့မင်းစိတ်မျိုး မွေးလိုက်ပါ။ ကေသရာဇာခြင်္သေ့မင်းတို့ မည်သည့် သားကောင် ကြီးကြီးသေးသေး အားထုတ်လုံ့လစိုက်မှုကို တစ်ချက် သားမျှမလျော့၊ မမိ မိအောင် ဖမ်းတတ်၏။ လူငယ်တွေ ဘာပဲ လုပ်လုပ် အကောင်းဆုံးလုပ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဘာတွေပဲရှိရှိ

## နာမည်တစ်လုံး မဆုံးရှုံးစေနဲ့

လူ့လောကတွင် ယုံကြည်မှု အရေးကြီး၏။

လူတစ်ယောက်၊ လူတစ်စု၊ အဖွဲ့အစည်းတစ်ခု ယုံကြည်မှုရအောင် တည့်ဆောက်ရသည်မှာမလွယ်၊ အချိန်ကြာမြင့်စွာ တည်ဆောက်ရ၏။ ယုံကြည်မှုရခဲ့သော ကိုယ့်နာမည်တစ်လုံးနှင့် တစ်သက်လုံး ရှုရှိသေအောင် နေထိုင်လုပ်ကိုင်စားလို့ရသည်။

လူမှုအရှုပ်အရှင်းတင်း၊ ငွေကြေးကိစ္စစိတ်ချ၊ စကားတစ်ခွန်းဆိုတစ်ခွန်း ယုံကြည်ရသည်ဟု နာမည်ကောင်းသာရှိ၊ လူလေးစားခံရသည်။ ယုံကြည်အားကိုးခြင်းခံရသည်။

ကိုယ်က အကူအညီတောင်းလျှင် ပေးမည့်လူတွေ အဆင်သင့်၊ ထိုနာမည်ကောင်းကို တန်ဖိုးထားရကောင်းမှန်းမသိဘဲ သိက္ခာကို ဂိုက္ခာနှင့်လဲပြီး အပျော်မက်ပြီး နာမည်ပျက်ခဲ့သော လူ့အဖွဲ့အစည်းတွင် ရှုပ်လျက်နှင့် သေသူဖြစ်သွားလိမ့်မည်။ ထို့ကြောင့် လူငယ်တွေ ဘာတွေပဲရှိရှိ နာမည်တစ်လုံးတော့ မဆုံးရှုံးကြပါစေနဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့ အချိန်တန် တန်ကျလာမယ်

လူ့ဘဝဆိုတာ ဒုက္ခတွေကြားထဲမှာ အောင်မြင်ပျော်ရွှင်အောင် အားထုတ်ကြိုးပမ်းနေရတဲ့ နေရာမို့ ဘယ်သူမှ ဒုက္ခနဲ့ လွတ်လွတ်ကင်းကင်း နေလို့မရပါ။

လောကကြီးမှာ စိတ်ညစ်စရာတွေနဲ့ ကြေကွဲနေထိုင်ရတာမို့ တစ်နေ့မဟုတ်တစ်နေ့ တစ်ချိန်မဟုတ်တစ်ချိန်တော့ အကြီးအကျယ် စိတ်ညစ်စရာ ကြုံရတတ်ပါသည်။

ထိုသို့ ကြုံတွေ့တဲ့အခါ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး ဆိုတာ သတိရပါ။ အခြားလူတွေလည်း ထိုကဲ့သို့ ကြုံတွေ့ကြပြီး အချိန်တန်သောအခါ ကျော်လွှား ဖြတ်သန်းသွားကြစမြဲပါ။

ကိုယ်လည်းအချိန်တန်လျှင် ထိုစိတ်ညစ်စရာစက်ကွင်းမှ လွတ်ကင်းသွားပါလိမ့်မည်။ ထို့ကြောင့် ဘာပဲဖြစ်ဖြစ် စိတ်မညစ်ပါနှင့်။ အချိန်တန် တန်ကျသွားလိမ့်မည်ဟု တိုက်တွန်းအားပေးလိုက်ပါသည်။

**တောင်းသန့် (ဗြိတိသျှစာချုပ်)**

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်ကို မလုပ်ပါနဲ့

You don't have to do more than you are Paid for, but you can push yourself ahead mighty fast by doing it volunturily.

သင့်ကို ပေးထားသော လုပ်ခထက်
သင်ကပို၍ အလုပ်လုပ်ရန်မလိုပါ။
သို့ရာတွင်
ထိုအလုပ်ကို စေတနာပါပါ ဆောင်ရွက်ပေးခြင်းဖြင့်
မိမိကိုယ်ကို ရှေ့ဘက်သို့ လျှင်မြန်စွာ
ရောက်ရှိသွားအောင် တွန်းပို့ပေးနိုင်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# လူမှုဆက်ဆံရေးနည်းလမ်းများ

တစ်ဖက်လူအပေါ်မှာ ရိုးသားစွာ စိတ်ဝင်စားပါ။

တစ်ဖက်လူရဲ့ ပြဿနာကို စိတ်ဝင်စားပါ။

ကိုယ်ကျိုး မကြည့်ရပါ။

သူ့မွေးသက္ကရာဇ်ကို မှတ်ထားပြီး၊ သူ့မွေးနေ့ မရောက်မီ တစ်ရက်အလိုမှာ အသိပေးလိုက်ပါ။ အံ့ဩဝမ်းသာနေပါလိမ့်မည်။

ပြုံးပါ။

အပြုံးဟာ နုံးခွေနေသူကို အားရှိစေပါတယ်။

သောကကို ပြေပျောက်စေပါတယ်။ အပြုံးဟာ ငွေပေးဝယ်လို့ မရသလို ချေးငှားယူလို့လည်း မရပါ။ ပေးတတ်ရင် အသုံးကျတဲ့ ပစ္စည်းတစ်မျိုးပါ။

သူ့နာမည်ကိုမှတ်ထားပါ။ လူဆိုတာ တခြားသူတွေရဲ့ နာမည်ထက် ကိုယ့်နာမည်ကို ပိုစိတ်ဝင်စားသူတွေပါ။ လွယ်လင့်တကူ သူ့နာမည်ကို ရေးပြီးခေါ်လိုက်ပါ။ သူ့သင့်ကို စိတ်ဝင်စားသွား ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြောတာ စိတ်ဝင်တစားနားထောင်ပါ။

ပြောနေသူ ဆက်ပြောနိုင်အောင် တွန်းအားပေးပါ။

တစ်ဖက်လူ အကျိုးရှိမယ့်အချက်က စပြောပါ။ သူစိတ်ဝင်စားတဲ့ သူတန်ဖိုးထားတဲ့ အကြောင်းအရာကို စပြောပါ။

တစ်ဖက်လူ အရေးပါတယ်ဆိုတာ - သူသိအောင် ရိုးသားပြုံးရွှင်စွာပြုပါ၊ ပြောပါ။ တစ်ဖက်လူရဲ့ ကောင်းကွက်ကိုရှာပြီး အားတက်သရော ချီးကျူးပြောဆိုပါ။ ပြောစီပြောခြင်းမဟုတ်ဘဲ ရိုးသားပြုံးရွှင်သောစိတ်ဖြင့် ထုတ်ပြောပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အဆင်ပြေစေဖို့ဆို[illegible]ဂါထာ

ဘဝမှာ အထစ်အငေါ့တွေ မဖြစ်စေချင်ဘူးဆိုရင် အောက်ပါ အတိုင်း လိုက်လုပ်ကြည့်ရအောင်။

- လူတိုင်းနဲ့ သင့်မြတ်အောင် ဆက်ဆံနိုင်ရမယ်။
  ရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါ။
  ကိုယ်သိတာကို လိုရင်းတိုရှင်းအပိုမပါ ပြောပါ။
  အမြဲရိုးသားစွာ ဆက်ဆံပါ။
- တကယ့်တည်ကြည်ခိုင်ညားသူဖြစ်အောင် နေတတ်ရမယ်။
  အဖွဲ့လိုက်၊ အုပ်စုလိုက် လှုပ်ရှားမှုတွေထဲမှာ ကိုယ်တိုင် ပါဝင်ပတ်သက်ရတော့မယ်ဆိုရင် လေးစားအောင်နေ၊ မှုတာစွာဆက်ဆံ တစ်ကိုယ်ကောင်းမဆန်ပါနဲ့။
- ကိုယ့်ကိုဆရာနေရာမှာထားရင် ကိုယ်နဲ့တွဲလုပ်ရမယ့် လူကြီးထဲက စံပြထားမှုတစ်ယောက်ယောက်ကို ရွေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကို ဒီလိုအခြေအနေရောက်အောင် ဘယ်လိုပြုစုပျိုးထောင် သလဲဆိုတော့ ဆရာ့ဝုဏ်ကို သတိရလိုက်ပါ။ အလားတူ ကိုယ့်အဖွဲ့ ကိုလည်း ကိုယ့်တုန်းက ဆရာပြုစုပျိုးပေးခဲ့သလို ပြုစုပျိုးထောင်ပါ။

– မကြာခဏလေ့ကျင့်ပေးပါ။

လုပ်ငန်းခွင်မှာ အမြဲတော်ပြီး တိုးတက်နေပါစေ။

ခေတ်နဲ့လျော်ညီတဲ့ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်နေ ပါစေ။

– လုပ်ငန်းခွင်မှာ အောင်နိုင်ရေးကို အလေးထားပါ။

ကိုယ့်အဖွဲ့သားတွေ နားထောင်ချိုင်ဖို့ အခြားအောင်မြင်တဲ့ သူတွေကို ညှိသည်အဖြစ် ဖိတ်ခေါ်ပြီး၊ ဟောပြော ဆွေးနွေးခိုင်းပါ။

တိုးတက်တဲ့ အမြင်တွေကို လက်ခံပါ။

ဖြင်သင့်တာဖြင်ပြီး၊

အောင်မြင်မှုတွေဆီကနေ အတုယူပါ။

တင်ညွန့်

(လူ့ဝယ်မှုနှင့် လုပ်ငန်းခွင်မှ)

* * *

www.burmeseclassic.com

www.burmeseclassic.com



# လူ့အရည်အသွေး မြှင့်မားစေချင်ပါက

၁။ ကိုယ့်ကျင့်တရားဆိုင်ရာ သတ္တိမွေးမြူပါ။

၂။ အမှန်တရားဘက်မှ အမြဲရပ်တည်ပါ။

ရိုးသားဖြောင့်မတ်မှုကို အပြည့်အဝကျင့်သုံးပါ။

၃။ ကိုယ်ကျင့်တရားနှင့် ပတ်သက်လာလျှင်

မှန်သည်ဟုယုံကြည်သည့်ဘက်မှ ရပ်တည်ပါ။

၄။ ပြောသလိုလုပ်ပါ။

၅ သင်၏ရာထူးနှင့် အာဏာကို အခွင့်ကောင်းယူ၍ အလွဲ

သုံးစား မပြုလုပ်ပါနှင့်။

၆။ သင်လုပ်မပေးနိုင်လျှင် ကတိမပေးပါနှင့်။

၇။ အမှားကိုတွေ့ပြုလျှင် ဝန်ခံရဲပါစေ။

၈။ ဘာကြောင့် ကိုယ်ကျင့်သိက္ခ အရေးကြီးကြောင်းသဘောပေါက်

နားလည်ပါ။

(အောင်သစ်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# လူငယ်နှင့် စာရိတ္တပညာ

စာရိတ္တဟူသည် အမူအကျင့်၊ အလေ့အထကိုယ့်ကျင့်တရားနှင့် ဆက်နွယ်နေသည့်အရာဖြစ်သည်။

ထို့ကြောင့်

စာရိတ္တပညာသည် လူသားတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်ထားစသော ကိုယ်ကျင့်တရားကောင်းများ ရှင်သန်ကြီးပွားရေး၊ မကောင်းသော အကျင့်အကြံ အတွေးအခေါ်၊ အပြုအမူများ ဆိတ်သုန်းရေးတို့ကို လမ်းညွှန်သော မကောင်းတာကို တားမြစ်ပြီး၊ ကောင်းတာကို လမ်းညွှန်သည့် ပညာပင်ဖြစ်သည်။

နိုင်ငံနှင့်လူမျိုးတို့ တိုးတက်ကြီးပွားဖွံ့ဖြိုးရေးတွင် စာရိတ္တသည် အလွန်အရေးပါလှပေသည်။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှသာလျှင် နိုင်ငံနှင့်လူမျိုးသည် ဘက်စုံတိုးတက်မည်သာဖြစ်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံနှင့်လူမျိုး၏ အဓိကအမာခံအင်အားစုသည် လူငယ်ထု ဖြစ်သည်။ ထို့ကြောင့် လူငယ်ထုတစ်ရပ်လုံးအတွင်း၌ စာရိတ္တ ပညာသည်သာ ထာဝရရှင်သန်စိမ့်ဝင်နေရန် အရေးကြီးလှသည်။

လူငယ်တို့၌ ကောင်းမွန်သော စာရိတ္တများ ပြည့်စုံရှင်သန် စေရေးအတွက် မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းတွင် အလေး ပေးထားတာရှိခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု၌ ကြီးသူကို လေးစား၊ ငယ်သူကို သနားဆိုသကဲ့သို့ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကူညီမှု၊ အရိုအသေပေးမှု၊ ဂါရဝနိဂါတ တရားရှိမှုတို့သည် မိရိုးဖလာ အစဉ် အလာပင် ဖြစ်ပေသည်။ ယင်းအစဉ်အလာ ယဉ်ကျေးမှုသည်ပင် စာရိတ္တမဏ္ဍိုင် ဖွံ့ဖြိုးရေး၏ အရင်းအမြစ်ဟု ဆိုနိုင်ပေသည်။

မြန်မာ့စာပေသမိုင်း လူမှုရေးရေးသူက အမြင်တို့တွင် လူမှုရေး ဆိုင်ရာ တာဝန်သတ်မှတ်မှုများကို စာပေအဖွဲ့အနွဲ့များ၌ တွေ့ရသည်။ အထူးသဖြင့် မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင်သားကျင့်ဝတ်၊ မယားကျင့်ဝတ်စသည်ဖြင့် သတ်မှတ်ကျင့်ဆောင်ခဲ့ကြသည်။

လူငယ်တို့၏ စာရိတ္တပညာဖွံ့ဖြိုးရေးအတွက် သင်ကြားမှု ဆောင်ရွက်မှုတို့သည် ရှေးမြန်မာခေတ်အဆက်ဆက်ကပင် စတင်၍

www.burmeseclassic.com

www.burmeseclassic.com



စ်တပ်တစ်အား ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုနိုင်ပေသည်။

ငယ်ရွယ်စဉ် ကျောင်းသားဘဝ၌ ဆရာများက စာရိတ္တပညာ ည့်စုံရေးအတွက် သင်ကြားပေးခဲ့ကြသည်။ ဆုံးမခဲ့ကြသည်။ မ်းညွှန်ခဲ့ကြသည်။ စာဆိုရှင်တို့ကလည်း လူငယ်စာရိတ္တပညာ ထိန်းသိမ်းရေးအတွက် စာပေရေးသားခြင်းဖြင့် ဆုံးမပဲ့ပြင်မှု ပြုခဲ့ကြသည်။

ထို့ကြောင့်

မြန်မာ့စာပေသမိုင်းတွင် တွေ့ရသော ဆုံးမစာတို့သည် စာရိတ္တ ပညာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစာပေများ ဖြစ်နေတော့ သည်။

စာရိတ္တပညာဖွံ့ဖြိုးရေး စာပေဆုံးမစာများကို အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တိုင်အောင် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်တို့သည် ရေးဖွဲ့ခဲ့ကြသည်။

၁ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသဆရာတော်၊ ရှင်မဟာရဋ္ဌ သာရဆရာတော်တို့၏ ဆုံးမစာ၊ ညောင်ရမ်းခေတ်တွင် တောင်ဖီလာ ဆရာတော်၏ ဆုံးမစာ၊ ကုန်းဘောင်ခေတ်တွင် စိန္တကျော်သူဦးဩ၊ အတုလဆရာတော်ခင်ကြီးဖျော်၊ သင်္ဂဟဆရာတော်၊ စဉ့်ကူဆရာတော် ဦးပညာ ညောင်ပင်သာ ဦးပုညစသည်တို့၏ ဆုံးမစာများသည်

www.burmeseclassic.com

www.burmeseclassic.com



စာရိတ္တပညာကို အလေးထားခဲ့သော စာကောင်းပေမွန်များ ဖြစ်ကြပေသည်။

ကျောင်းသူ၊ ကျောင်းသား၊ လူငယ်တို့အား လိမ္မာရေးခြား ရှိစေရေး၊ စည်းကမ်းရှိရေး၊ လမ်းမှားမလိုက်စေရေးတို့အတွက် စာရိတ္တဖွံ့ဖြိုးစေရန် ကျောင်းများတွင် အခြေခံစာရိတ္တပညာရပ်အဖြစ် ပြည်သူ့နီတိနှင့် ကျန်းမာရေး၊ ပညာရပ်တို့ကို သင်ကြားပေးခဲ့သည်။

ကျောင်းသားလူငယ်တို့၏ စာရိတ္တပညာကြံ့ခိုင်မှုသည် နိုင်ငံနှင့် လူမျိုးအတွက် ပဓာနအင်အားကြီးတစ်ရပ်ဖြစ်သည့် အားလျော်စွာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဟောပြော ဆုံးမပေးနေခြင်း ဖြစ်သည်။

စာရိတ္တပညာဖွံ့ဖြိုးရေးအတွက် ဟောပြောပညာပေးရေး လုပ်ငန်းသည် နိုင်ငံနှင့်လူမျိုးအတွက် အလွန်အရေးပါသော လုပ်ငန်းစဉ် ဖြစ်သည်။

လူငယ်ကျောင်းသားတို့အား စာရိတ္တဟူသော ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် အုတ်မြစ်ချကာ ဟောပြောပေးခြင်း များကို အမြဲမပြတ်ဆောင်ရွက်ပေးသင့်ကြသည်။

ကျောင်းသားလူငယ်တို့ စာရိတ္တမဏ္ဍိုင်ဖွံ့ဖြိုးကြံ့ခိုင်မှုအား ကောင်းသည်နှင့်အမျှ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်

လူငယ်တို့အား စာရိတ္တများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟောပြောပညာပေးခြင်းလုပ်ငန်းသည် အနှစ်သာရနှင့် ပြည့်စုံသော လုပ်ငန်းကြီး တစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဝင်းဇော် (ဘုံးဆော)

* * *

www.burmeseclassic.com

www.burmeseclassic.com



# တစ်ယောက်တည်း

ငါဟာတစ်ယောက်တည်းသာမားပါ။

ဒါပေမယ့် တစ်ယောက်အားတော့ ဖြစ်နေသေးတယ်။

အားလုံးကို ငါမလုပ်နိုင်ပါဘူး။

ဒါပေမယ့် တချို့ကိုတော့ လုပ်နိုင်ပါတယ်။

အားလုံးကို မလုပ်နိုင်တာနဲ့ပဲ

ငါလုပ်နိုင်တဲ့ တစ်စုံတစ်ရာလုပ်ဖို့ကိုတော့

ရှောင်လွှဲလိမ့်မယ် မဟုတ်ဘူး။

I am only one, but still I am one I cannot do every thing but still. I can do something; and because I cannot do everything I will not refuse to do the something that I can do.

(မောင်မြင့်ဇော်)

* * *

www.burmeseclassic.com

www.burmeseclassic.com



# လူငယ်နှင့် အချိန်

လူတစ်ယောက်၏ဘဝတွင် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးမျိုးရှိပါသည်။

ထိုအရွယ်သုံးပါးတွင် ပထမအရွယ်ဖြစ်သည့် လူငယ်ဘဝသည် အရေးအကြီးဆုံးအချိန်ဖြစ်ပါသည်။

BURMESE CLASSIC

လူတစ်ယောက်အား အဆောက်အအုံအဖြစ်သဘောထားလျှင် လူငယ်ဘဝသည် ထိုအဆောက်အအုံ၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်။ အုတ်မြစ်မခိုင်မာသော အဆောက်အအုံတစ်ခုသည် ခိုင်မြဲစွာ တည်တံ့နေစေရန် မစွမ်းသာပါ။

ထို့အတူ

လူငယ်ဘဝတွင် အခြေခံမကောင်းခဲ့သောသူတစ်ယောက်သည် လည်း ဘဝတစ်လျှောက်လုံးတွင် အောင်မြင်မှုများ ရနိုင်ရန် စွမ်းဆောင်နိုင်မည် မဟုတ်ပါ။ လူငယ်ဆိုသည်မှာ တစ်ချိန်တွင် တိုင်းပြည်၏ ဦးဆောင်သူများဖြစ်လာမည် ဖြစ်သည့်အတွက် လူငယ်များ၏အနာဂတ်သည် တိုင်းပြည်၏အနာဂတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ဘဝတွင် အရေးကြီးဆုံးအရာသည် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးပင်ဖြစ်သည်။ အချိန်ဆိုသည်မှာ လူတစ်ယောက်အတွက် အစားထိုးပြန်မရနိုင်သည့် အရာတစ်ခုဖြစ်သည်။

လူငယ်ဘဝသည် အချိန်ကို ပေါပေါများများရရှိနိုင်သည့် အရွယ်ဖြစ်ပြီး၊ ထိုအချိန်တွင် မိမိ၏တန်ဖိုးရှိသောအချိန်များကို ကောင်းမွန်အကျိုးရှိစွာ အသုံးချရမည့်အချိန်ဖြစ်ပါသည်။

လူငယ်ဘဝတွင် အချိန်ကို ကောင်းမွန်စွာ အသုံးချနိုင်မည်ဆိုပါက အောင်မြင်မှုများကို ရရှိခံစားနိုင်ပါသည်။

BURMESE CLASSIC

ထို့အတူ

လူငယ်ဘဝတွင် ရရှိခဲ့သောအချိန်များကို တန်ဖိုးမဲ့စွာ ဖြုန်းတီးခဲ့ပါကလည်း တစ်ချိန်ချိန်တွင် နောင်တတရား၏နှိပ်စက်မှုဒဏ်ကို ခံစားရပါလိမ့်မည်။ အချိန်ကို အကျိုးမဲ့ ဖြုန်းတီးခြင်းသည် မိမိဘဝကို မိမိလက်ဖြင့် ဖျက်ဆီးခြင်းပင်ဖြစ်သည်။

***(Daily Eleven)***

* * *

www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်ပညာရှိစကား

လုပ်သင့်သောအလုပ်ကို စောစောလုပ်လေ အကျိုးရှိလေ၊ ပြောသင့်သောစကားကို အသေးစိတ်ပြောလေ အကျိုးရှိလေ။

မိမိတက်သိသလောက် မိမိခွန်အားရှိသလောက် အကောင်းဆုံးစွမ်းဆောင်လျှင် လူ့ဘဝတာဝန်ကျေပါပြီ။

BURMESE CLASSIC

အရည်အချင်းပြည့်လျှင် အလုပ်က ကိုယ့်ကို လာရှာလိမ့်မည်။ အရည်အချင်းမပြည့်လျှင် ကိုယ်က အလုပ်ကို လိုက်ရှာရမည်။

မိမိပြောသောစကားများ အကျိုးမထင်ခြင်းမှာ ပညာနှင့်ကိုယ်ကျင့်တရား မလုံလောက်သည်ကိုပြ၏။

မိမိလုပ်သောအလုပ်များ အကျိုးမထင်ခြင်းမှာ အရည်အချင်းစွမ်းဆောင်ရည် မလုံလောက်သည်ကိုပြ၏။

* * *



www.burmeseclassic.com